www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း


- ပုံနှိပ်သူ
ဦးကျော်ဌေးမင်း (၀၅၉၉၂)
အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

- ထုတ်ဝေသူ
ဦးအောင်မိုး(ယာယီ-၁၄၆၃)
အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

- ဖြန့်ချိရေး
ရတနာသိုက်စာပေတိုက်
အမှတ်-၁၅၂(ပ-ထပ်)၊ ဗိုလ်ချုပ်လမ်း ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃


www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
အောင်မိုး

ကွန်ပျူတာ
ဆုအေးအောင်၊ ကြည်စိုးဟန်

ဖလင်
Empire

စာအုပ်ချုပ်
ကိုတင်အေး(လှိုင်)

ပုံနှိပ်ခြင်း
၂၀၁၂ ဒီဇင်ဘာလ

အုပ်ရေ
၁၀၀၀

တန်ဖိုး
၂၂၀၀ ကျပ်

၈၉၅.၈၃
သတိုးဝေဇ၊ စာရေးဆရာ
ကမ္ဘာပျက်ရက်စွဲ
သတိုးဝေဇ။ ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၁၂
စာ - ၁၈၂၊ ၁၂.၅ x ၂၀ စင်တီမီတာ
(၁) ကမ္ဘာပျက်ရက်စွဲ

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁ )

သတင်းစာဆရာ ဦးဖေသိန်းသည် သူ့ရိယာသတင်းစာ အယ်ဒီတာ၏ စေခိုင်းချက်ကြောင့် ထူးဆန်းသော မှုခင်းတစ်ခု အကြောင်းကို သတင်းယူရန် ရန်ကုန်မြို့ အစွန်အဖျားမှ ကမာရွတ်ဟူသော ရွာကလေး တစ်ရွာသို့ ထွက်လာခဲ့သည်။

ထိုခေတ်အခါကာလက သိမ်ကြီးဈေးမှနေ၍ နဂါးတံဆိပ် ဘတ်စ်ကားကို စီးလျှင် ကမာရွတ်ရွာဘက်သို့ ရောက်၏။ ရွာထဲတွင် လူအများ စိတ်ဝင်တစားနှင့် အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြသဖြင့် ထူးဆန်းသော ရာဇဝတ်မှုဖြစ်ပွားရာ အိမ်ကို အထူးတလည် မေးမြန်း ရှာဖွေနေစရာမလိုဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခင်းဖြစ်ပွားရာအိမ်သို့ ရောက်သည်နှင့် သတင်းစာဆရာ ဦးဖေသိန်းသည် သူ၏ထုံးစံအတိုင်း ဗိုလ်လသာ ဆေးပြင်းလိပ်ကြီးကို မီးရဲနေအောင် ဖွာရှိုက်လိုက်ပြီး အိမ်ရှင်ဖြစ်သူ မြင်းလှည်းဆရာ ဦးဖြိုးကို မေးမြန်းတော့သည်။

ဦးဖြိုးက–

"မြင်တဲ့အတိုင်းပဲ ... ကျုပ်က မြင်းလှည်းဆရာဆိုတော့ ချမ်းချမ်းသာသာရှိလှတာ မဟုတ်ဘူး။ ဘာကြောင့်များ ကျုပ်အိမ်ကိုမှ ဓားပြက ရွေးပြီး တိုက်ရတာလဲမသိပါဘူးဗျာ ..."

ဦးဖေသိန်းက ဗိုလ်လသာဆေးပြင်းလိပ်ကြီးကို လက်ညှိုးနှင့် လက်ခလယ်ညှပ်ကာ ပါးစပ်မှ ဆွဲချွတ်လိုက်ရင်း

"ဒါနဲ့ ဘာတွေ ပါသွားသေးလဲဗျ ...၊ အတွင်းပစ္စည်းတွေ ရော ဘယ်လောက်များများ ပါသွားလဲ ..."

ထိုမေးခွန်းကို မေးလိုက်သည်နှင့် မြင်းလှည်းဆရာ ဦးဖြိုးမှာ ..

"ဘယ်ကလာဗျာ ... ကြိကြိဖန်ဖန်၊ မြင်းလှည်းဆရာဆီမှာ အဖိုးတန်ပစ္စည်း ဘယ်ရှိမှာလဲ... ဓားပြတိုက်ခံလိုက်ရတာက ရေနံဆီ မှန်အိမ်ကလေးဗျ"

"ဗျာ ..."

သတင်းစာဆရာ ဦးဖေသိန်း၏ နှုတ်မှ တအံ့တသြရေရွတ်လိုက်သံကြောင့် ပါးစပ်ထဲမှာငုံထားသော ဆေးပြင်းလိပ်မီးခိုးငွေ့တွေ ဗလုံးဗထွေးနှင့် လွင့်ထွက်ကုန်၏။ ထို့နောက် ဦးဖေသိန်းက ..



www.burmeseclassic.com

www.burmeseclassic.com



"ရေနံ့ဆီမွှန်အိမ်ကို လိုချင်လို့ ဓားပြလာတိုက်တယ် ဟုတ်လား ..."

"ဟုတ်တယ် ... ဓားပြက တစ်ကိုယ်တော် ဓားပြဗျ။ အိမ်ပေါ်ကို စတက်လာကတည်းက ကျုပ်ကို ဘာငွေကြေးမှမတောင်းဘဲ ရေနံ့ဆီမွှန်အိမ်လေးကို အတင်းတောင်းတယ်လေ။ ကျုပ်လည်း ဘာမဟုတ်တဲ့ ပစ္စည်းလေးနဲ့ ... အသက်ကိုတော့ ဘယ်အသေခံလိမ့်မလဲ။ ရှောရှောရှူရှူပေးလိုက်ရတာပေါ့ ...။ ပိုဆိုးတာက အဲဒီဓားပြက ကျုပ်ပေးလိုက်တဲ့ ရေနံဆီ မီးအိမ်လေးကို ရရချင်း ကြမ်းပြင်ပေါ် ပေါက်ခွဲချလိုက်တာ.. ဟောဟိုမှာ မှန်ကွဲစတွေလေ၊ မြင်တဲ့အတိုင်းပဲ"

ဦးဖေသိန်းက မြင်းလှည်းဆရာဦးဖြိုး လက်ညှိုးထိုးပြရာ ကြမ်းပြင်ပေါ်သို့ ကြည့်လိုက်သောအခါ မှန်အကွဲစများ ဖွေးဖွေးလှုပ်နေပြီး မှန်အိမ်၏ဘေးမှ သံတိုင်နှစ်ချောင်းမှာ တွန့်လိမ်ကွေးကောက်လျက် ရှိနေသည်။

မြင်းလှည်းဆရာက ဆက်ပြီး ...

"အဲဒီလို မှန်အိမ်ကို ပေါက်ခွဲလိုက်ပြီးတာနဲ့ ကျွတ်ထွက်သွားတဲ့ မီးစာလှည့်တဲ့ အဝိုင်းပြားလေးကို ကပျာကယာ ကောက်ယူပြီး အိမ်ပေါ်က ပြန်ဆင်းသွားတော့တာပဲ ဆရာရေ..."

"အလို... ထူးဆန်းလှချေလား..."

မြင်းလှည်းဆရာ၏ စကားအဆုံးတွင် သတင်းစာဆရာ ဦးဖေသိန်းမှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွား၏။ ထို့နောက် ဦးဖေသိန်းက



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အဲဒီမှန်အိမ်လေးကို ခင်ဗျား ဘယ်က ဝယ်လာခဲ့တာလဲဗျ…"

"ဝယ်ခဲ့တာ မဟုတ်ပါဘူး… လွန်ခဲ့တဲ့ နှစ်ရက်လောက်က ညကြီးမင်းကြီး လူအင်မတန်ပြတ်တဲ့ ခရစ်လမ်း (ယခု ဗိုလ်မြတ်ထွန်း) လမ်းဘက်ကို ခရီးသည်လိုက်ပို့ရင်း အပြန်မှာ ကောက်ရခဲ့တာဗျ… "

ထွေရာလေးပါး စုံစမ်းရင်း မေးစရာများ ကုန်ဆုံးသည့်အခါ ဦးဖေသိန်းလည်း ပတ်ဝန်းကျင်ကို စနည်းနာရန် မြင်းလှည်းဆရာ၏ အိမ်နီးချင်းများကို လှည့်လည်မေးမြန်းရပြန်သည်။

လမ်းပေါ်တွင် ရုတ်ရုတ်သဲသဲဖြစ်နေသော လူစုကြီးကလည်း ထင်ရာမြင်ရာများကို တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ အထူးသဖြင့် စိန်တိုက်တွေ၊ ဘဏ်တိုက်တွေကို ဓားပြမတိုက်ဘဲ မြင်းလှည်းဆရာအိမ်မှ ရေနံဆီမှန်အိမ်ကိုမှ ဓားပြတိုက်ယူသွားသည်ဟူသော သတင်းကြောင့် အားလုံး၏ ပါးစပ်များ၌ အံ့ဩဘနန်း ဖြစ်နေကြသည်။

အဘွားကြီးတစ်ယောက်ကလည်း တဘက်ခြုံစောင် ကွက်ကျားကြီးကို ခေါင်းပေါ်ပတ်ခြုံလိုက်ရင်း…

"အလိုတော်… ကျုပ် တစ်သက်နဲ့တစ်ကိုယ် ကြားဖူးပေါင်တော်။ ရေနံဆီမီးအိမ်က မီးစာလှည့်တဲ့ ခလုတ်ကိုမှ လိုချင်လို့ အိမ်ပေါ်တက်၊ ဓားပြတိုက်တယ်ဆိုတာ…"

ထိုသို့ ရုတ်ရုတ်သဲသဲဖြစ်နေသည့် လူအုပ်များကြားမှ သင်္ကြန်ဆရာလိုလို၊ ဘုန်းကြီးလူထွက်လိုလို လူတစ်ယောက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ကြီးကိုက 'ဆုတ်'ခေတ်ကြီးကိုးဗျ ... 'ကလိယုတ် ဆုတ်ကပ်' ဆိုတာ မကြားဖူးကြဘူးလား။ ခင်ဗျားတို့ အဲဒါ ခက်တာပဲ၊ လောကကြီးက တဖြည်းဖြည်း ယိုယွင်းပျက်စီး လာနေပြီဗျ"

ဟု သူသိသူတတ်ဟန်ဖြင့် လျှောက်ပြောနေလေ၏။ ထိုအခါ နံဘေးမှလူများကလည်း သူသိသလို သိကြပါသည်ဟု ပြလိုသော ကြောင့်လားမသိ၊ ခေါင်းတညိတ်ညိတ်နှင့် အလုအယက် ဝိုင်းဝန်း ထောက်ခံကြလေသည်။

ဦးဖေသိန်းကတော့ ထိုလူစု၏ နားကလောဖွယ်ကောင်းလှ သော လေသံဟန်ပန်အမူအရာနှင့်တကွ (ဓားပြမှုနှင့် လားလားမှ မသက်ဆိုင်ဘဲ) မဆီမဆိုင် ခေတ်ကာလကြီးကိုသာ ဝိုင်းဝန်းအပြစ် တင်နေကြသည့် အတွေးအခေါ်၊ အယူအဆတို့ကို အမြင်ကတ်၍ မဆုံး တော့။

ဒီကြားထဲ ဘုရားကိုးသူဆရာဂိုက်ဖမ်းနေသော လူတစ်ယောက် က

"ဟုတ်ပဗျာ... ဘုရားသာသနာကွယ်ပြီး သိကြားသာသနာ ရောက်တော့မှာဆိုတော့ ဒီလို ဓားပြမှုတွေကြားရတာ ဘာ ဆန်းသလဲ"

ဟု ပြောလိုက်လေရာ ဦးဖေသိန်းက စိတ်ထဲမှနေ၍...

'ဓားပြဆိုတာ ဘုရားလက်ထက်ကတည်းက ရှိခဲ့တာမဟုတ် ဘူးလား'ဟု ဝင်ပြီး မေးချင်စိတ်တွေ ပေါ်လာပြန်လေ၏။ သို့သော် မိမိအလုပ်က လူအများနှင့် ပေါင်းသင်းဆက်ဆံရမည့် သတင်းထောက်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဖြစ်နေသောကြောင့် အချေအတင်ဖြစ်မည့် မေးခွန်းတို့ကို ရင်ထဲတွင် မနည်းမျိုသိပ်ထားရ၏။

ထိုအခိုက်အတန့်တွင်ပင်...

ဦးဖေသိန်း၏ အာရုံတွေကို ရုတ်တရက် ဆွဲဆောင်လိုက်သည့် ခပ်ဝဲဝဲအသံတစ်ခုက လူအုပ်၏ နောက်နားဘက် ခပ်ကျကျဆီမှ ထွက်ပေါ်လာလေသည်။

"ဆုတ်ကပ်ကိုရောက်လာပြီတို့..၊ သိကြားသာသနာ ရောက်တော့မှာတို့၊ ဘာညာနဲ့ ရောယောင်ဖြီးဖြန်းမနေကြစမ်းပါနဲ့ဗျာ။ ကျုပ်ကတော့ အတိအကျသမားမို့လို့ အတိအကျပဲ ပြောလိုက်မယ်၊ ဟောဒီနေ့ကစပြီး ရေတွက်ရင် နောက်ထပ်နှစ်ပေါင်း ရှစ်ဆယ့်ငါးနှစ်ပြည့်တဲ့အချိန်...၊ ဒီဇင်ဘာလနှစ်ဆယ့်တစ်ရက်နေ့ ညသန်းခေါင်ယံတိတိမှာ ကမ္ဘာကြီးဟာ လုံးဝပျက်စီးသွားလိမ့်မယ်ဗျို့"

ထူးဆန်းကြောက်မက်ဖွယ်ကောင်းသော ထိုစကားကို ပြောလိုက်သူမှာ ပတ္တူအင်္ကျီစ ခပ်နွမ်းနွမ်းကို မတော်တရော်ဝတ်ဆင်ထားပြီး အနားစတွေ ဖွာလန်ကြဲစုတ်ပြတ်နေသည့် ဘောင်းဘီရှည်ပွပွကြီး တစ်ထည်ကိုလည်း ခါးတစ်ဝိုက်တွင် ရှုံ့တွနေအောင် ကြိုးဖြင့် စုချည်ထား၏။ လူပုံစံမှာ အသားဖြူဖပ်ဖြူရော် အရပ်ပုပျပ်ပျပ်နှင့် မဖြီးမသင်ထားသော ဆံပင်များကြောင့် တရုတ်ဘိန်းစားတစ်ယောက်နှင့်ပင် ပိုပြီးတူနေ၏။

ထိုသူ၏ ပေါက်ကရစကားကြောင့် အနီးပတ်ဝန်းကျင်မှ လူတချို့က သူ့အား တွန်းထိုးမောင်းထုတ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်းကတော့ ထိုတရုတ်ဘိန်းစားကြီး ပြောလိုက်သည့်စကားကြောင့် ရင်ထဲတွင် ထင့်ခနဲဖြစ်သွားပြီး ယခုရောက်ရှိနေသည့် တစ်ထောင်ကိုးရာနှစ်ဆယ့်ခွန်နှစ်ခုနှစ်နှင့် တရုတ်ဘိန်းစားကြီးပြောသည့် ရှစ်ဆယ့်ငါးနှစ်ကို စိတ်ထဲတွင် ထပ်ဖြည့်ပေါင်းထည့်ကြည့်လိုက်ရာ... နှစ်ထောင့်ဆယ့်နှစ်ခုနှစ်၊ ဒီဇင်ဘာလ၊ နှစ်ဆယ့်တစ်ရက်ကို ဆိုလိုနေမှန်း သိလိုက်ရသည်။

ထိုအချိန်တွင် မိမိမှာ လူပြည်၌ မရှိနိုင်တော့သည့်တိုင် ကမ္ဘာကြီး၏သက်တမ်းသည် နောက်များမကြာလှသော နှစ်ပေါင်းတစ်ရာလောက်အတွင်း လုံးဝပျက်စီးသွားတော့မည်ကို သိလိုက်ရသောအခါ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။


တရုတ်ဘိန်းစားမှာလည်း လူတွေ မောင်းထုတ်တွန်းထိုးနေသည့်ကြားက ပေကတ်ကတ်နှင့် ထွက်မသွားသေးဘဲ သူ့လက်ထဲက တုတ်ဖြင့် မြေကြီးပေါ်တွင် အောက်ပါအတိုင်း ရေးခြစ်ပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ အားလုံးကြည့်ထားကြ . . . ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်ကျရင် စကြဝဠာကြီးထဲမှာ ကျုပ်တို့ 'ကမ္ဘာမြေ' ရဲ့ ဝင်ရိုးဟာ ပောာဒီပုံစံအတိုင်း ပြောင်းလဲသွားလိမ့်မယ်။ အဲဒီအခါ အပြင်းအလုန်ဆွဲငင်အားတွေနဲ့ အပူချိန်တွေ ကျရောက်လာမှာဗျ။ အဲဒီနောက်တော့ ကမ္ဘာကြီးဟာ နဂါးငွေ့တန်းရဲ့ ဗဟိုချက်တည့်တည့်ကိုရောက်ပြီး ကမ္ဘာကြီး ပျက်စီးသွားလိမ့်မယ်"

ထိုတရုတ်ဘိန်းစားကြီး၏ နံဘေးမှာ ရပ်နေကြသည့် လူတွေက သူ့ကို ရိုက်မောင်း၊ ပုတ်မောင်းလုပ်ကြကာ တွန်းထိုးကန်ကျောက်ပြီး နှင်ထုတ်ကြသည်။

"ဟေ့ကောင် ဘိန်းစား . . . နိမိတ်မရှိ နမာမရှိတွေ လာပြောမနေနဲ့။ မင်း ဒီနေရာက အခု ထွက်သွားစမ်း"

"ရိုက်ကွာ . . . ရိုက်စမ်း . . . အဲဒီ အရူးဘိန်းစားကို"

သိပ်မကြာလိုက် . . .

တရုတ်ဘိန်းစားကြီးမှာ လူအုပ်ကြီးနားမှနေ၍ တွန့်ဆုတ်တွန့်ဆုတ် ခြေလှမ်းများဖြင့် လှည့်ထွက်သွားတော့သည်။

ဦးဖေသိန်းက လူအုပ်ကြီးအနီးမှ တရွေ့ရွေ့ထွက်ခွာသွားသော တရုတ်ဘိန်းစားကြီး၏ ကျောပြင်ကိုကြည့်ကာ ကမ္ဘာ၊ နေနှင့် စကြဝဠာတွေ၏ ရှုပ်ထွေးပွေလီသော အကြောင်းကိစ္စတွေကြောင့် သူ့ခေါင်းထဲတွင် တအုံနွေးနွေး ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် သူ့ခြေလှမ်းတွေက တရုတ်ဘိန်းစားကြီး နောက်သို့လိုက်ကာ ထိုအကြောင်းတွေကို မေးမည်ကြံပြီးကာမှ

"ဒီလူ စိတ်နောက်ပြီး ထင်ရာတွေ လျှောက်ပြောနေတာကို ငါလို သတင်းစာဆရာ ရင့်မာကြီးတစ်ယောက်က အဟုတ် မှတ်ပြီး လိုက်မေးတယ်ဆိုတာ ဘယ်နည်းနဲ့မှ မသင့်တော် ဘူး။ နောက်ပြီး စိတ်မနှံ့တဲ့ ဘိန်းစားတစ်ယောက်ဆီက သတင်းယူမိလို့ လူကဲ့ရဲ့စရာ ဖြစ်နေပါဦးမယ်"

ဦးဖေသိန်းမှာ တရုတ်ဘိန်းစားကြီးပြောသွားသည့် အကြောင်း တွေကို သိလည်းသိချင်၊ လိုက်မေးရန် သင့်၊ မသင့်တို့ကိုလည်း စဉ်းစား နေရင်း သူ့ခေါင်းတစ်ခုလုံး ရှုပ်ထွေးနောက်ကျိနေမိလေသည်။

ထိုအချိန်မှာပင် ဦးဖေသိန်း၏ ပခုံးကို နောက်ကျောဘက်ဆီမှ တစ်စုံတစ်ယောက်က လှမ်းပုတ်လိုက်လေ၏။

ချက်ချင်းဆိုသလို ဆတ်ခနဲ နောက်လှည့်ကြည့်လိုက်ရာ အင်းစိန်စီအိုင်ဒီမှ အိုင်အို ရာထူးအဆင့် ယူနီဖောင်းဝတ် လူတစ်ယောက် ကို တွေ့လိုက်ရလေသည်။ ထိုသူ၏ ဆူထွက်နေသော ဗိုက်အိုးကြီး၏ အောက်တွင် ကာကီရောင်ယူနီဖောင်းက ကြယ်သီးများ ပြုတ်ထွက်လု ခမန်း တင်းကျပ်ကျပ်ဖြစ်နေ၏။

ထိုသူက ဦးဖေသိန်း၏မျက်နှာကို စေ့စေ့ကြည့်ရင်း

"ကိုယ့်လူက သတင်းထောက် ကိုဖေသိန်းမှတ်တယ်"

"ဟုတ်ပါတယ်။ ဒါနဲ့ ဘာကိစ္စများရှိလို့လဲ အိုင်အိုကြီး"

ဦးဖေသိန်းက ထိုသူဝတ်ဆင်ထားသည့် ယူနီဖောင်းနှင့် ရာထူး ကိုကြည့်ကာ အလိုက်သင့် ပြန်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်က ဟောဒီ ကမာရွတ်ရွာက မားပြမှုကို စုံစမ်းဖို့လာတဲ့ စီအိုင်ဒီက အိုင်အို ထွန်းအုပ်ပါပဲ။ လူတစ်ယောက်က ဒီအနီး တစ်ဝိုက်မှာ ကိုဖေသိန်းဆိုတဲ့ သတင်းထောက်များတွေ့ရင် ဟောဒီစာကလေး ပေးလိုက်စမ်းပါဆိုပြီး လူကြုံပါးလိုက်လို့"

ပြောပြောဆိုဆိုနှင့် အိုင်အို ထွန်းအုပ်ဆိုသူ ကမ်းပေးလိုက်သည့်စာကို ဦးဖေသိန်းက ဖွင့်ဖတ်ကြည့်လိုက်သောအခါ

*"ကိုယ့်လူ . . .*

*ကမ္ဘာကြီးပျက်မယ်ဆိုတဲ့သတင်းကို ကြားလိုက်ရလို့ သိပ်ပြီး ကယောင်ချောက်ချားဖြစ်နေသလား။ အသေးစိတ်သိချင်ရင် တော့ ချာချီလမ်းက ကျုပ်အိမ်ကြီးကို ဒီည လာခဲ့ပေတော့ဗျို့။ အခု ဒီစာကိုယူလာပေးတဲ့ အိုင်အိုထွန်းအုပ်ကိုပါ တစ်ပါတည်း ခေါ်လာခဲ့ပါ။*

*ဟသ်ာ "*

စာအဆုံးတွင် လက်မှတ်ထိုးထားသည့် 'ဟသ်ာ'ဆိုသည့်နာမည် ကို ကြည့်လိုက်မိသည်နှင့် ဦးဖေသိန်း၏နှုတ်မှ

'အလို . . .' ဟု ယောင်ယမ်းအော်ဟစ်မိလေတော့သည်။

ထို့နောက် ဦးဖေသိန်းက

"ဟင် . . . ဒီ . . . ဒီ ကိုဟသ်ာဆိုတာ အလောင်းမင်းတရား ကြီးရဲ့ မြင်းရည်တက် ခြောက်ဆယ့်လေးယောက်ထဲက မင်းခေါင်နော်ရထာဘွဲ့ခံ ဗိုလ်တွန်ရဲ့အဆက်အနွယ်၊ ကမ္ဘာ့ရဲ့


www.burmeseclassic.com

www.burmeseclassic.com



ရတနာသိုက်တွေကို လိုက်တူးဖော်နေတဲ့ လူစွန့်စားကြီး ကိုဟာသ်ာများလား ခင်ဗျာ"

အိုင်အိုထွန်းအုပ် ဆိုသူမှာလည်း ပြည့်တင်းဖောင်းကားနေသည့် သူ့မျက်နှာကြီးကို ပြုံးဖြဲဖြဲလုပ်ရင်း

"အစစ်ပေါ့ ကိုယ့်လူရာ၊ ရောမမြို့မှာရှိတဲ့ အလင်းတော်ဂိုဏ်းထဲက ဂိုဏ်းချုပ် ဂယ်လီလီယိုဆိုတဲ့ သိပ္ပံပညာရှင်ရဲ့ ဂူသင်္ချိုင်းကို တွေ့အောင်ရှာပြီး မက်ဂျစ်စကဲ့ယားတွေရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ခဲ့တဲ့ လူထူးလူဆန်းကြီးပေါ့ဗျာ"

ကိုဟာသ်ာ၏နာမည်ကို ကြားလိုက်ရသည်နှင့် ဦးဖေသိန်း၏ စိတ်က ချက်ချင်းပင် ပြေးပြီး တွေ့ချင်လာမိသည်။

ဟိုယခင် သတင်းစာဆရာဘဝ မရောက်ခင်က ကိုဟာသ်ာနှင့် အတူ မြန်မာပြည် တစ်နံတစ်လျားကိုလိုက်ပါပြီး ဘုမ္မိရတ်ပညာတွေကို သင်ယူကာ နယ်ပယ်အသီးသီးတွင်ရှိသည့် မြေအောက်မှာ တိမ်မြုပ်ပျောက်ကွယ်သော ဓနသိုက်၊ ပညာသိုက် သိုက်အမျိုးမျိုးတို့ကို လိုက်လံတူးဖော်ခဲ့ကြသည်ကို ပြန်သတိရလာမိသည်။

"ကဲ... ကိုဖေသိန်းရေ... ကျုပ်ကတော့ အချိန်ကလေးရှိတုန်း စီအိုင်ဒီကိုပြန်ပြီး အစီရင်ခံရဦးမှာမို့ ခွင့်ပြုဦးဗျာ"

ဦးဖေသိန်း၏ အတွေးစတွေက အချိန်ဘယ်လောက်ကြာသွားသည်မသိ၊ အိုင်အိုထွန်းအုပ်၏နှုတ်ဆက်စကားကြောင့် သတိပြန်ဝင်လာပြီး ...

"နေစမ်းပါဦး ကိုထွန်းအုပ်ရဲ့၊ ဒီစာထဲမှာ ကိုဟာသ်ာက ခင်ဗျားနဲ့ ကျုပ်ကို သူ့အိမ်လာဖို့ ညဘက်မှာ ချိန်းထားတယ်ဆို...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ"

အိုင်အိုထွန်းအုပ်က ကာကီရောင်ဘောင်းဘီတို၏ ဘေးအိတ်နှစ်ဖက်ထဲသို့ သူ့လက်နှစ်ဖက်ကို ထိုးနှိုက်လိုက်ရင်း

"ခင်ဗျားသာ အိမ်က အဆင်သင့်ဖြစ်အောင် စောင့်နေပါ။ ကျုပ် ကားနဲ့လာခေါ်ပါ့မယ်"

အိုင်အိုထွန်းအုပ်၏ စကားကြောင့် ဦးဖေသိန်းမှာ တအံ့တသြ ဖြစ်သွားကာ

"အလို ... ခင်ဗျားက ကျုပ်အိမ်ကို သိနေတယ်ပေါ့ ... ဟုတ်လား"

အိုင်အိုထွန်းအုပ်မှာ သူ၏ ငွေကွပ်ထားသော အနံ့ဒါဘိုး ဆေးတံကို ပါးစပ်မှချွတ်လိုက်ပြီး တဟဲဟဲရယ်လိုက်ရင်း

"ကျုပ်က စုံထောက်တစ်ယောက် ဖြစ်တယ်ဆိုတာ ကိုဖေသိန်း မေ့နေပြီလား။ ပြီးတော့ ကိုဟာသာကလည်း ဒီစာကို ပေးလိုက်ကတည်းက အစစအရာရာ အကွက်စေ့အောင် မှာလိုက်ပြီး သားပါဗျ။ ကိုင်း ... ညမှတွေ့ကြတာပေါ့"

ဦးဖေသိန်းမှာ ဘာတစ်ခွန်းမှ ပြန်မပြောသာတော့ဘဲ အနီးမှ လှည့်ထွက်သွားသည့် အိုင်အိုထွန်းအုပ်၏ နောက်ကျောကိုသာ ငေးကြည့်ရင်း ကျန်ခဲ့တော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ည ခုနစ်နာရီ ...။

ဦးဖေသိန်းနေထိုင်ရာ ဘရုတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း)သို့ အိုင်အိုထွန်းအုပ်က စတန်းဒတ်အမျိုးအစား ကားလေးတစ်စီးနှင့် လာကြို၏။ ထိုကားကလည်း ဖယ်ယာလမ်း (ပန်းဆိုးတန်း)မှာရှိသည့် အင်ဖိုင်းကုမ္ပဏီက မှာယူတင်သွင်းသည့် အမျိုးအစားဖြစ်ပြီး လမ်းမီးရောင်တွေကြောင့် ထိုစတန်းဒတ် ကားအနက်ရောင်မှာ ပိုပြီး တောက်ပြောင်နေသည်ဟု ထင်ရသည်။

ဦးဖေသိန်းကားပေါ် တက်လိုက်သည်နှင့် ကားက ငြိမ့်ခနဲမောင်းထွက်သွားတော့သည်။ ထိုကားမှာ တဖြည်းဖြည်းနှင့် ရွှေဂုံတိုင်လမ်းအတိုင်း မောင်းလာပြီး ချာချီလမ်းထဲသို့ ချိုးကွေ့ပြီးဝင်လိုက်သည်နှင့် ညိုမှောင်အုံ့ဆိုင်းနေသော ခြံဝန်းကျယ်ကြီး တစ်ခု၏ရှေ့တွင် ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံဝန်းကျယ်ကြီး၏ ဝင်းတံခါးဝတွင်တော့ ဂေါ်ရခါးလူမျိုး ခြံစောင့်တစ်ယောက်က ဓားကောက်ကြီး ခါးမှာချိတ်လျက် အသင့်စောင့်ဆိုင်းနေသည်ကို တွေ့လိုက်ရသည်။

ထိုဂေါ်ရခါးလူမျိုး ခြံစောင့်က ဦးဖေသိန်းတို့ ကားရှိရာသို့ လျှောက်လာပြီး လက်ဆွဲမီးအိမ်ကြီးကိုမြှောက်ကာ ကားအတွင်းသို့ ငုံ့ကြည့်လိုက်၏။ ထို့နောက်

"ဦးထွန်းအုပ်တို့ပါလား။ အထဲမှာ ဆရာကြီး စောင့်နေပါတယ်"

ဟု မြန်မာစကားကို လည်လည်ပတ်ပတ်ပြောပြီး ခြံဝင်းတံခါးကြီးကို ဖွင့်ပေးလိုက်သည်။

ခြံဝင်းတံခါးဝမှ လှမ်းမြင်နေရသော အိမ်ကြီးမှာ ညအမှောင်အောက်တွင် အေးစက်စက်နှင့် ညိုမှောင်မှောင်ဖြစ်နေသော်လည်း အိမ်ကြီးအတွင်း ထွန်းညှိထားသော အောက်လင်းမီးရောင်တွေက ပြတင်းပေါက်များမှ ဖိတ်လျှံကျသကဲ့သို့ ရှိနေ၏။

အိုင်အိုထွန်းအုပ်နှင့် ဦးဖေသိန်းတို့ကားလေးမှာ ဆင်ဝင်အောက်သို့ ထိုးရပ်လိုက်သည်နှင့် အိမ်ကြီးအတွင်းမှ အလွန်မွှေးပျံ့သော သစ်မွှေးတစ်မျိုး၏အနံ့ကို ရှူရှိုက်မိလိုက်ကြသည်။

ထို့နောက် ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့နှစ်ယောက်မှာ ခြံစောင့်ဂေါ်ရခါး၏ လမ်းပြခေါ်ဆောင်မှုနှင့်အတူ အိမ်ကြီးအတွင်းသို့ လှမ်းဝင်လာခဲ့ကြသည်။

အိမ်ကြီးအတွင်း အခင်းကြမ်းပြင်များမှာလည်း နေရာလပ်မရှိအောင် ကော်ဇောကြီးများခင်းထားပြီး မည်းနက်တောက်ပြောင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းလှေကားကြီး၏ လက်ရန်းတိုင်များမှာ ကနုတ်ပန်းခက်များနှင့် ပြုလုပ်ထားသဖြင့် အလွန်ခမ်းနားလျက် ရှိနေသည်။

ဦးဖေသိန်းနှင့် အိုင်အိုကြီးတို့မှာ ဝေါ်ရခါး ခြံစောင့်ကြီးညွှန်ပြရာ လှေကားအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

အပေါ်ထပ်သို့ သူတို့နှစ်ဦးရောက်သည်နှင့် ဧည့်ခန်းမကျယ်ကြီးအတွင်း ကျွန်းသား ကုလားထိုင်တွေချထားပြီး ထိုကုလားထိုင်များ၏ အလယ်တွင်တော့ နောက်ကျောမှီ ခပ်မြင့်မြင့်နှင့် ကုလားထိုင်ကြီးတစ်လုံးက ထူးထူးခြားခြားရှိနေသည်ကို တွေ့လိုက်ရသည်။

ဦးဖေသိန်းနှင့် အိုင်အိုကြီးတို့မှာလည်း ခမ်းနားထည်ဝါလှသည့် အိမ်ကြီးပေါ်မှ လက်ရာမြောက်သည့် ပရိဘောဂပစ္စည်းများကို မြင်လိုက်ရသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ရင်း အံ့သြဘနန်းတွေ ဖြစ်နေကြသည်။

ထိုနောက်ကျောမှီ ခပ်မြင့်မြင့်နှင့် ကုလားထိုင်၏ ညာဘက်ဘေးမှာတော့ မြန်မာ့သမိုင်း အစဉ်အဆက်တစ်လျှောက် နာမည်ကြီးခဲ့သည့် ယိမ်းနွဲ့ပါးဓားကြီးကို ရွှေကလပ်ပေါ်တင်ထားသည်ကို တွေ့လိုက်ရသည်။ ဦးဖေသိန်းက ထိုယိမ်းနွဲ့ပါးဓားကြီးကို မြင်လိုက်သည်နှင့် ကိုဟာသ်၏ ရှေးယခင် အဆက်အနွယ်ဖြစ်သည့် မင်းခေါင်နော်ရထာဘွဲ့ခံ ဗိုလ်တွန်သည် နောင်အခါ ဆင်ဖြူရှင်ဖြစ်လာမည့် မြေဒူးမင်းသားနှင့် မသင့်မတင့်ဖြစ်ရသည့် အကြောင်းရင်းထဲတွင် မြေဒူးမင်းသားက ဤယိမ်းနွဲ့ပါးဓားကို အတင်းအဓမ္မ သိမ်းယူခြင်းသည်လည်း အကြောင်းအရင်း တစ်ရပ်အဖြစ် ပါဝင်ကြောင်းကို ဘတင်းစာဆရာတစ်ယောက်ထံမှ ပြန်သတိရမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ပြည်မှ တူးဖော်လာသည့်ပစ္စည်းများ၊ ရှန်ဘဲလား ဆိုသည့် ဝေးလံခေါင်သီသည့် တိဘက်ဒေသမှ စွန့်စွန့်စားစားယူဆောင်လာသည့် ဂမ္ဘီရပညာကျမ်းတွေကိုလည်း ညှော်ခန်းကြီး၏နံရံနှင့် ကပ်လျက်ရှိသော မှန်ဗီရိုကြီးထဲတွင် အစီအရီနှင့် တွေ့လိုက်ရသည်။

ထိုအချိန်မှာပင် သူတို့နှစ်ဦး၏ နောက်ကျောဆီမှ ကြောင်တစ်ကောင်၏ ခြေသံလိုခြင်းမျိုးဖြင့် ချဉ်းကပ်လာနေပြီး အနောက်တိုင်းဝတ်စုံ အနက်ရောင်ကို သေသပ်ကျနစွာဝတ်ဆင်ထားသော လူတစ်ယောက်က သံလိုက်ဓာတ်ပါသည့် အသံသြဇာဖြင့်...

"Fait ce que voudras"

(မြန်မာဘာသာဖြင့် 'ဆန္ဒရှိရာ ရွက်ဆောင်စေ'ဟု အဓိပ္ပာယ်ရ၏။ စနေဂိုဏ်း၏ မန္တန်ဖြစ်သည်)

ထိုမန္တန်ရွတ်သံကြောင့် အိုင်အိုထွန်းအုပ်နှင့် ကိုဖေသိန်းတို့မှာ ဖြုန်းခနဲ လှည့်ကြည့်လိုက်ကြပြီး...

'ကိုဟာသ်'

ဟု ပြိုင်တူခေါ်မိလိုက်ကြသည်။

ကိုဟာသ်မှာ အသက်အရွယ်အားဖြင့် လေးဆယ်ကျော်ကာစ ဖြစ်ပြီး ရွှေဝါရောင်သမ်းနေသည့် အသားအရေက နက်မှောင်သန်စွမ်းသောဆံပင်နှင့် လွန်စွာမှ လိုက်ဖက်နေသည်။ သေသပ်ကျနစွာ ဖြီးသင်ထားသော ဆံကေသာ၏ အောက်ဘက်တွင်တော့ စူးရှတောက်ပသည့် မျက်လုံးတစ်စုံက အလွန်တရာမှ လျှို့ဝှက်နက်နဲသည့် ပုစ္ဆာတစ်ပုဒ်လို ဖြစ်နေသည်။ ပြီးတော့ သူ၏ ဖြောင့်စင်းသော နှာတံအောက်တွင် မဲမဲ နီနီဖြစ်နေသည့် နှုတ်ခမ်းနှစ်လွှာက နီထွေးထွေးနှင့်ဖြစ်နေပြီး ဟုတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သန်မာသည့် မေးရိုးကြီးများကြောင့် သူ့မျက်နှာတစ်ခုလုံးမှာ ပိုပြီး ကျက်သရေရှိနေသည်ဟု ထင်ရသည်။

ကိုဟသ်ာက အိုင်အိုကြီးနှင့် ဦးဖေသိန်းတို့ကို မြင်လိုက်သည်နှင့် နောက်ကျောမှီ ခပ်မြင့်မြင့်နှင့် ကုလားထိုင်ကြီးတွင် ဝင်ထိုင်လိုက်ရင်း ဆင်စွယ်မှာ ပလက်တီနမ်ကွပ်ထားသည့် စွပ်တံနှင့် ဂျွန်ပလေးယားစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

ဦးဖေသိန်းက

"ကျုပ်က ကိုဟသ်ာကို ပိရမစ်သချိုင်းတွေ တူးဖော်ဖို့ အီဂျစ်မှာပဲ ရှိနေဦးမယ်လို့ ထင်ထားတာ"

"ဟုတ်တယ်ဗျာ။ ဒါပေမဲ့ ကျုပ်ဆရာ ကိုဒတ္တက လှမ်းခေါ်လို့ ရှေးဟောင်း မာယာလူမျိုးတွေရဲ့ နက္ခတ္တဗေဒပညာကို သွားပြီး သင်ရသေးတယ်။ သုံးနှစ်စေ့လို့ ပညာစုံတော့မှ ဆရာက တာဝန်တစ်ခုပေးပြီး မြန်မာပြည်ထဲ ပြန်လွှတ်လိုက်လို့ ခင်ဗျားတို့ကို အခုလို ခေါ်တွေ့ရတာပဲဗျို့"

အိုင်အိုထွန်းအုပ်က ကိုဟသ်ာ၏ စကားအဆုံးတွင် မျက်လုံးပြူး မျက်ဆန်ပြူးနှင့်

"ဘာ ... မာယာလူမျိုးတွေရဲ့ နက္ခတ္တဗေဒပညာ ဟုတ်လား။ ဒီလောက်ရှေးကျတဲ့ လူမျိုးတစ်မျိုးမှာ အဲဒီလို ကြီးကျယ်ခမ်းနားတဲ့ ပညာရပ်ကြီးတွေ ရှိနိုင်ပါ့မလားဗျာ"

ဦးဖေသိန်းကလည်း

"ဟုတ်ပါ့ဗျာ၊ မာယာလူမျိုးတွေရဲ့ ဗိသုကာအဆောက်အအုံတွေ လက်ရာမြောက်တာကိုတော့ စာအုပ်တွေထဲမှာ ဖတ်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့ဗျာ။ ဒါပေမဲ့ နက္ခတ္တပညာကို ဘယ်လိုတတ်ကျွမ်းနေကြသလဲဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ကို မရနိုင်ပါဘူးဗျာ"

ကိုဟာသ်ာက ဆင်စွယ်မှာ ပလက်တီနမ်ကွပ်ထားသည့် စွပ်တံနှင့် ဂွန်ပလေးယား စီးကရက်ကို ဖွာရှိုက်လိုက်ရင်း

"မအုံ့ညြိနဲ့တို့ . . . နေ့လယ်က ခင်ဗျားကြားခဲ့ရတဲ့ နောက်ထပ်နှစ်ပေါင်း ရှစ်ဆယ့်ငါးနှစ်အကြာ . . . နှစ်ထောင့်ဆယ့်နှစ်ခုနှစ်ဒီဇင်ဘာလ၊ နှစ်ဆယ့်တစ်ရက်နေ့မှာ ကမ္ဘာပျက်မယ်ဆိုတာအဲဒီ မာယာလူမျိုးတွေရဲ့ ပြက္ခဒိန်ပေါ်မှာ အခြေခံပြီး ပြောကြတာပေါ့။ မာယာတွေရဲ့ Tzolkin ပြက္ခဒိန်ဟာ BC 3144 မှာစပြီး AD 2012 မှာ အဆုံးသတ်တာပေါ့။ နှစ်သက်တမ်းအားဖြင့် ၅၁၂၅ ဒသမ ၃၆ နှစ်အကြာမှာ နိဂုံးချုပ်တယ်ဆိုပါစို့ဗျာ"

ကိုဟာသ်ာ၏စကားကြောင့် ဦးဖေသိန်းမှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားပြီး

"ဟင် ဟုတ်လား . . . ၊ တကယ်ပဲလား ကိုဟာသ်ာ"

"အမှန်အတိုင်း အတိအကျပြောရရင်တော့ မာယာလူမျိုးတွေရဲ့ ပြက္ခဒိန်ရဲ့သက်တမ်းဟာ အဲဒီနေ့မှာ ကုန်ဆုံးတာပဲကိုသိန်းမောင်ရေ။ ကမ္ဘာ နဂါးငွေ့တန်းဟာ နှစ်ပေါင်း ၆၂သန်းမှာ တစ်ကြိမ်နှုန်းနဲ့ နက္ခတ်ဆုံ ဗဟိုဒေသကို ဖြတ်သန်းတတ်တယ်။ အဲဒီလို ဖြတ်တဲ့အခါမှာ ဂြိုဟ်ကြီးတွေ တစ်တန်းတည်းကျသွားမယ့်နေ့က ၂၀၁၂ ၊ ဒီဇင်ဘာ ၂၁ ရက်ပဲ။ အဲဒီအချိန်မှာ ဒြပ်ဆွဲအားတွေကြောင့် နေရော ကမ္ဘာကြီးရော




www.burmeseclassic.com

www.burmeseclassic.com



တုန်ခါသွားလိမ့်မယ်။ ကမ္ဘာ့သံလိုက်စက်ကွင်းတွေ ပြောင်းကုန်၊ ရွေ့ကုန်လိမ့်မယ်ဗျ။ အဲဒီ နှစ်ထောင့်ဆယ့်နှစ်ခုနှစ်၊ ဒီဇင်ဘာ နှစ်ဆယ့်တစ်ရက်မှာ နက္ခတ်တာရာတွေရဲ့ ဂြိုဟ်ခွင်ဟာ ဘယ်လိုအနေအထားနဲ့ ရှိနေမလဲဆိုတာကိုတော့ လာမယ့် နှစ်ပေါင်း ရှစ်ဆယ့်ငါးနှစ်ကို ကြိုတင်ပြီး တွက်ချက်ထားတဲ့ ဟောဒီဇာတာခွင်ကိုသာ ကြည့်ပေတော့"





www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်းက ကိုဟာသ်ာလှမ်းပေးလိုက်သော ဓာတာခွင်ကို ကြည့်ကာ

"ဒီ ဓာတာခွင်က ဘယ်သူတွက်ထားတာလဲ"

"ဘယ်သူရှိရမလဲဗျာ။ ကျုပ်ဆရာ ကိုဒတ္တက လန်ဒန်ကနေပြီး တွက်ချက်လိုက်တာလေ"

ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့မှာ ခေါင်းတွေကို တဗျင်းဗျင်းနှင့်ကုတ်ပြီး နားမလည်နိုင်အောင် ဖြစ်နေကြသည်။

ဦးဖေသိန်းက. . .

"ကျုပ်တို့တော့ ဉာဏ်မမီလို့ ဘယ်လိုမှကို နားမလည်နိုင်တော့ဘူးဗျို့။ နေ့လယ်က တရုတ်ဘိန်းစားဆွဲပြတဲ့ ပုံကလေးကမှ နည်းနည်းသဘောပေါက်သလိုရှိသား"

ကိုထွန်းအုပ်ကပါ ရောယောင်ပြီး

"ဟုတ်ပါ့ဗျာ"

ကိုဟာသ်ာက ပုလဲကဲ့သို့ ဖြူဝင်းနေသော သွားသွားများကို ပေါ်ရုံရယ်လိုက်ပြီး

"ကိုထွန်းအုပ်ကပါ တရုတ်ဘိန်းစားရဲ့ လေကြောမှာ မြောသွားသေးတာကိုး၊ အဲဒီလိုမဟုတ်ဘဲ အဲဒီတရုတ်ဘိန်းစားကို တစ်ခါတည်း လက်ထိတ်ခတ်ထားခဲ့လိုက်ရင် ကမာရွတ်ရွာ ဓားပြမှုကို နေ့မကူးဘဲ လက်ရဖမ်းဆီးနိုင်လို့ အခုလောက်ရှိ ခင်ပွားရာထူးတွေ ဘာတွေပါ တက်ချင်တက်နေရော့မယ်"

www.burmeseclassic.com



ကိုဟာသ်ာ၏စကားကြောင့် အိုင်အိုထွန်းအုပ်မှာ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားပြီး ကုလားထိုင်မှ ထရမလို၊ ထိုင်ရမလိုပင် ဖြစ်သွား၏။ ထို့နောက် သူနှင့်အတူ ဦးဖေသိန်းကပါ

"ဘာ. . . မှန်အိမ်လေးကို ဓားပြတိုက်သွားတာ အဲဒီ တရုတ် ဘိန်းစား. . . ဟုတ်လား"

"ဟုတ်တယ်. . . တကယ်လို့သာ အဲဒီလူက လက်မဦးခဲ့ရင် တော့ မှန်အိမ်ကို ဓားပြဝင်တိုက်တဲ့သူဟာ ကျုပ်ဖြစ်ချင် ဖြစ်နေမှာဗျ"

"ဗျာ. . ."

ဒီတစ်ကြိမ်ကြားလိုက်ရသည့် ကိုဟာသ်ာ၏စကားကြောင့် အိုင်အိုထွန်းအုပ်နှင့် ဦးဖေသိန်းတို့နှစ်ယောက်သားမှာ တစ်ယောက် မျက်နှာကိုတစ်ယောက် ကြည့်ရင်း မယုံကြည်နိုင်လောက်အောင် အံ့သြ နေမိကြသည်။

"ဘာ. . . ဘယ်လို ကိုဟာသ်ာ၊ ခင်ဗျားလို ကျိုကျိုတက် ချမ်းသာတဲ့ ဂမ္ဘီရမှုဆိုးကြီးက ဘာမဟုတ်တဲ့မှန်အိမ်ကို ဓားပြ တိုက်မယ်၊ ဟုတ်စ. . ."

မထင်မှတ်သည့် စကားတွေကြောင့် အိုင်အိုထွန်းအုပ်နှင့် ဦးဖေသိန်းတို့မှာ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ကိုဟာသ်ာက. . .

"မှန်အိမ်က အဖိုးတန်လို့တော့ မဟုတ်ဘူးဗျို့။ မီးစာကို လှည့်တဲ့ ခလုတ်ဝိုင်းလေးကို လိုချင်တာ။ အဲဒီမီးစာလှည့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ဝိုင်းလေးဟာ ဂဟောဆော်ပြီး ကပ်ထားတဲ့ ဒင်္ဂါးပြား ဖြစ်နေလို့ပဲ''

ဦးဖေသိန်းမှာ နှုတ်ခမ်းနှစ်လွှာပေါ် လက်ညှိုးတင်ရင်း စဉ်းစား သလိုလုပ်ပြီးမှ

''အော်... မှတ်မိပြီ၊ ဓားပြက မှန်အိမ်ကို ရိုက်ခွဲပြီး အဲဒီ မီးစာလှည့်တဲ့ အဝိုင်းပြားကလေးကိုမှ ရွေးပြီး ယူသွားတာ။ အဲဒီမှာကပ်ထားတဲ့ ဒင်္ဂါးပြားလေးက ဘယ်လောက်များ အဖိုးတန်လို့လဲဗျာ''

*



www.burmeseclassic.com

www.burmeseclassic.com



ကိုဟာသံ့က ကုလားထိုင်နောက်မှီမြင့်မြင့်ကြီးပေါ်သို့ သူ့ကျောကို ခပ်မတ်မတ် မှီချလိုက်ရင်း . . .

"နှယ်နှယ်ရရ ဒေါ်းပြားတော့ မဟုတ်ဘူးဗျို့ . . ။ ရှေးဟောင်းဟိုပီ (Hopi) လူမျိုးတွေက သူတို့ရဲ့ အင်မတန်အဆင့်အတန်းမြင့်မားတဲ့ ဂမ္ဘီရပညာနဲ့ ဖန်တီးထားတာဗျ။ အဲ . . . အနီးစပ်ဆုံး သဘောကို ပြောရမယ်ဆိုရင်တော့ သံလိုက်အိမ်မြှောင်လေးတစ်ခုလို့ တင်စားလို့ရသပေါ့ဗျာ . . ."

"ဗျာ . . . ဘယ်လို၊ သံလိုက်အိမ်မြှောင်ဟုတ်လား ကိုဟာသံ့"

အိုင်အိုထွန်းအုပ်၏အမေးစကားကြောင့် ကိုဟာသံ့က အနည်းငယ်ပြုံးကာ ခေါင်းကို ဖြည်းဖြည်း ခါယမ်းရင်း . . .

"ခင်ဗျား နားလည်လွယ်အောင်သာ သံလိုက်အိမ်မြှောင်လို့ တင်စားပြီး ပြောလိုက်ရတာ။ တကယ်တော့ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို ပြတဲ့ ရိုးရိုးလမ်းပြအိမ်မြှောင်မဟုတ်ဘူး။ အင်မတန်မှ ဂမ္ဘီရစွမ်းအင်ကြီးမားတဲ့ ကျောက်တုံးလေးတွေ ရှိတဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်တဲ့အထိ လမ်းပြပေးသွားမယ့် ဒေါ်းပြားလေးဗျ။ အဲဒီဒေါ်းပြားလေးရဲ့ပုံသဏ္ဌာန်က ဟောဒီလို . . ."



www.burmeseclassic.com

www.burmeseclassic.com





ကိုဟာသ်ာက ပြောပြောဆိုဆိုဖြင့် စားပွဲပေါ်မှ စာရွက်နှင့် ခဲတံကို ယူကာ အထက်ပါပုံကို ဆွဲပြလိုက်လေသည်။

အိုင်အိုထွန်းအုပ်နှင့် ဦးဖေသိန်းတို့ကမူ ဆွဲပြသည့်ပုံကို ကြည့်နေရသော်လည်း မည်သို့မျှ အနက်အဓိပ္ပာယ်ဖော်၍ မရသောကြောင့် မျက်လုံးအကြောင်သား ဖြစ်နေကြလေသည်။

ဒါကို ရိပ်မိသော ကိုဟာသ်ာက

"အဲဒီဒဂါးပြားလေးရဲ့ပုံက ဟင်ဒယီမှာရှိတဲ့ မဟာစက္ကရ ကျောက်တိုင်ရဲ့အောက်ခြေက အရပ်လေးမျက်နှာမှာ ထွင်းထုထားတဲ့ပုံသဏ္ဌာန်တွေထဲက တစ်ခုပေါ့ဗျာ။ ကဲ ... ဗဟုသုတအဖြစ် ကြည့်ချင်ရင် ဟောဒီမှာ ကြည့်ကြ"


ကိုဟာသ်ာက ညှော်ခန်းနံ့ရံနှင့်ကပ်လျက်ရှိသော မှန်ဗီရိုကြီးထဲမှ ရှားပါးလှသည့် စာအုပ်တစ်အုပ်ကို ဆွဲယူလှန်လှောကာ စာမျက်နှာတစ်နေရာကို ထောက်ပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





ဦးဖေသိန်းက ပါးစပ်ထဲမှ ဗိုလ်လသာဆေးပြင်းလိပ်ကြီးကို ဆွဲချွတ်ရင်း ...

"နေစမ်းပါဦး ကိုဟာသ်ာရဲ့။ ဒီပုံတွေရဲ့အဓိပ္ပာယ်က ဘာလဲဆိုတာကိုလည်း ရှင်းပြဦးမှပေါ့။ ကျုပ်တို့ဖြင့် ဘာတစ်ခုမှ သဘောမပေါက်ပါဘူးဗျာ"

ကိုဟာသ်ာက ...

"ရှေးဟောင်းဂမ္ဘီရပညာရပ်ထဲက စွမ်းအင်စီးဆင်းမှုပုံသဏ္ဍာန်တွေကို ကိုယ်စားပြုထားတဲ့ သင်္ကေတတွေပေါ့ဗျာ။ ဒါနဲ့ စကားမစပ် ခင်ဗျားတို့ သူသူငါငါ ပြောနေတဲ့ 'ကလိယုဂ်ခေတ်' ဆိုတာ ကြားဖူးကြသလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးလိုက်သမှ ဟိုဘက်တောင် လွန်နေသေးတယ် ကိုဟာသ်ရေ ...။ ဖိုးသူတော်ကလည်း ပြော၊ မယ်သီလရှင်ကလည်း ပြော၊ အရပ်ထဲက အသုဘမှာ လက်ဖက်စားရင်း ပရမတ်အကြောင်းငြင်းတဲ့ သင်္ဂြိုဟ်ဆရာကလည်း ပြော ... နဲ့ ဖွတ်ဖွတ်ညက်ညက်ကြေတဲ့စကားလုံးဖြစ်နေပါပြီဗျာ။ ဘာတဲ့ ... ကလိယုဂ် ... တဲ့။ ဆုတ်ကပ်တဲ့။ သူယုတ်မာ ၁၀ ပုံ သူတော်ကောင်း ၁ ပုံပဲ ထွန်းကားတဲ့ခေတ်တဲ့။ အို ... စုံနေတာပါပဲဗျာ"

အိုင်အိုထွန်းအုပ်ကား 'ကလိယုဂ်ခေတ်' ဟူသောစကားကို မည်မျှ နားကြားပြင်းကတ်နေသည်မပြောတတ် ... သူ၏ ဝမ်းဗိုက်စူစူကြီးကို လက်တစ်ဖက်ဖြင့် ပွတ်ရင်း ကရားရေလွှတ် တတွတ်တွတ် ပြောလေတော့သည်။

ကိုဟာသ်က အနည်းငယ် ပြုံးလိုက်ရင်း ...

" 'ကလိယုဂ်ခေတ်'ဆိုတာ အသံထွက်မှန်မှန်နဲ့ တိတိကျကျ ရေးပြရရင်တော့ Kali Yuga တဲ့၊ အဓိပ္ပာယ်ကတော့ 'သံခေတ်' ပေါ့ဗျာ။ ခင်ဗျားတို့ ကျုပ်တို့ အခုနေထိုင်နေကြတာ 'သံခေတ်' မှာပေါ့။ ဒီလိုဗျ။ စကြဝဠာကြီးရဲ့ကာလကို ခေတ်အားဖြင့် (၄)ခေတ် ပိုင်းခြားထားတယ်။ Dvapara Yuga လို့ခေါ်တဲ့ 'ကြေးခေတ်'၊ Treta Yuga လို့ခေါ်တဲ့ 'ငွေခေတ်'နဲ့ Satya Yuga လို့ခေါ်တဲ့ 'ရွှေခေတ်'ဆိုတာတွေလည်း ရှိသေးတယ်။ အခု ကျုပ်တို့နေနေတဲ့ 'သံခေတ်'ကြီး ဟာ ခရစ်နှစ် ၂၀၁၂ ကျော်ကျော်မှာ ကုန်ဆုံးတော့မှာဗျ။ ကျုပ်နဲ့ဆုံခဲ့ဖူးတဲ့ ဗိန္ဒုက




www.burmeseclassic.com

www.burmeseclassic.com


ဂမ္ဘီရပညာရှင်တွေရဲ့စကားနဲ့ပြောရရင် 'The World turned upside down' ကမ္ဘာကြီး ဇောက်ထိုးမိုးမျှော်ဖြစ်ပြီပေါ့ဗျာ။ အဲဒီလို သံခေတ်ရဲ့စွမ်းအင်တွေကို ကိုယ်စားပြုတဲ့ ဒဂါးပြား လေးက ကမ္ဘာကြီးရဲ့စွမ်းအင်ဝင်ရိုးအပြောင်းအလဲကို စီရင် မယ့် ကျောက်နက်တုံးကလေးတွေရှိတဲ့နေရာကို အမြဲ ညွှန်ပြ နေတာဗျ"

"ဗျာ ... ကျောက်နက်တုံးလေးတွေ ဟုတ်လား ..."

အိုင်အိုထွန်းအုပ်နှင့် ဦးဖေသိန်းတို့က တစ်ပြိုင်တည်းလိုလိုပင် မေးလိုက်ကြ၏။

ကိုဟာသ်ာက ...

"ဟုတ်တယ်ဗျ။ ဟိုပီ (Hopi) တွေရဲ့ မဟာဒဏ္ဍာရီအရ ဘုရား သခင်က ဖန်ဆင်းပေးသွားတဲ့ ကျောက်တုံးလေးတွေ ကို သူတို့ ဘာသာစကားနဲ့ တီပိုနီ ( Tipoini ) လို့ခေါ်တယ်။ စကြဝဠာ စွမ်းအင်တွေရဲ့ အပြောင်းအလဲကို ထိန်းချုပ်တဲ့ အဓိက သော့ချက်ကျောက်တုံးလေးတွေမို့လို့ သူတို့ကို ကီး စတုန်း (Key Stone) လို့လည်း ခေါ်တယ်။ ကီးစတုန်းလေး တွေက စုစုပေါင်း ၈ ခု ရှိတာဗျ။

သူတို့ရဲ့ မျက်နှာပြင် နှစ်ဖက်စလုံးမှာ သင်္ကေတတွေ ထွင်း ထားတယ်။ ကီးစတုန်း ၄ ခု ကတော့ ကျုပ်ဆီမှာ ရောက်နေ ပြီ။ ဟောဒီမှာ ကြည့်ကြ ..."


www.burmeseclassic.com

www.burmeseclassic.com




ရှေ့ဘက်


ကျောဘက်



ရှေ့ဘက်


ကျောဘက်


ရှေ့ဘက်


ကျောဘက်


ရှေ့ဘက်


ကျောဘက်

ကိုဟာသ်ာက ပြောပြောဆိုဆိုနှင့် သူ ဝတ်ဆင်ထားသော ကုတ်အင်္ကျီအတွင်းအိတ်သို့ နှိုက်၍ ကြွက်သွေးရောင် ကတ္တီပါအိတ်ငယ်တစ်အိတ်ကို ဆွဲထုတ်ယူလိုက်ပြီး အိတ်ရှုံ့ထိပ်တွင် ချည်ထားသည့် ဖိုးကြိုးကို ဖြေကာ စားပွဲပေါ် သွန်ချလိုက်သောအခါ ...

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက် ..."

မဟူရာကျောက်တုံးလေး ၄ တုံးသည် စားပွဲမျက်နှာပြင်ပေါ်သို့ ကျလာလေတော့၏။ အိုင်အိုထွန်းအုပ်နှင့် ဦးဖေသိန်းတို့က ကျောက်တုံးကလေးများကို အမြီးပြန်၊ ခေါင်းပြန် စေ့စေ့စပ်စပ်ကြည့်ကြပြီးနောက် ဦးဖေသိန်းက ...

"ဒါဆိုရင် ကျန်တဲ့ ကျောက်တုံး ၄ တုံးကရော ဘယ်မှာ သွားရှာရမှာတုန်းဗျ"



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်သိရသလောက်ကတော့ ကျန်တဲ့ ကီးစတုန်း ၄ ခုဟာ အင်မတန် လျှို့ဝှက်တဲ့ တစ်နည်းနည်းနဲ့ မြန်မာပြည်ထဲကို ရောက်နေပြီဗျ။ ကျုပ် မြန်မာပြည်ကို ပြန်လာခဲ့ရတာလည်း အဲဒီကီးစတုန်း ၄ ခုကို ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ . .”

“ဩော် . . . ဒီလိုကိုး”

ဦးဖေသိန်းတို့၏ အာမေဋိတ်သံအဆုံးတွင် ကိုဟာသ်ာက ခေါင်းကို ညိတ်ရင်း . . .

“ဒါကြောင့်မို့ ကီးစတုန်းတွေကို ခြေရာခံနိုင်မယ့် လမ်းပြ ဒဂ်ါးပြားကို ရအောင် ကြံစည်နေတုန်း ကျုပ်နဲ့ ပြိုင်ဘက် စေတန်ဂိုဏ်းကကောင်တွေ လက်ဦးသွားပြီဗျို့ . . ။ ဒီကောင် တွေကတော့ ကျုပ်ထက်စာရင် ကျောက်တုံးတွေကို ရဖို့ ပို နီးစပ်သွားပြီဆိုတာ ဝန်ခံရမှာပဲ။ ဒါပေမဲ့ ကျုပ်ကလည်း ဒီကောင်တွေနဲ့ သေသေကြေကြေ ရင်ဆိုင်ပြီး မဟူရာ ကျောက်တုံး ၄ တုံးကို ရအောင်ယူဖို့ ဆုံးဖြတ်ထားတယ်ဗျ”

“ကြိုက်ပြီဗျို့။ ဒီမှာ ကိုဟာသ်ာ ကျွန်တော်က ခင်ဗျားနဲ့ အကြိမ်ကြိမ် လက်တွဲဖူးလို့ ခင်ဗျားရဲ့ လက်ရုံးရည်၊ နှလုံးရည် ကို အစစအရာရာ ယုံကြည်ပြီးသားပါ။ ဒီတစ်ပွဲမှာလည်း ခင်ဗျားနဲ့အတူ ကျွန်တော် လိုက်ခဲ့ပါရစေဗျာ”

ဦးဖေသိန်းက မီးသေနေပြီဖြစ်သော ဗိုလ်လသာ ဆေးပြင်း လိပ်ကြီးကို ဆေးလိပ်ပြာခွက်ထဲသို့ ပစ်ချရင်း ပြောလိုက်လေ၏။ အိုင်အို ထွန်းအုပ်ကလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုရော လိုက်ခွင့်မပေးနိုင်ဘူးလားဗျာ။ တစ်ဆိတ်လောက်တော့ ကျုပ် ရုံးမှာ ခွင့်ယူလို့ရတဲ့အထိ စောင့်ကြပါဦး"

"ဟင်း ... ဟင်း ... ဟင်း ... ကိုထွန်းအုပ်ကလည်း တစ်ဆိတ်လောပြန်ရောဗျာ။ ကျုပ်ကလည်း ကောက်ခါငင်ခါ ခရီးထွက်မှာ မဟုတ်သေးပါဘူးဗျ။ ဒီလို ခရီးမျိုးထွက်တယ်ဆိုတာ အစစအရာရာ သတိဝီရိယနဲ့ ကြိုတင်ပြင်ဆင်နိုင်မှ တော်ကာကျမှာ မဟုတ်လား"

ကိုဟာသ်ာက ဂျွန်ပလေးယားစီးကရက်ကို ဆင်စွယ်စွပ်တံဖြင့် ဖွာရှိုက်ရင်း ပျော်ပွဲစားထွက်မည့် လူတစ်ယောက်အလား အေးအေးလူလူ ပြောနေလေ၏။ ထို့နောက် သူကပင် ဆက်၍ ...

"ကျုပ် မြန်မာပြည်ကို ပြန်မလာခင် ၆ လလောက်အလိုကတည်းက ရှေးပြေးအနေနဲ့ ကြိုလွှတ်ထားတဲ့ ကျုပ်ရဲ့ လက်ရုံးတပည့်တစ်ယောက်ရှိတယ်ဗျ။ သူက မြန်မာတစ်ပြည်လုံးပတ်ပြီး သတင်းတွေ စုတန် စု၊ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထားပြီးလောက်ပြီ။ သူ့ကို ရှာပြီး ခေါ်သွားရမယ်။ အားလုံးစုံမှ ခရီးစထွက်ကြတာပေါ့"

"ကောင်းပါပြီ ကိုဟာသ်ာ"

"ဒီအတောအတွင်းမှာတော့ ကိုထွန်းအုပ်က ပုံမှန်အတိုင်း ရုံးတက်မြဲ တက်နေပြီး စီအိုင်ဒီကို ရောက်လာတဲ့ ထူးထူးခြားခြား သတင်းလေးတွေရှိရင် ကျုပ်ကို ပြောပြဖို့ မမေ့နဲ့ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကိုဟသ်ာရေ . . . ဪ . . . ဒါနဲ့ . . . မသိလို့ မေးရဦးမယ်။ ဟိုကျောက်တုံးလေးတွေကို ကျုပ်တို့ မရဘဲ စေတန်ကောင်တွေ ရသွားရင် ဘာဖြစ်မလဲဗျ"

ထိုအမေးစကားကို ချက်ချင်းမဖြေသေးဘဲ ကိုဟသ်ာက စီးကရက်မီးခိုးငွေ့များကို အကွင်းလေးများ ဖြစ်သွားအောင် မျက်နှာကြက်ဆီသို့ ဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်သည်။ ထို့နောက် အေးစက်မာကျောသော အသံဖြင့် . . .

"အဲဒါဆိုရင်တော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက် ညသန်းခေါင်ယံအချိန်မှာ ကမ္ဘာကြီး တကယ်ပျက်သွားလိမ့်မယ်ဗျို့"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

၄ ရက်ခန့် ကြာသောအခါ ...

ကိုဟသ်ာသည် သူ၏ မောရစ်ကားလေးကို မောင်းကာ ဦးဖေသိန်းနေထိုင်ရာ ဘရုတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း)သို့ ရောက်လာလေသည်။ ကိုဟသ်ာက ရောက်လျှင်ရောက်ချင်း ကားကို အလျင်အမြန်ရပ်ကာ ဦးဖေသိန်းအိမ်ထဲသို့ ဝင်သွားလိုက်၏။ ထို့နောက်

"လာဗျို့ ... ဦးဖေသိန်းရေ၊ ကျုပ်နဲ့ ခဏလိုက်ခဲ့စမ်းပါဦး"

ဦးဖေသိန်းလည်း ကိုဟသ်ာ၏အပြောကြောင့် ဘာမှ မမေးတော့ဘဲ ကားပေါ် တက်လိုက်သည်။ ကိုဟသ်ာက ကားကို ဖယ်ယာလမ်း (ယခုပန်းဆိုးတန်းလမ်း)သို့ မောင်းနှင်လာပြီး လမ်းထောင့်တစ်နေရာတွင် ရပ်လိုက်၏။ ထို့နောက် လမ်းဘေးရှိ လူအုပ်ကြီး စုဝေးနေရာဆီသို့ လျှောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်းလည်း ဘာရယ်ဟု ရေရေရာရာမသိဘဲ ကိုဟာသ်ာ ရှေ့က လျှောက်သွားသည့်အတိုင်း ထက်ကြပ်မကွာ လိုက်ရလေတော့သည်။

လူအုပ်ကြားထဲသို့ တိုးဝင်သွားလိုက်သောအခါ မျက်လှည့်ပွဲ တစ်ပွဲဖြစ်နေသည်ကို တွေ့ရ၏။ စည်းဝိုင်းတစ်ဝိုင်း ဝိုင်းထားပြီး ဘေး ဘက်တွင် ဖဲချပ်လေးများ၊ ကြေးရေနွေးကရားတစ်လုံး၊ ပုလွေတစ်ချောင်း၊ မည်သည့်အသားနှင့်လုပ်ထားသည်ဟု ခန့်မှန်း၍ မရသည့် ဘီလူးရုပ် တစ်ရုပ် စသဖြင့် တွေ့ရသည်။။ ထိုအရုပ်၏ ဘေးဘက်တွင် ဓားရှည် ၁၀ လက်ကို စုပုံထား၏။

စည်းဝိုင်း၏အလယ်တွင် လူတစ်ယောက် ကွေးပြီး ဝင်အိပ်၍ ရနိုင်လောက်သည့် နှစ်တောင်ကျော်ပတ်လည်ခန့် ထန်းခေါက်ဖာကြီး တစ်လုံးကို ချထားသည်။ ထိုထန်းခေါက်ဖာကြီး၏ရှေ့တွင် ကျောလယ် ထိ ရှည်လျားသော ဆံပင်များကို နောက်လှန်ဖြီးထားပြီး လက်သုံးလုံး ခန့် အနီရောင်ပိတ်စတစ်စကို နဖူးတွင် စည်းထားကာ ဖြောင့်စင်းသော နှာတံ၊ မျက်ခုံးနက်နက်နှင့် နှုတ်ခမ်းမွေးက ကျွဲချိုကဲ့သို့ အပေါ်သို့ ကောက်ကွေးတက်နေလျက်ရှိပြီး ဒိုတီဟုခေါ်သော အိန္ဒိယလူမျိုးများ ဝတ်ဆင်သည့် အဝတ်အစားသွင်ပြင်ကို ဝတ်ဆင်ထားသည့် အသက် ၃၀ အရွယ်ခန့် အိန္ဒိယလူမျိုးတစ်ယောက် ထိုင်နေသည်။

သူ၏ဗလာကျင်းနေသည့် အပေါ်ပိုင်း ဝဲဘက် ရင်အုံတွင် ကိုယ့်အမြီးကို ကိုယ် ပြန်မြိုနေသော မြွေတစ်ကောင်၏ ပတ်ပတ်လည်၌ ရှစ်မြှောင့်ပုံကြယ်ကို ရေးထိုးထားပြီး ယာဘက်လက်ကောက်ဝတ် တွင်လည်း လက်သုံးလုံးခန့် ပြက်ကျယ်သည့် စတီးကွင်းကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



စွပ်ထား၏။ ထိုစတီးကွင်းကြီးမှာ သံမဏိရောင် ပြောင်လက်နေလေသည်။

အထူးခြားဆုံးကား စူးရှရဲရင့်ဟန် အထင်းသားပေါ်လွင်နေသည့် ထိုသူ၏ မျက်လုံးများပင်။

သူ၏ဘေးတွင် ၁၀ နှစ်အရွယ် ကုလားလေးတစ်ယောက်က လင်းကွင်းနှင့် ဗုံတိုကို တစ်လှည့်စီ စည်းချက်ကျကျ တီးခတ်နေလေသည်။

"ဒုံ ... ချမ်း ချမ်း ... ဒုံ ချမ်းချမ်း ..."

မျက်လှည့်ပွဲကြည့်နေကြသော လူအုပ်ကြီးထဲမှ တချို့က ...

"အလကားပါဗျာ။ တကယ်တော့ မျက်လှည့်ဆိုတာ လိမ်နည်း တစ်မျိုးပဲဗျ"

"ဟာ ... မဟုတ်ပါဘူး။ မျက်လှည့်ပညာဆိုတာ အောက်လမ်းနည်းကို သုံးတာဆိုလား ဘာလား"

"မျက်လှည့်ဆရာက ဆာဒူးလား မသိပါဘူး"

"ဘယ်ကလာ ... မျက်လှည့်ဆရာက ငယ်ငယ်လေးပဲ ရှိသေးတယ်"

"မျက်လှည့်ဆရာက ငယ်ပေမဲ့ ပညာအစွမ်းကတော့ မသေးဘူးဗျို့"

ဟု တစ်ယောက်တစ်ပေါက် ပြောနေကြသံများလည်း ကြားရ၏။

ထိုစဉ် အိန္ဒိယလူမျိုး မျက်လှည့်ဆရာက ...

"ကဲ ... ပရိသတ်များလည်း ကျုပ်ရဲ့မျက်လှည့်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ဧတော်တော်များများကို ကြည့်ရှုပြီးကြပြီဆိုတော့ အခု နောက်ဆုံးပြကွက်အနေနဲ့ ရင်သပ်ရှုမောဖွယ် မျက်လှည့်ပြကွက် တစ်ကွက်ကို ပြသတော့မှာ ဖြစ်ပါတယ်။ ရှုစားကြည့်ကြပါဦး''

မျက်လှည့်ဆရာ၏ စကားအဆုံးတွင် စောစောက တီးနေသည့် ဗုံသံ၊ လင်းကွင်းသံများရပ်သွားသည်။ ပရိသတ်များကြားတွင်လည်း အပ်ကျသံ မကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက်သွား၏။

ကိုဟာသ်နှင့် ဦးဖေသိန်းတို့လည်း စိတ်ဝင်တစား စောင့်ကြည့်နေသည်။ ထိုစဉ် မျက်လှည့်ဆရာက ထန်းခေါက်ဖာကြီး၏အဖုံးကို ဖွင့်ကာ အထဲတွင် ကွေးကွေးလေး ဝင်အိပ်လိုက်သည်။ သူ၏တပည့်ဖြစ်သူ ကုလားလေးက ထန်းခေါက်ဖာအဖုံးကို ပြန်ပိတ်လိုက်၏။ ထို့နောက် စည်းဝိုင်းဘေးတွင် ပုံထားသောဓားရှည် ၁၀ လက်ကို ယူကာ ထန်းခေါက်ဖာထဲသို့ နေရာလပ်မကျန်အောင် ထိုးစိုက်လိုက်လေသည်။

''ဟင်''

''အို''

''ဟာ''

''အောင်မလေး''

ကြည့်ရှုသူပရိသတ်များဆီမှ အာမေဋိတ်သံများ ထွက်ပေါ်လာသည်။ ထို့နောက် ပရိသတ်များက အသက်ပင် မရှူရဲဘဲ စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေ၏။

ဦးဖေသိန်းလည်း သူသောက်နေကျ ဗိုလ်လသာ ဆေးပြင်းလိပ်ကြီးကို ယောင်ယမ်းပြီး သွားဖြင့် အားကုန်ဖိကိုက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် တပည့်ဖြစ်သူ ကုလားလေးက စိုက်ထားသော ဓားများကို ပြန်ဆွဲနုတ်လိုက်သည်။ ထို့နောက် ထန်းခေါက်ဖာအဖုံးကို ဖွင့်လိုက်သောအခါ မျက်လှည့်ဆရာသည် ခြစ်ရာ၊ ပွန်းရာ၊ သွေးထွက်ဒဏ်ရာ တစ်စုံတစ်ရာမျှ မရှိဘဲ အကောင်းပကတိအတိုင်း ထန်းခေါက်ဖာထဲမှ ပြန်ထွက်လာသည်ကို တွေ့ရ၏။

ထိုအခါမှ တစ်ချိန်လုံး အသက်ပင် မရှူရဲဘဲ ငြိမ်သက်နေကြသော လူအုပ်ကြီးဆီမှ လက်ခုပ်သြဘာသံများ ညံသွားတော့သည်။

"ရှိုး"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

မျက်လှည့်ဆရာက ပရိသတ်များ၏အားပေးမှုကို ဂုဏ်ယူကျေနပ်ဟန်ဖြင့် ပြုံးရင်း ...

"ကဲ ... အားလုံးပဲ ... ဒီနေ့အတွက် ကျုပ်ရဲ့ မျက်လှည့်ပြသမှုကို ရပ်နားလိုက်ပါပြီ။ ကျေးဇူးတင်ပါတယ်"

မျက်လှည့်ဆရာ၏စကားအဆုံးတွင် လူအုပ်ကြီးက တဖြည်းဖြည်းနှင့် လူစုကွဲသွားကြသည်။ မျက်လှည့်ဆရာက တစ်ဆက်တည်း တပည့်ဖြစ်သူအား ...

"မူတူးရေ ... ပစ္စည်းတွေအားလုံး ပြန်သိမ်းလိုက်တော့ဟေ့"

ဟု ပြောလိုက်၏။

လူအုပ်ကြီး ရှဲသွားသောအခါ ကိုဟာသီက မျက်လှည့်ဆရာဆီသို့ တိုးကပ်သွားသည်။ ဦးဖေသိန်းလည်း မယောင်မလည်ဖြင့် နောက်မှ လိုက်သွား၏။ မျက်လှည့်ဆရာကို သေသေချာချာ မြင်ရသည့်နေရာသို့

www.burmeseclassic.com



ရောက်သောအခါ ကိုဟသ်ာက သူ၏အောင်မြင် ခံ့ညားသော အသံဖြင့် ...

"ဟော့ ... ရန်ချို ..."

မျက်လှည့်ဆရာက သူ့နာမည်ခေါ်သံကြောင့် အသံလာရာဆီသို့ ကြည့်လိုက်သည်။

"ဟာ ... ဆရာ ကိုဟသ်ာ"

ဟု ဝမ်းသာအားရနှင့် အော်ဟစ်ကာ ပြေးလာပြီး ကိုဟသ်ာ၏ ခါးကို သိုင်းဖက်လှုပ်ခါနေလေတော့သည်။ ထို့နောက် ရန်ချိုက ...

"ဆရာ ... ရောက်လာပြီပေါ့ ... ဝမ်းသာလိုက်တာဗျာ။ ဆရာက ဒီကို ဘယ်တုန်းက ရောက်တာလဲ"

"အေး ... ငါရောက်တာ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ ကဲ ... မင်းဆီက ဘာသတင်းထူးလဲ"

"ကမာရွတ်ရွာမှာ မှန်မီးအိမ်က ဒဂါးပြားလေးကို ခေးပြတိုက်သွားတဲ့ကိစ္စ ဆရာ သိပြီးပြီလား"

"အေး ... သိပြီးပြီ။ အဲဒါကြောင့်ပဲ ငါတို့ကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်ရတော့မယ်။ ဒီကောင်တွေက ငါတို့ထက် တစ်ကွက်သာသွားပြီကွ။ ကဲပါ ဒါတွေ နောက်မှ ပြောတာပေါ့။ အခုပဲ မင်း ငါနဲ့ တစ်ခါတည်း လိုက်ခဲ့ပေတော့ ..."

ဦးဖေသိန်းလည်း ကိုဟသ်ာတို့၏ အပြန်အလှန်စကားကို ကြားရမှ မျက်လှည့်ဆရာသည် မြန်မာပြည်ထဲသို့ ကြိုလွှတ်ထားသည့် ကိုဟသ်ာ၏ လက်ရုံးတပည့်ဖြစ်မှန်း သဘောပေါက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်ဆရာက သူ့တပည့်မူတူးဘက်သို့ လှည့်ပြီး . . .

"မူတူးရေ . . . ငါတော့ မျက်လှည့်လိုက်မပြတော့ဘူး။ အရေးကြီးတဲ့ကိစ္စရှိလို့ ဟောဒီ ဆရာနဲ့ လိုက်သွားရတော့မယ်။ ရော့ ဒီမှာ ပိုက်ဆံခြောက်ရာလောက်တော့ရှိမယ်။ အဲဒါကို အရင်းအနှီးပြုပြီး လုပ်ကိုင်စားသောက်ပေတော့ . . . မင်းအမေကို ပေးပြီး အိမ်ဆိုင်လေးတစ်ဆိုင် တည်ပေါ့ကွာ"

ဟု ပြောကာ သူ့အိတ်ထဲမှာ ရှိသမျှ ပိုက်ဆံအားလုံး ပေးလိုက်လေ၏။

ထို့နောက် ရန်ချိုက မျက်လှည့်ပစ္စည်းများ ထည့်ထားသော ထန်းခေါက်ဖာကြီးကို ထမ်းကာ ကိုဟသံ့ာတို့နှင့်အတူ လိုက်လာခဲ့လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ချာချီလမ်းရှိ ကိုဟာသံ၏နေအိမ်သို့ ရောက်သောအခါ ထုံးစံအတိုင်း ခြံစောင့် ဂေါ်ရခါးကြီးက ခြံတံခါး ဖွင့်ပေး၏။ ထို့နောက် မည်းနက်ပြောင်လက်နေသည့် ကျွန်းလှေကားကြီးတစ်လျှောက် တက်ခဲ့ကြပြီး အိမ်ကြီး၏ အပေါ်ထပ် ဝရန်တာတွင် စကားထိုင်ပြောရန် ပြင်ဆင်ကြ၏။

အိမ်စားဖိုမှူးဖိုးထင် လာချပေးသော လစ်ပတန် လက်ဖက်ခြောက်ဖြင့် နှပ်ထားသည့် လက်ဖက်ရည်ကို ဇိမ်ခံပြီးသောက်ကြသည်။ ကိုဟာသံက သောက်လက်စလက်ဖက်ရည်ခွက်ကို ခဏချကာ ဆင်စွယ်တပ် ဂျွန်ပလေးယားစီးကရက်ကို ဟန်ပါပါ တစ်ချက် ဖွာရှိုက်လိုက်ပြီး ...

"ကဲ ... ပြောစမ်းပါဦး ရန်ချိုရဲ့။ ဘာသတင်းထူးသေးလဲ"

"သတင်းကတော့ ထူးတယ်ဆရာရေ့ ... အခု မြန်မာပြည်ထဲကို စေတန်ဂိုဏ်းက ဂိုဏ်းခွဲမှူးတစ်ယောက် ရောက်နေတယ်လို့ သတင်းကြားတယ်။ ဒါပေမဲ့ သူက ခြေရာဖျောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရန်ချိုဇာ၏စကားအဆုံးတွင် ဦးဖေသိန်းက စိတ်ဝင်တစား အံ့ဩသွားသည့် အမူအရာဖြင့် . . .

"နို့ . . . နေပါဦး။ ဂိုဏ်းခွဲမှူးတစ်ယောက် ရောက်နေတယ်ဆိုတော့ စေတန်ဂိုဏ်းမှာ ဂိုဏ်းခွဲမှူး ဘယ်နှယောက်တောင်ရှိနေလို့လဲဗျ"

ဟု မေးလိုက်သည်။ ထိုအခါ ကိုဟာသ်ာက . . .

"ဒီလိုဗျ။ စေတန်ဂိုဏ်းမှာ ဂိုဏ်းခွဲမှူး ၄ ယောက် ရှိတယ်။ တရုတ်၊ ဥရောပ၊ သီရိလင်္ကာ၊ အိန္ဒိယဆိုတဲ့ ဒေသအသီးသီးကပေါ့။ ဥရောပက တစ်ယောက်ကတော့ လောလောဆယ်မေဆင်ဂိုဏ်းကို ဦးစီးနေရတယ်။ အဲ . . . သီရိလင်္ကာကတစ်ယောက်ကတော့ ပြီးခဲ့တဲ့လကပဲ ကျုပ်လက်ချက်နဲ့သေသွားပြီ။ 'ချတ်တာဂျီ'ဆိုတဲ့ အိန္ဒိယက ဂိုဏ်းခွဲမှူးကတော့ ၁၉၀၇ ခုနှစ်တုန်းက ကွယ်လွန်သွားတဲ့ 'ဟာင်နရီစတီးအော်လကော့'နဲ့ လျှို့ဝှက်ဆက်သွယ်ခဲ့ဖူးတဲ့ အထောက်အထားတွေတွေ့ရလို့ စေတန်ဂိုဏ်းက သူ့ကို သစ္စာဖောက်အဖြစ် ကြေညာပြီး သေဒဏ်ပေးလို့ ထွက်ပြေးတိမ်းရှောင်နေလေရဲ့ . . ."

"ဩော် . . . ဒီလိုကိုး"

ဦးဖေသိန်းက ခေါင်းတညိတ်ညိတ်လုပ်ရင်း အခါးရည်လက်ကျန်ကို ကောက်မော့ချလိုက်သည်။

*(မှတ်ချက် ။ ။ ဟာင်နရီစတီးအော်လကော့ဆိုသူမှာ ယခုလက်ရှိသုံးစွဲနေသော ဗုဒ္ဓဘာသာ သာသနာ့အလံဒီဇိုင်းကို တီထွင်ရေးဆွဲသူ ဖြစ်သည်)*



www.burmeseclassic.com

www.burmeseclassic.com



ကိုဟာသ်ာလည်း စီးကရက်ကို တစ်ရှိုက် အားရပါးရ ရှိုက်လိုက်ပြီးနောက် ...

"အခု မြန်မာပြည်ထဲကို ရောက်နေတယ်လို့ သတင်းကြားတာက အိန္ဒိယဂိုဏ်းခွဲမှူးလား၊ တရုတ်ဂိုဏ်းခွဲမှူးလား၊ ရန်ချို ပြောစမ်း"

"တရုတ်ကပါ ဆရာ။ သူ့နာမည်က 'ကောက်ပို့'တဲ့။ သူ့ရဲ့ မျက်နှာအစစ်ကိုတော့ ဘယ်သူမှ မမြင်ဖူးကြဘူး၊ သူ ဘယ်အရွယ်ရှိတယ်ဆိုတာတောင် တိတိကျကျ ပြောရခက်တယ်။ ဂမ္ဘီရပညာမှာ ထူးချွန်သလောက် သိပ်ရက်စက်တယ်လို့လည်း ကြားရတယ် ဆရာရဲ့။ သူတို့ စေတန်ဂိုဏ်းရဲ့ လာမယ့် ၈ နှစ်တစ်ကြိမ် ညီလာခံမှာတောင် 'ကောက်ပို့'က စေတန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်တော့မယ်လို့ သတင်းပြေးနေတာ ဆရာရဲ့"

"ကြိုက်ပြီကွာ ... ငါတို့နဲ့တော့ ပွဲကြီးပွဲကောင်းပဲဟေ့။ အဲဒီလို လူမျိုးနဲ့မှ ရင်ဆိုင်ချင်တာ"

ကိုဟာသ်ာက စားပွဲခုံကို လက်ဖြင့် အားရပါးရ ပုတ်ကာ ပြောလိုက်၏။

ထိုသို့ပြောနေကြချိန်တွင် ခြံစောင့်ဂေါ်ရခါးကြီးရောက်လာပြီး "ဆပ် ... ဆပ်ရဲ့မိတ်ဆွေ စီအိုင်ဒီက စုံထောက်ကြီး ဦးထွန်းအုပ် ရောက်နေပါတယ်"

ဟု သတင်းလာပို့သည်။

"အေး ... အေး အပေါ်ကို လွှတ်လိုက်။ ဩော် ... ပြီးတော့ ဖိုးထင်ကို ပြောလိုက်စမ်း၊ ငါတို့ လေးယောက်စာ ကော်ဖီင်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ထားလို့။ အဆင်သင့်ဖြစ်ရင် လာခေါ်လိုက်။ ကဲ ... သွား ... သွား"

ခြံစောင့်ကြီးက ကိုဟာသ်ာကို ခေါင်းငုံ့အရိုအသေပေးကာ လေ့ကားအတိုင်း ဖြည်းဖြည်းချင်း ဆင်းသွားသည်။

ခဏအကြာတွင် ဗိုက်အိုးကြီး အပြင်ဘက်သို့ စူထွက်နေသော အိုင်အိုထွန်းအုပ် တက်လာသည်။

"လာဗျို့ ... ကိုထွန်းအုပ်"

ကိုဟာသ်ာက ဖိတ်ခေါ်လိုက်သောအခါ ကိုထွန်းအုပ်က ဦးဖေသိန်းဘေးတွင် ဝင်ထိုင်လိုက်၏။ ရန်ချိုက ကိုထွန်းအုပ်အတွက် လက်ဖက်ရည်တစ်ခွက် ထည့်ပေးလေသည်။

ထိုအခါ ကိုဟာသ်ာက ...

"အိုင်အိုကြီးရေ ... ခင်ဗျားနဲ့ မိတ်ဆက်ပေးမယ်။ ဟောဒါ ကျုပ်ရဲ့ လက်ရုံးတပည့် ရန်ချိုတဲ့။ ရန်ချို ... ဒါ ... ငါ့မိတ်ဆွေ စီအိုင်ဒီက အိုင်အိုထွန်းအုပ်"

ရန်ချိုနှင့် ကိုထွန်းအုပ်တို့က တစ်ယောက်နှင့်တစ်ယောက် အသိအမှတ်ပြုကာ ပြုံးပြနှုတ်ဆက်လိုက်ကြ၏။

ကိုဟာသ်ာက ရေနွေးအိုးထဲမှ အခါးရည်ကို ငှဲ့ထည့်နေရင်း "ဘယ်လိုလဲ ကိုထွန်းအုပ်ရေ ...။ စီအိုင်ဒီမှာရော ဘာထူး သေးသတုန်းဗျ"

"အင်း ... ဘယ်လိုပြောရမလဲ။ အဲ ... စီအိုင်ဒီရုံးမှာ ကျုပ်က ဒီလအတွက် ပုလိပ်မင်းကြီး ရုံးကို တင်ပို့ဖို့ လချုပ် Criminal Report ကို ရေးနေတုန်း ပြီးခဲ့တဲ့ တစ်လလောက်က



www.burmeseclassic.com

www.burmeseclassic.com



ယောနယ်ဘက်မှာ ဖြစ်သွားတဲ့ အမှုတစ်ခုကို သတိထားမိလို့ ကိုဟသ်ာအတွက် အသုံးတည့်မလားဆိုပြီး လာပြောတာဗျို့ ...''

''ဆိုစမ်းပါဦး ... ကြားရတာပေါ့''

ထိုအခါ ဦးဖေသိန်းကလည်း သူ၏ မီးသေနေပြီဖြစ်သော ဗိုလ်လသာဆေးပြင်းလိပ်ကြီးကို ပါးစပ်မှ ချွတ်ကာ ...

''ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကျုပ်အတွက်တော့ သတင်းတစ်ပုဒ် ရတာပဲ''

အိုင်အိုထွန်းအုပ်က သူ့အတွက် ငှဲ့ထားပေးသော အခါးရည်ကို တစ်ငုံ ငုံကာ သူ၏ အင်္ကျီအိတ်ကပ်ထဲမှ ကတ်ကြေးတံဆိပ် ပိုလိုဘူးကို ထုတ်ပြီး အားရပါးရ ဖွာရှိုက်လိုက်၏။ ထို့နောက် ...

''ဒီလိုဗျ။ ဂန့်ဂေါနှင့် မဲရွာအလွန် ၃ မိုင်လောက် ဝေးတဲ့ ဒလက်ကုန်းရွာလေးမှာ သာကျော်ဆိုတဲ့ကုန်သည်တစ်ယောက် နေတယ်။ အဲ ... သူ့ရဲ့ အလုပ်ကတော့ဗျာ ... ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အစုန်အဆန်သွားနေတဲ့ လှေကြီးတွေနဲ့ လိုက်ပြီး ပခုက္ကူဘက်က ထွက်တဲ့ စောင်တွေ၊ ပုန်းရည်ကြီး၊ သနပ်ခါးတုံးတို့၊ ဘာတို့ပေါ့ဗျာ။ အညာဒေသထွက်ကုန်ပစ္စည်းတွေကို အောက်ပြည်အောက်ရွာမှာ လာရောင်းတယ်။ အဲ ... ပြီးရင် မအူပင်၊ ညောင်တုန်းဘက်က ငါးပိ၊ ငါးခြောက်တွေကို တင်ပြီး အညာဘက်မှာ ပြန်ရောင်းသတဲ့ဗျာ''

''ဟာ... ဒါများ ဘာဆန်းလို့လဲ အိုင်အိုကြီးရာ။ အဲဒီလို အညာ အစုန်အဆန်လှေကြီးတွေနဲ့ အပြန်အလှန်ခရီးသွားရင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်နေတဲ့ ကုန်သည်တွေများ အပုံကြီးပဲ ဥစ္စာ"

ဦးဖေသိန်းက စိတ်မရှည်ဟန်ဖြင့် ဝင်ပြောလိုက်သော်လည်း ကိုဟာသ်ကတော့ ပုံပြင်ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်နေရသကဲ့သို့ပင် ဆင်စွယ်စီးကရက်စွပ်တံကို နှုတ်ခမ်းတွင် တေ့သည်ဆိုရုံလေး တေ့ထားပြီး မျက်လုံးများ မှေးစင်းကာ နားထောင်နေ၏။ ရန်ချိုက လည်း ဘယ်ညာလက်နှစ်ဖက်ရှိ လက်ချောင်းကလေးများ၏ ထိပ် အချင်းချင်းကို ထိထားပြီး မျက်လုံးကို စားပွဲ မျက်နှာပြင် တစ်တောင် ခန့်အထိ ငြိမ်သက်စူးစိုက်ကြည့်နေသည်။

အိုင်အိုကြီးကတော့ သူ၏ ဆူဖြိုးလှသော ဝမ်းဗိုက်ဖောင်း ဖောင်းကြီးကို ပျင်းရိလေးတွဲ့စွာ ပွတ်ရင်း လက်ဖက်ရည်ကို နောက် တစ်ကျိုက် ကျိုက်လိုက်ပြီး

"ဒါတင်ဘယ်ကမလဲဗျာ။ ဆက်နားထောင်ပါဦးလေ။ အဲဒီ သာကျော်ဆိုတဲ့လူက ကုန်ရောင်းဖို့ မအူပင်ကို ရောက်တိုင်း တခြားကိစ္စတွေအားလုံး ဘာမှမလုပ်ခင် မအူပင်မြို့စွန်က ခရေပင်ဇောက်ထိုးလို့ ခေါ်တဲ့ အပင်ကြီးမှာ စားဦးစားဖျား တင်သတဲ့ဗျာ"

"ဟင် ... အဲဒီအပင်ကြီးက ဥစ္စာစောင့်ရှိတယ်ဆိုပြီး ခရေ ပင် ဇောက်ထိုးသိုက်ရယ်လို့ နာမည်ကြီးတယ် မဟုတ်လား"

"ဟုတ်ပါ့ဗျာ။ အဲဒီလို နာမည်ကြီးနေတဲ့ ခရေပင်ဇောက်ထိုးမှာ သွားပြီး စားဦးစားဖျား ကပ်နေရာကနေ တစ်နေ့မှာတော့ ..."

*



www.burmeseclassic.com

www.burmeseclassic.com



သာကျော်သည် မအူပင်သို့ ကုန်သွယ်ဖို့သွားရင်း မအူပင်မြို့စွန်ရှိ ခရေပင်ဖောက်ထိုးကြီးဆီသို့ ရောက်လာလေသည်။ ခရေပင်ကြီးအောက်သို့ ရောက်လာသောအခါ သူ အမြဲလုပ်နေကျအတိုင်း ပခုံးဆီမှ လွယ်ထားသော အိတ်ကို ဖြုတ်ကာ အထဲမှ ထမင်းထုပ်ကို ယူလိုက်၏။ ထို့နောက် သူက ထိုထမင်းထုပ်ထဲမှ တစ်ဝက်တိတိခွဲကာ အပင်ကြီး၏ ရှေ့တွင် တင်မြှောက်လိုက်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များလည်း ထွန်းကာ ပူဇော်ပသလေသည်။

"ကျွန်တော်မျိုး၏စားဦးစားဖျားကို နတ်ကောင်းနတ်မြတ်များအတွက် ကပ်လှူပါတယ်ခင်ဗျာ။ ကျွန်တော်မျိုး အရောင်းအဝယ်ကောင်းပြီး ဘေးအန္တရာယ်ကင်းရှင်းဖို့ စောင့်ရှောက်တော်မူပါ"

ဟု ရွတ်ဆိုပြီး အပင်ကြီးရှေ့တွင် လက်အုပ်ချီ ဦးခိုက်ပြီး တိုင်တည်ဆုတောင်း၏။ ထိုစဉ် ...

"အဟမ်း ... ဟမ်း"

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် သာကျော်က အသံလာရာ နောက်ဘက်ဆီသို့ အလန့်တကြား လှည့်ကြည့်လိုက်သည်။

ထိုအခါ လူတစ်ယောက်သည် သိုရင်းအင်္ကျီဟု ထင်ရသော အင်္ကျီအနီရောင် လက်ရှည် ဖိုးရိုးဖားရား စုတ်စုတ်ပြတ်ပြတ်ကို ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ခါးအောက်ပိုင်းတွင် ဘောင်းဘီရှည်ပွပွကို ခြေချင်းဝတ်တွင် ကြိုးဖြင့် စုပြီး ချည်ထားကာ အပေါ်ကလည်း အိန္ဒိယလူမျိုးများ ဝတ်ဆင်သည့် ဒိုတီကဲ့သို့ ရှည်လျားသောပိတ်စကို အောက်ပိုးကျိုက်၍ ဝတ်ဆင်ထားသည်ကို တွေ့ရ၏။ ဦးခေါင်းတွင် မည်သို့ ပုံပန်းသဏ္ဍာန်ရှိမှန်း ဖော်ပြရခက်သည့် ဦးထုပ်ပြားပြားကြီးတစ်လုံးကို နားရွက်ဖုံးအောင် ဝတ်ဆင်ထားသည်။

တစ်ကိုယ်လုံးခြုံ၍ ကြည့်လိုက်လျှင် အဝတ်အစားများက စုတ်ပြတ်ညစ်ထေးကာ အဝတ်အနီရောင်ကလည်း အရောင်လွင့်စပြု နေသည်မို့ အရူးတစ်ယောက်လိုလို၊ သူတောင်းစားလိုလို ဖြစ်နေ၏။ လက်ထဲတွင်လည်း ကြိမ်လုံးတစ်ချောင်း ကိုင်ထားသေးသည်။

ထိုလူ၏ မေးစေ့တွင်လည်း လက်လေးသစ်ခန့်မျှ ရှိသည့် မုတ်ဆိတ်ရှည်ရှည်ချွန်ချွန်ကို တွေ့လိုက်ရသောကြောင့် သာကျော်၏ စိတ်ထဲတွင် ...

"ကေန္တ ... ဒီလူဟာ ဆာဒူးကြီးနဲ့ တူပါတယ်။ ငါ့မှာ ကျန်နေတဲ့ ထမင်းထုပ်တစ်ဝက်ကို လှူလိုက်ရင် ကောင်း မလား။ ဟင် ... မဖြစ်သေးပါဘူး၊ ငါ့ထမင်းထုပ်က ငါးဟင်း တွေနဲ့ လူးနယ်ပြီးသားကြီး။ ဆာဒူးတွေက သက်သတ်လွတ်ပဲ စားတာလို့ ကြားဖူးတယ်။ ဒါမှမဟုတ် ..."

ဟု သာကျော်က တွေးလိုက်မိစဉ် ...

"ဟော့ ... ကောင်လေး၊ ငါက ဆာဒူးကြီးလည်း မဟုတ်ဘူး၊ မင်းဆီကလည်း ဘာမှ အလှူမခံဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ စိတ်ထဲမှ အတွေးများကို သိနေသော ထိုလူ၏ အပြော စကားကြောင့် သာကျော် အံ့သြသွား၏။

"ဟင် ... ဒါဆို ... ဒါဆို ဒီလူဟာ ဆာဒူးကြီးမဟုတ်ဘဲ အပင်စောင့် ရုက္ခစိုးများလား ..."

သာကျော်က စိတ်ထဲမှထပ်ပြီး တွေးမိသွားပြန်သည်။ ထိုအခါ အနီရောင်ဝတ်စုံနှင့်လူက ...

"ဟား ... ဟား ... တုံးပေ့ကွာ။ အပင်ကို စောင့်တဲ့သူ ဆိုမှတော့ ဘယ့်နှယ်လုပ်ပြီး ရုက္ခစိုးဖြစ်မှာလဲ ... ဥယျာဉ် စောင့်တဲ့ မာလီကုလားပဲ ဖြစ်တော့မှာပေါ့ကွ။ ဟား .. ဟား။ ဒီမယ် ဟေ့ကောင် .. မင်း ဉာဏ်မမီတာတွေကို အချိန်ကုန် ခံပြီး စဉ်းစားမနေနဲ့။ မင်းကို ပေးစရာရှိလို့ လာတာကွ"

ဟု ပြောပြောဆိုဆိုဖြင့် အနီရောင်လွယ်အိတ်စုတ်ကြီးထဲမှ တစ်ထွာသာသာခန့်စီရှိသော အောက်ခြေပြားပြား၊ လည်တံရှည်ရှည်နှင့် အဝကျယ်သော အိုးကလေး ၄ လုံးကို ထုတ်ယူလိုက်သဖြင့် သာကျော် ထပ်ပြီး အံ့သြသွားပြန်သည်။

"ရော့ ... ဒီမှာ ... ဟောဒါတွေကိုယူပြီး မင်း ဉာဏ်ရှိ သလို သုံးပေတော့ ..."

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

သာကျော်လည်း ထူးဆန်းလွန်းသော အဖြစ်ကြောင့် ပေးလာ သော အိုးလေးလုံးကို ယောင်ယမ်းပြီး ယူထားလိုက်၏။ ပြီးတော့မှ ...

"ဟို .. ဟို ... ဉာဏ်ရှိသလိုသုံး ဆိုတာ ဘာကိုပြောတာ လဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ‥ ဉာဏ်ရှိသလိုသုံး ဆိုမှတော့ မင်း ဉာဏ်ရှိသလို သုံးရမှာပေါ့။ တယ် … ငါ ရိုက်လိုက်ရ … နာတော့မယ်"

"အမယ်လေး … မလုပ်ပါနဲ့ဗျ။ သိပါပြီ …"

ထိုလူက ပြောလည်း ပြောရင်း လက်ထဲမှ ကြိမ်လုံးလေးကို ရွယ်လိုက်သောကြောင့် သာကျော်က ကြောက်ကြောက်နှင့် ခေါင်းငုံ့ချကာ လက်အုပ်ချီပြီး ကမန်းကတန်း ဦးသုံးကြိမ်ချ ကန်တော့လိုက်လေ၏။ ကန်တော့ပြီး၍ မော့ကြည့်လိုက်သောအခါ စောစောကလူကို မတွေ့ရတော့ချေ။ ရုတ်တရက် ကိုယ်ရောင် ပျောက်သွားသည့်အလားပင်။ သာကျော်လည်း အံ့ဩဖွယ်ကောင်းသည့်အဖြစ်ကြောင့် ကြက်သီး မွေးညင်းထသွားသည်။

"ဟင် … ဘယ်ရောက်သွားပြီလဲ။ ကိုယ်ရောင်ဖျောက် သွားတာလား။ ဒါဆို … ဒါဆို ဒီပုဂ္ဂိုလ်က အကျီက အနီ၊ တောင်ဝှေးလည်း ပါသေးတယ်ဆိုတော့ ဇော်ဂျီပဲ ဖြစ်ရမယ်။ ဘုရား … ဘုရား …။ တကယ်တော့ ဇော်ဂျီနဲ့ ငါတွေ့ခဲ့ ရတာပါလား။ ဘုရားပန်းအိုး ပေးသွားတယ်ဆိုတော့ ဒါဟာ ငါ့ကို သာသနာအလုပ်ပဲ လုပ်တော့လို့ ခိုင်းသွားတာများလား။ ဟုတ်ပါတယ်။ သေချာပါတယ်။ ဒါပဲ ဖြစ်မှာ"

ဟု သာကျော်က ဘုရားညောင်ရေအိုး ၄ လုံးကို ပွတ်သပ်ပြီး အပြန် အလှန် ကြည့်ရင်း တွေးမိနေလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုသာယာပြီး တိမ်ကင်းစင်သော နံနက်ခင်းတစ်ခုတွင် သာကျော်တစ်ယောက် ဒလက်ကုန်းရွာသို့ ပြန်ရောက်လာသည်။ သို့သော် အရင်အခေါက်များကဲ့သို့ အောက်ပြည်အောက်ရွာမှ ကုန်ပစ္စည်းများ မပါလာတော့ဘဲ လက်ချည်းသက်သက်ပြန်လာခြင်းပင်။

"မိန်းမရေ ... မိန်းမ"

မိန်းမဖြစ်သူက အိမ်ရှေ့မှ သာကျော်၏ခေါ်သံကြောင့် အံ့သြသွားကာ မီးဖိုခန်းထဲမှ ထွက်လာ၏။

"ဟင် ... ကိုသာကျော်။ ရှင် ဒီတစ်ခေါက် ခရီးထွက်တာ မြန်လှချည်လားတော့ ... ဘယ်မလဲ ကုန်တွေရော"

"လာစမ်းပါ မိန်းမရယ် .. ငါ အေးအေးဆေးဆေး ပြောပြမယ်"

ဟုဆိုကာ မိန်းမဖြစ်သူ၏ လက်ကို ဆွဲပြီး အိမ်ရှေ့ကွပ်ပစ်တွင် ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မရေ ... ပြောရမှာတော့ မယုံနိုင်စရာပဲဟေ့။ ငါ ဇော်ဂျီ နဲ့ တွေ့ခဲ့တယ်ကွ"

"ဟင် ... ဘယ်လို"

"ဟုတ်တယ်။ ငါ ဇော်ဂျီနဲ့တွေ့ခဲ့ရတယ်။ မင်းသိပါတယ်၊ ငါ ခရီးထွက်လို့ အောက်ပြည်အောက်ရွာကို ရောက်တိုင်း မအူပင် မြို့စွန်က ခရေပင်ဖောက်ထိုးကြီးမှာ စားဦးစားဖျားနဲ့ ပသနေ တုန်း မြူနှံးဆို ဇော်ဂျီတစ်ပါး ရောက်လာတာပဲ"

မိန်းမဖြစ်သူသည် သာကျော်၏ စကားကြောင့် မျက်မှောင် ကုတ်ကာ အံ့သြသွားမိ၏။ ထို့နောက် တစ်စုံတစ်ခုကို စိုးရိမ်ထိတ်လန့် သွားပြီး မသက်ာဟန်ဖြင့် ကြည့်လိုက်ပြီး ...

"ဘုရားရေ ... ကိုသာကျော် ... ရှင် ရူးသွားပြီလား။ ဘာတွေ လျှောက်ပြောနေတာတုန်း"

"ဘယ်ကလာ ရူးရမှာလဲ။ ငါ တကယ်ပြောနေတာ။ ငါတွေ့ခဲ့ တဲ့ ဇော်ဂျီက အင်္ကျီအနီရောင် ဝတ်စုံကို ဝတ်ထားတယ်။ တောင်ဝှေးတစ်ချောင်းလည်း ပါသေးတယ်။ ပြီးတော့ ဦးထုပ် ပြားကြီးတစ်ခုလည်း ဆောင်းထားတယ်။ နောက်ပြီး ..."

"အမယ်လေး ကိုသာကျော် ... တော်ပါတော့ ... မပြောပါ နဲ့တော့။ ဒီအတိုင်းဆို ရှင့်ကို အပမှီလာပြီထင်ပါရဲ့။ ဒုက္ခပါပဲ တော် ... အီး .. ဟီး .. ဟီး .."

သာကျော်၏ မိန်းမက သူ့စကားများကြောင့် ရုတ်တရက်လန့် ပြီး ငိုချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာအပမှီလာရမှာလဲ။ မဟုတ်ပါဘူးကွာ။ ဒီမှာ ... အထက်ပုဂ္ဂိုလ်တွေက ငါနဲ့ ပဋ္ဌာန်းဆက်ရှိလို့ ငါ့ကို အမိန့်ချမှတ်လိုက်ပြီကွ။ ငါ ဒီနေ့ကစပြီး ထွက်ရပ်လမ်းကိုပဲ ပေါက်မြောက်တဲ့အထိ တရားအလုပ်ကိုပဲ ဇောက်ချပြီး လုပ်တော့မယ်။ ကဲ ... ရော့၊ ဒီဉောင်ရေအိုး ၄ လုံးကို ယူပြီး ဘုရားပန်းအိုး ထိုးလိုက်"

သာကျော်က ပြောပြောဆိုဆို အိတ်ထဲမှ ဘုရားဉောင်ရေအိုး ၄ လုံးကို မိန်းမဖြစ်သူအား ထုတ်ပေးလိုက်၏။ မိန်းမဖြစ်သူလည်း မျက်လုံးအဝိုင်းသားဖြင့် အံ့ဩထိတ်လန့်နေရင်း လှမ်းယူလိုက်သည်။

"ကိုသာကျော်ရယ် ... ရှင် သတိထားပါဦး။ ရှင့်မှာ ဘာတွေ စိတ်ညစ်စရာရှိနေလို့လဲဟင်"

"ဟာ ... ရှင်မကတော့လေ။ ဒီမှာ မင်းတို့ရဲ့ အိမ်ထောင့်တာဝန်တွေကို ငါ ထမ်းလာခဲ့တာ တော်တော်ကြာပြီကွ။ အခု အထက်ပုဂ္ဂိုလ်တွေက ခိုင်းတဲ့ သာသနာရဲ့ ဝန်ကိုလည်း ထမ်းပါရစေဦး။ ကဲ ... သွား ... သွား။ ဘုရား ဉောင်ရေအိုး သွားလဲထားလိုက်ပေတော့ ..."

ထိုအချိန်မှစ၍ သာကျော်သည် အင်္ကျီအဖြူနှင့် ယောဂီရောင် ပုဆိုးကို ဝတ်ဆင်ပြီး ဘုရားစင်၏ရှေ့တွင် အကျအန တင်ပလ္လင်ခွေထိုင်ကာ မထတမ်း ပုတီးစိပ်နေလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်၊ သုံးရက်ခန့်အကြာတွင် သာကျော်၏သတင်းကား တစ်ရွာလုံး တောမီးပမာ ပျံ့နှံ့သွားတော့၏။ တချို့လူများက သာကျော့်ကို အပမှီလာသည်ဟုထင်ကာ ပယောဂဆရာပင့်ပြီး ကုသဖို့ အကြံပေးသည်။

တချို့ကလည်း သာကျော်တစ်ယောက် ရူးသွားပြီဟု ထင်သောကြောင့် မြို့မှ LMP ဘွဲ့ရ ကုလားဆရာဝန်နှင့်ပြသရန် အသီးသီး အကြံပေးကြလေသည်။

ရွာရှိ ကာလသားလူငယ်တစ်စုက သာကျော့်ဆီသို့ သတင်းလာမေးသလိုလို၊ နောက်ပြောင်သလိုလိုနှင့် အခြေအနေကို လာစပ်စုကြ၏။

"ဗျို့ . . . ကိုသာကျော်ကြီး . . . ဘယ်လိုလဲဗျ။ ထွက်ရပ်ပေါက်ဖို့ နီးပြီလား"

"ဟော့ . . . သာကျော်။ ငါကြားဖူးတဲ့ တရဖျားဆိုတဲ့ ဘုရင်ကတော့ ဖော်ဂျီနဲ့တွေ့ပြီး နတ်သမီးတစ်ပါးတောင်းနေသလို့



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးတယ်။ မင်းရော ဇော်ဂျီဆီက ဘာတောင်းခဲ့သတုံး ကွ ‥ ဟေ။ ဟား ‥ ဟား ‥ ဟား ‥"

"တရဖျားမင်းကတော့ နတ်သမီး တောင်းမိလို့ ရှုံးသွားပါလေရောလား။ သာကျော်ရေ ‥‥ မင်းလည်း ရှုံးနေဦးမယ် ကွနော် ‥ သတိလည်း ထားဦး"

ထိုသို့ သာကျော်၏အိမ်တွင် လူများ စုရုံးစုရုံးနှင့် တစ်ယောက်တစ်ပေါက် ဝိုင်းအုံ စနောက်နေကြလေသည်။ သူကြီးရောက်လာပြီး မောင်းထုတ်လိုက်မှ အားလုံး ပြန်သွားကြတော့၏။

နောက်ပိုင်း သာကျော်ကတော့ မိန်းမဖြစ်သူကိုပင် ဘုရားပန်းအိုး မလဲနိုင်းတော့ဘဲ ကိုယ်တိုင် နေ့စဉ်မှန်မှန် ပန်းလဲသည်။ အချိန်ရှိသရွေ့ ဘုရားစင်ရှေ့မှာပဲ ထိုင်ကာ စိပ်ပုတီး တချောက်ချောက် စိပ်နေလေတော့သည်။

အိမ်၏မည်သည့်ကိစ္စကိုမှလည်း စိတ်ဝင်တစား မေးမြန်းခြင်းမပြုတော့ဘဲ တရားထိုင်ခြင်းအလုပ်၌သာ ပျော်မွေ့နေတော့၏။

မိန်းမဖြစ်သူကတော့ 'စိတ်ချမ်းသာလျှင် ပြီးရော'ဟု သဘောထားကာ သာကျော်ကို ထိုအတိုင်းပင် ကြည့်နေရတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



လကွေးကွေးလေးသာနေသော ညတစ်ညတွင် သာကျော် တစ်ယောက် ညဥ့်နက်သည်အထိ မအိပ်သေးဘဲ တရားထိုင်နေလေ၏။ အိမ်တစ်အိမ်လုံးတွင် အသက်ရှူသံမှလွဲ၍ ပကတိတိတ်ဆိတ်ငြိမ်သက် နေသည်။

အပြင်ဘက်ဆီမှ ညဥ့်ငှက်လေးများ၏ အော်မြည်သံက အမှောင်ထုကိုဖြတ်ပြီး တစ်ချက်တစ်ချက် ကြားနေရ၏။ တစ်ခါတစ်ရံ မွှေ့လိုက်သည့် နွေဦးလေပြည်ကြောင့် သစ်ကိုင်းအချင်းချင်း ထိခတ်သံ များ၊ သစ်ရွက်များ၏ တရှဲရှဲမြည်သံများလည်း ကြားရသည်။

ထိုစဉ် တောအုပ်ဆီမှ တောခွေးတစ်ကောင်၏ စူးစူးဝါးဝါး အူလိုက်သည့်အသံက ရွာလေးဆီသို့ ပဲ့တင်ရိုက်ခတ်သွား၏။

"အူး .. အူး .."

ထိုစဉ် ခွေးအူသံနှင့် တစ်ဆက်တည်း ...

"ဒေါင် .. ဒေါင် .. ဒေါင် .."



www.burmeseclassic.com

www.burmeseclassic.com



ရွာကင်းအချက်ပေးသံချောင်းမြွှေသံများနှင့် အော်သံဟစ်သံများက တစ်ပြိုင်တည်းလိုလို ပေါ်ထွက်လာလေတော့၏။

"သူခိုး ... သူခိုး ... ကယ်ကြပါဦး"

"သူခိုးတဲ့ဟေ့ .. သူခိုးတဲ့ .."

"လိုက်ဟ .. လိုက်ဟ .. ဘယ်ဘက်ကို သွားတာလဲ"

"တုတ်တွေ ယူကြဟေ့ ... သူခိုးတဲ့နော် .."

"ဝိုင်းပါဟ ... ဝိုင်းကြပါဟ .. ဟိုဘက်ကို ပြေးပြီတဲ့"

ဆိုသော အော်သံများနှင့်အတူ အောက်လင်းဓာတ်မီးအလင်းရောင်များ လင်းထိန်သွားသည်။

"ဒူ .. ဒူ .. ဒူ"

ရွာသားများက သူကြီးအိမ်မှ မောင်းထုသံကြောင့် စုဝေးရောက်ရှိလာကြသည်။

"သူခိုးဘယ်မလဲ ... ဘယ်ဘက်ဆီ ပြေးပြီလဲ"

"သာကျော်တို့ အိမ်ဘက်ကလို့ ပြောတယ်"

"လိုက်ကြ .. ဝိုင်းကြ .. သာကျော်တို့ အိမ်ဘက်ကို သွားကြ"

သူကြီးက ရွာသူရွာသားများကို စုပြီး သာကျော်တို့အိမ်သို့ ကသောကမျော အပြေးလိုက်သွားကြသည်။ အိမ်ခြံဝင်းအတွင်းသို့ ခြေပင် မချရသေး။ သာကျော့်မိန်းမ၏ အော်ငိုသံကြီးကို ကြားလိုက်ရ၏။

"အောင်မလေး ... သူကြီးရဲ့၊ ကျွန်မယောက်ျား ကိုသာကျော့်ကို ကယ်ပါဦးတော့ .. အီး .. ဟီး .. ဟီး."



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနှင့် ရွာသားများ အိမ်ထဲသို့ ရောက်သွားချိန်တွင် သာကျော်တစ်ယောက် ခေါင်းတွင် သွေးများ ရွှဲကာ လဲကျနေ၏။ သူကြီးက အကျိုးအကြောင်း မေးကြည့်လိုက်သောအခါ . .

"ကိုသာကျော်က ညဥ့်နက်တဲ့အထိ နေ့တိုင်း တရားထိုင်တာ။ ကျွန်မကတော့ အိပ်နေတာပေါ့။ သန်းခေါင်ကျော်ကျော်လောက်မှာ ကိုသာကျော့်သေတ္တာကို လှန်လှောပြီး အထဲကပစ္စည်းတွေကို ရှာနေတဲ့ အသံတွေကြောင့် ကျွန်မလည်း နိုးသွားတယ်။ မီးခွက်ရှာရ၊ မီးခြစ်ရှာရနဲ့ နည်းနည်းတော့ ကြာသွားတယ်။ မီးထွန်းပြီး ကြည့်လိုက်တဲ့အခါကျတော့ သူခိုးနဲ့ ကိုသာကျော်တို့ လုံးထွေးသတ်ပုတ်နေတာကို တွေ့လိုက်ရတယ်။ ကျွန်မလည်း လန့်ပြီး အော်လိုက်ရော သူခိုးက ကိုသာကျော့်ခေါင်းကို ရိုက်ပြီး ပြတင်းပေါက်က ခုန်ဆင်းပြေးသွားတော့တာပဲ"

"ဟင် . . နင် သူခိုးကို မြင်လိုက်ရလား . . ."

"မြင်လိုက်ရတယ်။ အင်း . . ထူးခြားတာက အဲဒီလူမှာ မျက်နှာနှစ်ဖက်နဲ့ သူကြီးရဲ့ . .။ ရှေ့မှာ မျက်နှာတစ်ခုအပြင် နောက်စေ့မှာလည်း မျက်နှာတစ်ခုပါသေးတယ်"

"ဟာ . . မယ်ခင်ကတော့ တောက်တီးတောက်တဲ့ဟယ်၊ ဘာတွေလျှောက်ပြောနေတာတုံး။ သူခိုးမှာများ မျက်နှာနှစ်ဖက်ရှိရတယ်လို့။ ညအမှောင်မှာ မြင်ချင်ရာ မြင်နေတော့တာပဲ"

"မဟုတ်ဘူး . . မဟုတ်ဘူး သူကြီး။ ကျွန်မ တကယ်ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ‥ တော်တော့။ မြင်လည်း နောက်မှပဲ ပြောတော့။ အခု … နင့်ယောက်ျားကို ဆေးကုဖို့ လုပ်ရဦးမယ်။ ဆေးဆရာ ဦးစံမြကို သွားပင့်ခဲ့ကြ"

ဆေးဆရာရောက်လာပြီး ကုသပေးသောအခါ သာကျော် သတိပြန်ရလာသည်။ သို့သော် ထိုသို့သတိရချိန်ကစပြီး သူ့မျက်လုံးများသည် ပုံမှန်လူတစ်ယောက်ကဲ့သို့ မဟုတ်တော့ဘဲ ချာချာလည်လည်နေလေ၏။

ထိုအချိန်မှစ၍ သာကျော်တစ်ယောက် သွက်သွက်ခါအောင် ရူးသွားလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုထွန်းအုပ်က သာကျော်၏အကြောင်းကို တောက်လျှောက် ပြောနေရသောကြောင့် မောသွားဟန်ဖြင့် ခဏနားလိုက်ပြီး ကောက်ညှင်းလက်ဖက်ခြောက်ရနံ့ မွှေးကြိုင်နေသည့် ရေနွေးကြမ်းကို မော့သောက်လိုက်လေသည်။

ထိုစဉ်မှာပင် ထမင်းချက် ဖိုးထင်ရောက်လာပြီး လက်နှစ်ဖက်ကို နောက်ပစ်ကာ ကိုယ်ကို ယို့လျက် ...

"ဆရာတို့အတွက် ထမင်းပွဲ အသင့်ဖြစ်ပါပြီ ခင်ဗျာ။ ကြွရောက်သုံးဆောင်နိုင်ပါပြီ"

ကိုဟာသ်ာနှင့် ရန်ချို့တို့က ထမင်းစားခန်းဆီသို့ သွားရန် ထလိုက်ကြသော်လည်း ဦးဖေသိန်းကတော့ ...

"ဘယ့်နှယ်ဗျာ ... ကိုထွန်းအုပ်ပြောတာ နားထောင်လို့ ကောင်းတုန်း ရှိသေးတယ်။ ထမင်းသွားစားရမယ်ဆိုတော့ ဆန့်တငင်ငင်ကြီးဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ကိုဟာသ်ာက ပြုံးလိုက်ရင်း ...

"လာပါဗျာ ... ထမင်းစားပွဲမှာ ဆက်ပြောလည်း ရပါတယ်။ ကျုပ်ကတော့ ကိုထွန်းအုပ်ပြောတဲ့အဖြစ်အပျက်ထဲမှာ စိတ်ဝင်စားစရာ သဲလွန်စလေးတွေ တွေ့ထားပြီဗျို့ ..."

"ဘာသဲလွန်စလဲ ဆရာကိုဟာသ်ာ။ ဟို .. ထူးဆန်းတဲ့ ဖော်ကျီ အကြောင်းလား"

"ဒါလည်း တစ်ခုအပါအဝင်ပဲ ရှန်ချိုရဲ့။ အနီရောင်ဝတ်စုံကို ဝတ်ထားတာဟာ ဇာတ်ပွဲတွေထဲမှာ ဖော်ကျီဝတ်တဲ့ဝတ်စုံ ဖြစ်နိုင်သလို နတ်ဆိုးကို ကိုးကွယ်တဲ့ မိစ္ဆာအစီအရင် အနီရောင် အဝတ်အစားလည်း ဖြစ်နိုင်တာပဲလေ"

ဟု တစ်လုံးချင်း လေးလေးနက်နက် ပြောလိုက်လေတော့ သည်။

*



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"ကျွန်တော် မသိလို့ မေးပါရစေဦး ကိုဟာသ်ရဲ့။ ဒီကိစ္စမှာ မိစ္ဆာနတ်ဆိုးတွေ၊ စေတန်ကောင်တွေက ဘာဖြစ်လို့ ဝင်ပြီး ပတ်သက်နေကြတာလဲ"

ဟု ထမင်းဝိုင်းတွင် ထိုင်မိလျှင် ထိုင်မိချင်း အိုင်အိုထွန်းအုပ်က မေးလိုက်လေသည်။ ဦးဖေသိန်းကလည်း . . .

"ဟုတ်တယ်ဗျို့ . . . ကျုပ်လည်း ဟိုတစ်နေ့က ကိုဟာသ် ပြောပြတဲ့ ကြေးခေတ်၊ သံခေတ်၊ ရွှေခေတ်တွေ . . . ရဲ့ စွမ်းအင်ကိုယ်စားပြုဒဂါးပြားလေးတွေကို စေတန်ဂိုဏ်းက ကောင်တွေ လုသွားတာနဲ့ ပတ်သက်ပြီး အသေးစိတ်သိချင် နေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com


ထိုအမေးစကားများကြောင့် ထမင်းစားပွဲကြီး၏ထိပ်ဆုံးတွင် ထိုင်နေသော ကိုဟသ်ာက ထမင်းချက်ဖိုးထင် ဖျော်စပ်ပေးထားသည့် ဂမုန်းနက်ဥဖျော်ရည်ကို တစ်ငုံသောက်လိုက်ရင်း ...

"ခင်ဗျားတို့နှစ်ယောက်စလုံးရဲ့မေးခွန်းတွေက ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့မှာ ကမ္ဘာပျက်လိမ့်မယ်ဆိုတဲ့ ရှေးဖြစ်ဟောကိန်းတစ်ခုမှာ အခြေခံနေတယ်ဗျ။ ဟိုတစ်နေ့က ကျုပ်ပြောခဲ့သလိုပဲ စကြဝဠာရဲ့သက်တမ်းကို ခေတ်ကြီး ၄ ခေတ်ပိုင်းခြားတာဟာ သာမညသင်္ချာမဟုတ်ဘူး။ လူဟာ အနန္တစကြဝဠာကြီးထဲက စကြဝဠာငယ်ပုံစံအသေးစားလေးတစ်ခုပဲ။ လူ့ရဲ့သက်တမ်းကို ၇၂ နှစ်လို့ ပျမ်းမျှသတ်မှတ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာကြီးရဲ့ အီကွေတာမျဉ်းပေါ်နေမင်း တည့်တည့်ကျရောက်တဲ့အမှတ်ဟာ ၇၂ နှစ် ကြာတိုင်း တစ်ဒီဂရီ တိုးသွားလို့ပဲ"

"ဩော် ... ဒါကြောင့် လူ့သက်တမ်းသတ်မှတ်ချက်ဟာ ၇၀ နဲ့ ၈၀ ကြားလို့ သိပ္ပံပညာရှင်တွေက ပြောကြတာကိုး"

"အင်း ... တိတိကျကျပြောရရင်တော့ ၇၂ နှစ်ပဲ။ အဲဒီထဲမှာမှ လူဟာ ၁၈ နှစ်ကြာတိုင်း အသက်တာ တစ်ဆစ်ချိုးပြောင်းတယ်။ မွေးစကနေ ၁၈ နှစ် အရွယ်အထိကို ရွှေခေတ်လို့ ခေါ်တယ်။ ငွေခေတ်ကတော့ ၁၈ နှစ်ကနေ ၃၆ နှစ် အထိပေါ့ဗျာ။ ကြေးခေတ်ကတော့ အသက် ၅၄ နှစ် အရွယ်ထိပဲပေါ့။ ၅၄ နှစ်ကနေ နောက်ဆုံးကွယ်လွန်ရမယ့် ၇၂ နှစ် အထိကာလကိုတော့ သံခေတ်လို့ ခေါ်တယ်ဗျ။ တစ်နည်းအားဖြင့်


www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် လူ့ဘဝရဲ့ နောက်ဆုံးအချိန်ကာလအပိုင်းအခြား ပေါ့ဗျာ”

ထိုစကားကြောင့် ဦးဖေသိန်း၏ပါးစပ်မှာ အဟောင်းသား ဖြစ်သွားပြီး သွားဖြင့် ကိုက်ထားသော မီးသေနေသည့် ဆေးပြင်းလိပ် ကြီးက ဒေါက်ခနဲ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။

ထို့နောက် အထိတ်ထိတ်အလန့်လန့်ဖြင့် …

“ဒါ .. ဒါဆို ကျုပ်တို့ ကမ္ဘာမြေကြီးက သံခေတ်ရောက်နေ ပြီ ဆိုတော့ ကွယ်လွန်ပျက်စီးရမယ့် နောက်ဆုံးအချိန်ကို ရောက်နေပြီပေါ့နော် … ဟုတ်လား .. ကိုဟာသ်ာ”

သူ့လိုပင် အိုင်အိုထွန်းအုပ်လည်း အလန့်တကြား ဖြစ်သွားပုံ ပေါ်သည်။ ဆူဖြိုးနေသော ဝမ်းဗိုက်ပေါ်သို့ လက်အစုံတင်ရင်း မျက်လုံး အပြူးသားနှင့် စိုက်ကြည့်နေ၏။

ထိုစဉ်မှာပင် ထမင်းချက်ဖိုးထင်က အငွေ့တထောင်းထောင်း ထနေသော ထမင်းနှင့် ဟင်းများကို စားပွဲပေါ် ခင်းကျင်းပေးသည်။ ကိုဟာသ်ာက …

“ကဲ … သုံးဆောင်ကြပါဦးဗျာ”

ဟု ပြောလိုက်သော်လည်း အိုင်အိုထွန်းအုပ်က …

“ထမင်းတွေ၊ ဟင်းတွေ ဘယ်လောက်ကောင်းကောင်း ကမ္ဘာ ကြီး ပျက်မယ်လို့ ကြားတာနဲ့ပဲ ကျုပ်ဖြင့် စားချင်စိတ်တောင် မရှိတော့ပါဘူးဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုဟာသ်ာရေ ... ဒီအကြောင်းကိုတော့ ကျုပ်တို့ ရင်ထဲမှာ ကျေကျေလည်လည်ဖြစ်တဲ့အထိ ရှင်းမှ ဖြစ်တော့မယ်ဗျို့ ..."

ဟု ဦးဖေသိန်းကပါ နားပူနားဆာလုပ်သဖြင့် ကိုဟာသ်ာက တစ်ချက် ပြုံးလိုက်ပြီး ...

"ကဲ ... စားစရာ ရှိတာသာ စားကြစမ်းပါဗျာ။ ပြီးသွားတဲ့အခါကျတော့မှ ထမင်းလုံး စီရင်းနဲ့ အေးအေးဆေးဆေး ရှင်းပြပါ့မယ်"

*



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားသောက်ပြီးကြသောအခါ ကိုဟသ်ာတို့က ဝရန်တာတွင် မထိုင်တော့ဘဲ ခြံထဲသို့ ဆင်းလာကြ၏။ ရာသီဥတုမှာ သာသာယာယာရှိပြီး ကောင်းကင်တစ်ခွင်တွင်လည်း တိမ်မျှင်တစ်စ မရှိဘဲ ပကတိပြာလွင်နေသည်။

ခြံထဲသို့ လမ်းလျှောက်သွားနေကြရင်း ဦးဖေသိန်းက ဗိုလ်လသာဆေးပြင်းလိပ်ကို အိတ်ထဲမှ ထုတ်ကာ မီးညှိလိုက်ရင်း ...

"စောစောက ကိုဟသ်ာပြောတဲ့ ကမ္ဘာပျက်မယ်ဆိုတဲ့ အကြောင်း ဆက်ရှင်းပြပါဦးဗျ"

ဟု ပြောကာ ဆေးလိပ်ကြီးကို နှုတ်ခမ်းတွင် တေ့လိုက်၏။

ဦးဖေသိန်း၏ အလောတကြီးအမေးကြောင့် ကိုဟသ်ာက အသံထွက်အောင်ပင် ရယ်လိုက်မိသည်။

"ဟင်း .. ဟင်း .. ဦးဖေသိန်းက အဲဒီအကြောင်းကို အတော်လေး စိတ်ဝင်စားနေတယ်။ ဟုတ်စ။ ရှင်းပြပါ့မယ်ဗျာ။ ရှင်းပြပါ့မယ်။ ခင်ဗျားတို့ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားတဲ့အထိ ကျုပ်က ပြောပြမှာပါဗျ။ ကဲ ... ခုံမှာ ထိုင်လိုက်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဟာသ်ာက ပြောပြောဆိုဆိုနှင့် အရိပ်ကောင်းသော မန်ကျည်းပင်အောက်တွင် စီတန်းလျက် ချထားသည့် ပက်လက်ကုလားထိုင်များထဲမှ အလယ်ခုံတစ်လုံးပေါ်သို့ ထိုင်ချလိုက်သည်။ ဦးဖေသိန်းတို့ကလည်း ဘယ်ညာကပ်လျက် ခုံများတွင် ဝင်ထိုင်လိုက်ကြ၏။ မန်ကျည်းပင်ကြီးမှာ အရိပ်ကောင်းလှ၍ နေပြောက်တစ်စမထိုးဘဲ အေးမြလှသည်။

ကိုဟာသ်ာက သူ၏ ဆင်စွယ်စွပ်တံနှင့် ဂွန်ပလေးယားစီးကရက်ကို နှုတ်ခမ်းတွင်တေ့ကာ မီးညှိဖွာရှိုက်လိုက်၏။ ဦးဖေသိန်းနှင့် အိုင်အိုကြီးက ကိုဟာသ်ာထံမှ ထွက်လာမည့်စကားသံကို ငံ့လင့်စောင့်ဆိုင်းနေသလို ငြိမ်သက်နေသည်။

ရန်ချိုကတော့ သူ့ကုလားထိုင်ဘေးဘက် မြေပေါ်တွင် ကျနေသော မန်ကျည်းကိုင်းတုတ်ချောင်းလေးဖြင့် မြေပြင်ပေါ်ကို ဘာရယ်မဟုတ် ရေးခြစ်နေလေ၏။

ထိုစဉ် ကိုဟာသ်ာထံမှ ချောင်းဟန့်သံနှင့် တစ်ဆက်တည်း . . .

"အဟမ်း . . . အဟမ်း . . . ဒီလိုဗျ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀၀ ခန့်က အမေရိကတိုက်အလယ်ပိုင်းမှာ မာယာယဉ်ကျေးမှု ထွန်းကားခဲ့တယ်။ အဲဒီမာယာလူမျိုးတွေရဲ့ ပြက္ခဒိန်ကို Tzolkin လို့ခေါ်တယ်။ ဇို(လ်)ကီး(န်)လို့ အသံထွက်တယ်။ သူတို့ပြက္ခဒိန်မှာ ဂဏန်း ၁၃ လုံးနဲ့ နေ့ရက်သင်္ကေတ ၂၀ ပါတယ်။ နေ့ရက်သင်္ကေတတစ်ခုစီမှာ စကြဝဠာလုံးဆိုင်ရာ ဂမ္ဘီရသင်္ကေတတွေလည်း ပါတယ်။ အဲဒီပြက္ခဒိန်ဟာ စကြဝဠာကြီးထဲမှာရှိတဲ့ နယ်ပယ်အမျိုးမျိုးမှာ လူရှားသက်ဝင်နေအောင် ဖန်တီးထားတဲ့သော့ချက်ပဲဗျို့



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်လည်း သူတို့တစ်ခါမှ မကြားဖူးသော အကြောင်းအရာများ ဖြစ်နေ၍ စိတ်ဝင်တစား စူးစိုက်နားထောင်နေသည်။ ကိုဟာသ်ာပြောသည်ကိုပဲ အာရုံစိုက်နေ၍ ဦးဖေသိန်း၏ သောက်လက်စ ဆေးပြင်းလိပ်ကြီးမှာ မီးသေစ ပြုနေလေပြီ။

ကိုဟာသ်ာက ဆက်ပြီး . . .

"မာယာလူမျိုးတွေက ရက်ပေါင်း ၂၆၀ ကို စက်ဝိုင်းတစ်ပတ်လည်တယ်လို့ ယူဆကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က လူဟာ စကြဝဠာကြီးရဲ့ပုံတူအသေးစားဖြစ်စဉ်လေးလိုပဲ ခံယူထားကြတာလေ"

"ဘယ်လို . . . ဘယ်လို ကိုဟာသ်ာ။ သူတို့က တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက်မဟုတ်ဘဲ ၂၆၀ ရက်ပဲ ရှိတယ်လို့ ယူဆထားကြတာလား"

အိုင်အိုထွန်းအုပ်က မေးလိုက်၏။ ကိုဟာသ်ာက . . .

"ဟုတ်တယ်ဗျို့။ သူတို့က သူတို့နည်း၊ သူတို့ဟန်နဲ့ တွက်ချက်ထားကြတာ။ ကျုပ်တို့ အယူအဆက လူဟာ မိဘရဲ့ ဝမ်းကြာ တိုက်ထဲကို ရောက်ပြီး ၉ လအကြာ၊ တစ်နည်းဆိုရရင် ရက်ပေါင်း ၂၇၀ ပေါ့ဗျာ။ အဲဒီ ၉ လ အကြာမှာ လူသားဘဝကို အစပြုတာပဲလို့ ယူဆထားကြတယ်မဟုတ်လား။ ဆိုလိုတာက နောက်ဆုံး ရာသီလာတဲ့ရက်စွဲကနေ ရက်ပေါင်း ၂၈၀ အကြာမှာ မွေးဖွားတယ်လို့ တွက်ကြတာလေ။ အဲ . . . ဒါပေမဲ့ မာယာတွေကတော့ သန္ဓေသားက ကိုယ်ဝန်အဖြစ် စတင်ဖွံ့ဖြိုးတဲ့အချိန်ကနေ ရက်ပေါင်း ၂၆၀ အကြာမှာ



www.burmeseclassic.com

www.burmeseclassic.com



မွေးခွားတယ်ဆိုတာ တွက်ချက်တွေ့ရှိထားကြတယ်''

ထိုစဉ် ဦးဖေသိန်းက . . .

''ဟင် . . . ဒါဆို သူတို့က လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက ကြိုတင်ပြီး ဆေးဘက်ဆိုင်ရာ သိပ္ပံပညာတွေကို တွက်ချက်နိုင်တဲ့သဘောပေါ့နော်''

''အင်း . . . သူတို့က အဲဒီလိုယူဆတွက်ချက်ထားလို့ လူသားရဲ့ မွေးနေ့ဟာလည်း အခု ခင်ဗျားတို့၊ ကျုပ်တို့ ကျင်းပနေကြသလို ၃၆၅ ရက်ကြာမှ တစ်ကြိမ် မဟုတ်ဘဲ ရက်ပေါင်း ၂၆၀ မှာ တစ်ကြိမ် အသက် တစ်နှစ်တိုးတာပေါ့ဗျာ''

''အင်း . . . ဒီလိုဆိုတော့ သူတို့အယူအဆကတောင် ပိုပြီး ယုတ္တိရှိသလို ဖြစ်နေပါကလားဗျာ''

''ယုတ္တိရှိရုံတင်မကဘူးဗျို့။ တိုက်ဆိုင်တာ တစ်ခုပြောရဦးမယ်။ ဂွါတီမာလာမှာရှိတဲ့ မာယာလူမျိုးတွေရဲ့ စိုက်ပျိုးရေးကာလဟာ မြေပြင်ကို စတင်ပြင်ဆင်ထွန်ယက်တာကနေ စရေတွက်ရင် ကောက်ရိတ်သိမ်းချိန်ဟာ ရက်ပေါင်း ၂၆၀ တိတိမှာ ကျရောက်တယ်။ အဲဒီလိုနေ့မှာ ကောက်ရိတ်သိမ်းပွဲတော်ကို ကျင်းပပြီး သူတို့ရဲ့ နတ်ဘုရားကို ပူဇော်ပသကြတော့တာပါပဲဗျာ။ သူတို့နတ်ဘုရားကို ပူဇော်ပသရပုံကလည်း ဆန်းတယ်ဗျ။ နောက်များ ကြုံတော့မှပဲ ပြောပြတော့မယ်''

ထိုစဉ် ထမင်းချက် ဖိုးထင် ရောက်လာပြီး ရေနွေးကြမ်းတစ်အိုးနှင့် ပန်းသီးစိတ်လေးများ ထည့်ထားသော ပန်းကန်ပြားကို သယ်ဆောင်လာ စားပွဲပေါ်သို့ လာချပေးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဘာများ လိုပါသေးသလဲ"

"မလိုဘူး .. မလိုဘူး .. ရပြီ"

ဖိုးထင်က ကိုဟာသ်ာကို ဦးညွှတ်အရိုအသေပေးကာ အိမ်ထဲ ပြန်ဝင်သွားသည်။ ကိုဟာသ်ာက ရေနွေးအိုးထဲမှ အခါးရည်တစ်ခွက် ငှဲ့လိုက်၏။ ထို့နောက် ကြွေပန်းကန်ပြားထဲမှ ပန်းသီးစိတ်လေးတစ်ခုကို ကိုက်စားလိုက်ရင်း ...

"ကဲ ... ထမင်းစားပြီးပြီဆိုတော့ အချိုလေး တည်းလိုက်ကြပါဦး"

ပြောပြောဆိုဆိုနှင့် ပန်းသီးပန်းကန်ကို ဦးဖေသိန်းတို့ရှေ့သို့ တိုးပေးလိုက်သည်။ အိုင်အိုထွန်းအုပ်က ...

"ပန်းသီးက နောက်မှစားလည်း ရပါတယ်ဗျာ။ စောစောက ပြောတဲ့အကြောင်းလေးသာ ဆက်ပြောပြပါဦး။ ကျုပ်က သိပ်သိချင်နေပြီ ကိုဟာသ်ာရဲ့"

"ကောင်းပါပြီဗျာ။ ကျုပ် ဆက်ပြောပြပါ့မယ်"

ဟု ပြောရင်း စားလက်စ ပန်းသီးစိတ်ကို လက်မှသတ်လိုက်၏။

"အဲ ... စောစောကပြောတဲ့ မာယာလူမျိုးတွေရဲ့ ဇိုလ်ကီး(န်) ပြက္ခဒိန်ဟာ ဘယ်လောက်တောင် တိကျသလဲဆိုရင် နေကြတ်၊ လကြတ်မယ့်အချိန်တွေ၊ နေ လ နက္ခတ်တာရာတွေရဲ့ လမ်းကြောင်းနဲ့ လှုပ်ရှားပြောင်းလဲမှုတွေကိုပါ ဖော်ပြထားတာဗျ။ ဥပမာပြောရရင်ဗျာ ... သောကြာဂြိုဟ်ကို ရှာဖော်ဝတ်ပြုရမယ့်နေ့ဆိုတာပါ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို၊ သောကြာဂြိုဟ်ကို ပူဇော်ဝတ်ပြုရမယ့်နေ့ ဟုတ်လား။ ထူးဆန်းပါပေ့ဗျာ။ ကျုပ်တစ်သက် တစ်ခါမှ မကြားဖူးဘူး"

ဦးဖေသိန်းက အံ့သြစွာ ရေရွတ်ပြောဆိုလိုက်သည်။ ကိုဟာသ်ာက တစ်ချက်ပြုံးလိုက်ပြီး–

"အဲဒါထက် ထူးဆန်းတာတစ်ခု ရှိသေးတယ်ဗျို့။ အဲဒီ သောကြာဂြိုဟ်ရဲ့ပတ်လမ်းဟာ နှစ်ပေါင်း ၁၀၄ နှစ်မှာမှ တစ်ပတ်ပြည့်တာဗျ"

"အို့... မနည်းပါလား။ ၁၀၄ နှစ် ဟုတ်လား ကိုဟာသ်ာ"

အိုင်အို ထွန်းအုပ်က အထိတ်တလန့်ဖြင့် မယုံကြည်နိုင်သလို ပြောလိုက်သည်။

"ဟုတ်တယ်၊ ၁၀၄ နှစ်ပဲ။ အဲဒီလို သောကြာဂြိုဟ် တစ်ပတ်ပြည့်တဲ့နေ့တိုင်းဟာလည်း ဇိုလ်ကီး(န်း)ပြက္ခဒိန်ရဲ့ ပထမဦးဆုံးရက် 1 Ahau ရက်မှာပဲ အမြဲတမ်း ကျရောက်တယ်။ မာယာလူမျိုးတွေရဲ့ တွက်ချက်ပုံကို ပြောပြရမယ်ဆိုရင်တော့ ဟောဒီမှာကြည့်ကြ ..."

| | | |
|---|---|---|
| ၁ ရက် | = | 1 kin |
| ၂၀ ရက် | = | 1 uimal (Vague month) |
| ၃၆၀ ရက် | = | 1 tun (Vague years) |
| ၇၂၀၀ ရက် | = | 1 katun (19.7 years) |
| ၁၄၄၀၀၀ ရက် | = | 1 baktun (394.26 years) |



www.burmeseclassic.com

www.burmeseclassic.com



ကိုဟသ်ာက ပြောပြောဆိုဆိုနှင့် အနီးရှိ တုတ်တိုလေး တစ်ချောင်းကို ကောက်ယူပြီး အထက်ပါအတိုင်း ရေးပြလိုက်လေသည်။

ဦးဖေသိန်းနှင့် အိုင်အို ထွန်းအုပ်တို့က ကိုဟသ်ာ ပြောပြ၊ ရေးပြသမျှကို အာရုံစိုက်ပြီး ကြည့်နေ၏။

ကိုဟသ်ာက သူ၏လက်ထဲမှတုတ်လေးကို မြေကြီးပေါ် ပြန်ချကာ ပက်လက်ကုလားထိုင်ကျောမှီကို အားရပါးရ လှဲချလိုက်ပြီး–

"အခုတွက်ပြသလိုပဲ နောက်ဆုံး တစ် baktun ဟာ ရက်ပေါင်း ၁၄၄၀၀၀ နဲ့ ညီမျှတယ်။ ။ တွေ့တယ်မဟုတ်လား။ အဲ။ ။ အဲဒါကို ၁၃ နဲ့မြှောက်လိုက်ရင်။ ။"

"ဒါနဲ့ နေစမ်းပါဦးဗျ။ ဘာဖြစ်လို့ ၁၃ ဂဏန်းနဲ့ မြှောက်ရတာလဲ"

ရေနွေးငှဲ့ဟန်ပြင်နေသည့် ဦးဖေသိန်းက ဆက်မငှဲ့ဖြစ်သေးဘဲ ရေနွေးအိုးကို ကိုင်မြှောက်ထားရင်း မေးလိုက်၏။

"ဒီလိုလေဗျာ၊ ပြက္ခဒိန်မှာ စထားတဲ့ရက်စွဲက ဩဂုတ်လ ၁၁၊ ၃၁၁၄ ဘီစီ ဖြစ်လေတော့ အဲဒီလို ပြက္ခဒိန်စတဲ့ ရက်စွဲကို သုညရက်စွဲ သတ်မှတ်ဖို့ ခေါ်ဝေါ်ပြီး ဟောဒီလို သတ်မှတ်တယ်"

၀.၀.၀.၀.၀

ကိုဟသ်ာက ကုလားထိုင်ဘေးမှ တုတ်ချောင်းလေးကို ပြန်ယူကာ မြေကြီးပေါ်တွင် အထက်ပါအတိုင်း ရေးပြလိုက်ပြန်သည်။ ထို့နောက် သူက–



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့.. ပြက္ခဒိန် အဆုံးသတ်မယ့်ကာလကို နောက်ဆုံး ရက်စွဲလို့ခေါ်ပြီး 13.0.0.0.0 လို့ သတ်မှတ်ထားကြတယ်"

"အလို.. အဲဒါကြောင့် အနောက်တိုင်းသားတွေက ၁၃ ဂဏန်းကို ကမ္ဘာပျက်မယ့် ဂဏန်းဆိုပြီး ကြောက်နေကြတာ ကိုး"

"ဟုတ်တယ် ဦးဖေသိန်းရေ...၊ ဒါကြောင့် စောစောကပြော ခဲ့တဲ့ baktun ကို ၁၃ နဲ့ မြှောက်လိုက်တဲ့အခါ ရလာတဲ့ နေ့ ရက်ပေါင်း ၁၈၇၂၀၀ ကို ရေတွက်လိုက်တော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်က တည့်တည့်ကြီးကို ကျနေပြန်ပါလေ ရော ဗျာ"

"ဩော်.. လက်စသတ်တော့ ဒါကြောင့်ကိုး"

ထိုစဉ် တခေါခေါနှင့် ကျယ်လောင်သော ဟောက်သံပေါ်လာ သဖြင့် ဦးဖေသိန်းက ခေါင်းထောင်ပြီးကြည့်လိုက်ရာ အစွန်ဆုံး ပက်လက် ကုလားထိုင်တွင် လဲလျောင်းနေသည့် ရန်ချိုတစ်ယောက် နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရလေသည်။

ထိုအခါ အိုင်အို ထွန်းအုပ်က–

"ဘယ့်နှယ်ဗျာ၊ နေ့လယ်စာ စားပြီးပြီးချင်း ကျုပ်တို့လို လူ ကြီးတွေကပဲ တစ်ရေးတစ်မော အိပ်နေကျပါ။ ဒီတစ်ခါတော့ ကိုဟာသ်ာတပည့် ရန်ချိုက ကျုပ်ထက် သာသွားပါပေါ့လား"

ဦးဖေသိန်းကလည်း

"ဟုတ်ပ ကိုဟာသ်ာရေ..။ ခင်ဗျားတပည့်က ခင်ဗျားပြော တာကို နားမထောင်ဘဲ အိပ်လိုက်တာ သိုးနေပါရောလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဟာသ်ာက ပြုံးပြီး ဝှုန်ပလေးယားစီးကရက်ကို ဖွာရှိုက်ရန် ဟန်ပြင်ရာမှ မဖွာသေးဘဲ–

"ဘယ် နားထောင်ချင်ပါ့မလဲဗျာ။ ဒီအကြောင်းအရာတွေက ကျုပ် အထပ်ထပ်အခါခါ သင်ပေးထားလို့ ရန်ချိုတစ်ယောက် အလွတ်တောင် ရနေရောပေါ့၊ အဲဒီတော့ ဒီကောင် အိပ်ချင်ပြေ အောင် ကိုထွန်းအုပ်ရေ ... ခင်ဗျား ပြောလက်စအကြောင်း လေး ဆက်ပြောပြဗျာ"

"ဟင်... ဘာအကြောင်းလဲ ကိုဟာသ်ာရဲ့"

"ဩော်... မေ့တတ်ရန်ကော၊ သာကျော့်အကြောင်း လေဗျာ"

ထိုအခါ ဦးဖေသိန်းကလည်း သောက်လက်စ ရေနွေးကြမ်းကို ခပ်မြန်မြန် မော့သောက်လိုက်ပြီး–

"ဟုတ်တယ်၊ ဟုတ်တယ်။ ဒီအကြောင်းဆိုရင် ကျုပ်လည်း အိပ်ချင်ပြေအောင် လက်ဖက်သုပ်လေးစားပြီး နားထောင်ဦး မှာ"

ဟု အားတက်သရော ထောက်ခံလိုက်သည်။ ထို့နောက် ဦးဖေသိန်းက ပြောပြောဆိုဆိုနှင့်–

"ဟော့ ရန်ချို ထ. ထ"

ရန်ချိုက ဆတ်ခနဲနိုးလာပြီး–

"ဟင်... ဘာလဲ.. ဘာဖြစ်တာလဲ"

ဟု ရန်သူကို အနံ့ရလိုက်သည့် မုဆိုးတစ်ယောက်ပမာ ဆတ်ခနဲ ကိုယ်နေဟန် အသင့်အနေအထားဖြင့် ထထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်းက ရန်ချို၏ နိုးကြားသတိရှိမှုကို ကြည့်ပြီး သဘော ကျသွားကာ တစ်ချက်ပြုံးလိုက်ရင်း–

"ဘာမှ မဟုတ်ပါဘူးကွာ။ ကိုထွန်းအုပ်က စောစောက သာကျော့အကြောင်းကို ဆက်ပြောမလို့ဆိုပဲ။ အဲဒါ မင်း လွတ် သွားမှာစိုးလို့ နှိုးလိုက်တာ။ လက်ဖက်သုပ်လေးစားရင်း နားထောင်ကြမယ်၊ မကောင်းဘူးလား"

"ဒါဆိုရင်တော့ ကျွန်တော်လည်း နားထောင်ချင်တယ်ဗျို့။ လက်ဖက်သုပ်အတွက်တော့ မပူပါနဲ့ဗျာ။ ကျွန်တော်ကိုယ်တိုင် ဖိုးထင်ကို သွားပြောပြီး ယူလာခဲ့ပေးပါ့မယ်"

ရန်ချိုက ပြောပြောဆိုဆိုနှင့် သွက်လက်စွာ အိမ်ထဲဝင်သွား၏။ ဗလာကျင်းနေသည့် သူ့ကျောပြင်က နေရောင်အောက်တွင် ပြောင်လက် နေသည်။ မကြာမီ ပုစွန်ခြောက်များ ဖွေးဖွေးလှုပ်အောင်ပုံထားပြီး၊ အီပရာသီးကွင်းလေးများ၊ သီဟိုဠ်စေ့လှော်လေးများ၊ ငရုတ်သီးစိမ်းတောင့် များကို လက်ဖက်သုပ်ပန်းကန်ပြားဘေးပတ်လည်တွင် တင်ထားသည့် စားချင်စဖွယ် လက်ဖက်သုပ်တစ်ပွဲနှင့်အတူ ရန်ချို ပြန်ရောက်လာသည်။ ထိုအခါ အိုင်အိုထွန်းအုပ်က လက်ဖက်တစ်ဖွန်းကို ကောက်မြှုံလိုက်ပြီး–

"သာကျော်ရဲ့ဇာတ်လမ်းကို ဆက်ပြောရမယ်ဆိုရင်တော့၊ ဒီလိုဗျ..."

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၄ )

သာကျော်တစ်ယောက် ခေါင်းကိုအရိုက်ခံရပြီး ရူးသွားသည့်နောက်ပိုင်းတွင် မည်သူ့ကိုမှ စကားကောင်းကောင်း မပြောတော့ပေ။ မိန်းမဖြစ်သူ မယ်ခင်က ပယောဂဆရာခေါ်၍ ကုသသော်လည်း သာကျော်၏အခြေအနေမှာ တိုးတက်လာခြင်းမရှိဘဲ စိတ်နောက်မြဲ နောက်နေလေသည်။ ယခင်ကဖြစ်ခဲ့သော မည်သည့်ကိစ္စကိုမှလည်း မမှတ်မိတော့ချေ။

တစ်ခါတစ်ရံတွင် သာကျော်တစ်ယောက် ပုတီးတစ်ကုံး လည်ပင်းဆွဲကာ ညကြီးသန်းခေါင် ရွာထဲ လျှောက်သွားနေတတ်၏။ ရံဖန်ရံခါတွင်လည်း ရေခွက်တစ်ခုထဲသို့ သပြေပန်းခက်စိမ်ကာ အန္တရာယ်ကင်းပရိတ်ရေဆိုပြီး ရွာထဲရှိ အိမ်တိုင်းကို လိုက်ဖျန်းပေးနေတတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မညှပ်သည်မှာ ကြာပြီဖြစ်သော ဆံပင် ဖိုးရိုးဖားရား၊ အင်္ကျီ အဖြူနှင့် ယောဂီရောင်ပုဆိုးကို တိုတိုဝတ်ကာ လမ်းဘေးသစ်ပင် အောက်၊ ရွာလမ်းမပေါ်တို့တွင်လည်း တရားထိုင်ချင် ထိုင်နေတတ်၏။

တစ်ခါတလေ ပါးစပ်က ဘာတွေရွတ်ဆိုနေမှန်းမသိ၊ တစ်ယောက်တည်း ရွတ်ဆိုနေတတ်သကဲ့သို့ တစ်ယောက်တည်း စကား ပြောချင် ပြောနေလေ၏။ တစ်ခါတစ်ရံတွင်လည်း မျက်လုံးစုံမှိတ်လျက် သား တစ်စုံတစ်ယောက်နှင့် ရန်ဖြစ်နေသကဲ့သို့–

"သွား. . . သွားကြ။ ငါ့ကို လာမနှောင့်ယှက်ကြနဲ့၊ လွှတ်. . . ငါ့ကို မဆွဲနဲ့. . . ကဲကွာ"

ဟု တစ်ကိုယ်တည်း တွန်းထိုးရုန်းကန်နေသည်ကိုလည်း တွေ့ ရ၏။

သာကျော်သည် စိတ်နှင့်လူ မကပ်တော့သဲ တကယ်ပင် ရူးသွပ် နေသည့် လူတစ်ယောက်နှယ် ဖြစ်သွားတော့သည်။

ထိုနေ့တွင် သာကျော်က နံနက်အရုဏ်တက်မှစ၍ တရားထိုင် ရာ နေ့လယ် ထမင်းစားချိန်ရောက်သည်အထိ ဘုရားစင်ရှေ့မှ မထသေး ချေ။ မိန်းမဖြစ်သူ မယ်ခင်လည်း အအိပ်ပျက်၊ အစားပျက်နှင့် ကြိုးလို ပိန်ချုံးနေပြီဖြစ်သော ယောကျ်ားဖြစ်သူကိုကြည့်ကာ စိတ်မကောင်းဖြစ်နေ၏။

သာကျော်ကို ထမင်းစားဖို့ခေါ်ချင်သော်လည်း မခေါ်ရဲ၍ သက်ပြင်းသာ အကြိမ်ကြိမ်ချရင်း ကြည့်နေရလေသည်။

မယ်ခင်က ဘုရားစင်ရှေ့၏ ညာဘက်ဘေး၂ တောင်ကျော်ခန့် မြင့်သော သစ်သားခုံလေးပေါ်တွင် တင်ထားသည့် ရေနွေးကရားကို ယူကာ နောက်ဖေး မီးဖိုချောင်ထဲသို့ ပြန်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ထဲတွင် သာကျော်စားရန်အတွက် ထမင်းနှင့်ဟင်းများကို အဆင်သင့် ခူးခပ်ပြင်ဆင်ထား၏။ မယ်ခင်က တပွက်ပွက်ဆူကာ အငွေ့တထောင်းထောင်း ထနေသော မီးဖိုပေါ်မှ ရေနွေးတည်သည့် မြေအိုးကို လက်နှီးဖြင့် ကိုင်ကာ ရေနွေးကရားထဲသို့ ထည့်လိုက်သည်။

လက်ဖက်ခြောက်ထုပ်ကိုဖြေကာ လက်ဖက်ခြောက် လက်တစ်ဆုပ်စာခန့်ကို ယူပြီး ရေနွေးကရားထဲသို့ ခတ်လိုက်၏။

ခြေသံဖွဖွနင်းကာ လျှောက်လာပြီး သာကျော် တရားထိုင်နေသည့် ဘုရားစင်ရှေ့၏ ညာဘက်ထောင့် ခုံပေါ်တွင် ရေနွေးကရားကို တင်ထားလိုက်သည်။ ထို့နောက် မယ်ခင်က ပန်းကန်များဆေးကြောရန် မီးဖိုချောင်ထဲသို့ ပြန်ဝင်သွားလေသည်။

သာကျော်ကတော့ မျက်လုံးစုံမှိတ်ကာ သစ်တုံးတစ်တုံး ချထားသည့်အလား တုတ်တုတ်မျှမလှုပ်ဘဲ တရားထိုင်နေ၏။ ထိုစဉ် ရုတ်တရက် အသက်ရှူသံများက မြန်လာပြီး–

"ဟာ ... သွား ... သွား ... မလာနဲ့၊ ငါ့ဆီကို မလာကြနဲ့"

"မလိုက်ဘူး ... မလိုက်ဘူး၊ မင်းတို့နဲ့ငါ မလိုက်ဘူး"

သာကျော်သည် သူ့အား တစ်စုံတစ်ယောက်၏ ချုပ်ကိုင်မှုကို ခံလိုက်ရသကဲ့သို့ မျက်လုံးစုံမှိတ်ရင်း တွန်းထိုးရုန်းကန်နေသည်။

"ငါက သူတော်ကောင်း၊ မင်းတို့လို မိစ္ဆာမဟုတ်ဘူး၊ သွားကြ၊ ငါ့ကို မဆွဲနဲ့၊ လွှတ်... လွှတ်... ကဲကွာ... ကဲကွာ"

သူက ပါးစပ်မှလည်းပြော၊ ခြေထောက်တွေ၊ လက်တွေကလည်း ရုန်းကန်နေသောကြောင့် သူ၏ ညာဘက်လက် လှုပ်အရမ်းတွင် အနီးရှိ ရေနွေးကရားနှင့် တိုက်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂွမ်း... ခွမ်း..."

"　　"

ရေခွေးကရားက အဖုံးဖွင့်ကျသွားပြီး သာကျော်၏တစ်ကိုယ်လုံးကို ရေနွေးပူပူနှင့် ပက်လိုက်သကဲ့သို့ ဖြစ်သွားလေသည်။

မယ်ခင်လည်း အိမ်ရှေ့မှ လဲကျကွဲသံများကြား၍ ကပျာကယာ အိမ်ရှေ့သို့ ပြေးထွက်လာစဉ် မြင်လိုက်ရသော မြင်ကွင်းကြောင့်–

"အံမယ်လေး.. ကိုသာကျော်ရေ... ဘယ်လိုဖြစ်ရတာလဲတော့်"

ဟု အော်ဟစ်ငိုယိုပြီး ယောက်ျားဖြစ်သူအနားသို့ ပြေးလာ၏။ ထိုအခါမှ သာကျော်လည်း မျက်လုံးပွင့်လာပြီး အငွေ့တထောင်းထောင်းဖြင့် စိုရွှဲနေသည့် သူ့ကိုယ်ပေါ်မှ ရေနွေးပူများကိုကြည့်ကာ ရုတ်တရက်အံ့သြသွားသည်။

"ကိုသာကျော်... ကိုသာကျော်... ရှင်... ရှင် သိပ်ပူနေသလား။ ကျွန်မ ဆေးဆရာသွားပင့်မယ်။ ခဏ... ခဏလေးစောင့်"

BURMESE CLASSIC

ဟု မယ်ခင်က တုန်တုန်ယင်ယင်ဖြင့် ပြောလည်းပြော သာကျော့်အင်္ကျီကိုလည်း ချွတ်ဖို့ပြင်လိုက်၏။ သာကျော်ဝတ်ဆင်ထားသည့် ချည်သားအဖြူရောင်အင်္ကျီပါးပါးက ရေနွေးပူဒဏ်ကြောင့် ကိုယ်မှာပင် ကပ်နေသည်။

သို့သော် သာကျော်သည် ရေနွေးပူလောင်သည့် အပူဒဏ်ကို လုံးဝမခံစားရဘဲ ရေစိုအင်္ကျီကို ဝတ်ထားသကဲ့သို့ပင် အေးမြနေ၏။ ထို့ကြောင့် သူက–



www.burmeseclassic.com

www.burmeseclassic.com



"နေဦး. . မချက်နဲ့ဦး"

ဟုပြောကာ ရုတ်တရက် မတ်တတ်ထရပ်ပြီး သူ့တစ်ကိုယ်လုံးကို ငုံ့ကြည့်လိုက်၏။ ပြီးနောက် အသံနက်ကြီးဖြင့်–

"အောင်ပြီ . . . အောင်ပြီ . . . အောင်ပြီ"

ဟု လက်သီးလက်မောင်းတန်းကာ သုံးကြိမ်တိတိ ဟစ်ကြွေးလိုက်သည်။

BURMESE CLASSIC

မယ်ခင်က သာကျော်၏ အမူအရာကိုကြည့်ကာ အံ့ဩသွား၏။

"ကိုသာကျော် . . . ရှင် သတိထားပါဦး၊ သတိထားပါဦးရှင်"

"ဘာကို သတိထားရမှာလဲ . . . ငါ ထွက်ရပ်ပေါက်သွားပြီ။ ကြည့်စမ်း၊ ရေနွေးပူတွေ ငါ့ကိုယ်ပေါ် မှောက်ကျတာတောင် ငါ လုံးဝမပူဘူး။ ကဲ . . . တွေ့ကြပြီမဟုတ်လား၊ အထက်ပုဂ္ဂိုလ်တွေက ငါ့ကို စောင့်ရှောက်နေတယ်ဆိုတာလေ. . .။ ဟား . . . ဟား . . . ဟား။ ငါ ဒီအိမ်မှာ မနေတော့ဘူး။ ဒီနေ့ကစပြီးတော့ ဇရပ်မှာသွားနေပြီး တရားအားထုတ်တော့မယ်ကွ။ ဟား . . . ဟား . . . ဟား . . ."

"ဟင်"

မယ်ခင်သည် ယောကျ်ားဖြစ်သူ၏ဖြစ်ရပ်ကို မျက်ဝါးထင်ထင် မြင်ထားရသည်မို့ အံ့ဩကာ ပါးစပ်အဟောင်းသားဖြင့် ဘာပြောရမှန်းမသိဘဲ ကြောင်နေလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ထို့နေ့မှစ၍ သာကျော်တစ်ယောက် သူပြောသည့်အတိုင်း အိမ်မှာမနေတော့ဘဲ ရွာထိပ်သချိုင်းနားက ဇရပ်ပျက်ကြီးမှာနေကာ တရားအားထုတ်နေလေတော့၏။

မိန်းမဖြစ်သူ မယ်ခင်ကတော့ သာကျော်၏အကြောင်းကို မည်သူ့ကိုမျှ မပြောဘဲ ရင့်နှုတ်ဆိတ်ထားရသည်။ သာကျော် တရားအားထုတ်နေသည်ဆိုသော ဇရပ်ဆီသို့သာ နေ့စဉ် မှန်မှန် ထမင်းသွားပို့ပေးနေရလေတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ သာကျော်က ဇရပ်တွင်ထိုင်ကာ ပုတီးစိပ်နေစဉ် ရွာထဲမှ ကျွဲကျောင်းသားလေးများ ရောက်လာပြီး သာကျော်ကို ခဲများဖြင့် ပစ်ပေါက်၊ စနောက်ကြသည်။

"ကိုသာကျော် ... အရူးကြီး ... အရူးကြီး"

"ဖောက် ..."

"ဟုတ်တယ်ဟေ့ ... ဇော်ဂျီနဲ့တွေ့ပြီး တစ်ခါရူးရာကနေ သူခိုးက ခေါင်းကိုရိုက်ခွဲသွားလို့ တစ်ခါရူးဆိုတော့ စုစုပေါင်း နှစ်ခူးရာ ... နှစ်ခါရူးပေါ့ကွာ ... ဟား ... ဟား ... ဟား"

"ကိုသာကျော်ကြီး .. တရားအားထုတ်တာ ဘယ်အဆင့်ထိ ရောက်ပြီလဲ။ ပေါက်သွားရင် ကျုပ်တို့ကို ရွှေတို ငွေစလေး မစပါဦး။ အရူးစကားက မှန်တတ်လို့... ဟား ... ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



သာကျော်သည် သူ့အနီးမှ စနောက်နေကြသံများကြောင့် မျက်လုံးဖွင့်လိုက်ပြီး မျက်မှောင်ကုတ်ကာ အရူးတစ်ယောက်ကဲ့သို့ ဟိုဟို ဒီဒီ ကြည့်လိုက်၏။ ကျွဲကျောင်းသားများကို မြင်သွားသောအခါ

"ဟေ့ကောင်တွေ ... မင်းတို့ သူတော်ကောင်းကို လာပြစ်မှားနေကြတယ် ဟုတ်လား ...။ အေးလေ ဒါပေမဲ့ ငါက အထက်ပုဂ္ဂိုလ်က စောင့်ရှောက်ထားတဲ့လူဆိုတော့ မင်းတို့ကို ခွင့်လွှတ်လိုက်မယ်။ သွား ... သွားကြ၊ ငါ့အနားကနေ ထွက်သွားကြပေတော့ ..."

"ဘာ ... အထက်ပုဂ္ဂိုလ်လဲ။ သူကပဲ ခွင့်လွှတ်တယ်လေး ဘာလေးနဲ့ အရူးက တစ်မူးသာနေပြန်ပြီ။ ခင်ဗျား အခုနေနေတဲ့ဇရပ်က ကျုပ်တို့နေရာဗျ။ ခင်ဗျားက ဒီမှာလာပြီး ငုတ်တုတ်ထိုင်နေတော့ ကျုပ်တို့နေရာပျောက်ပြီပေါ့ဗျ။ ဆော်ကွာ .. အရူးကို ခဲနဲ့ပေါက်ကွာ"

"ဖောက် ..."

"ဖောက် ..."

"ဖောက် ..."

ကျွဲကျောင်းသားများက သာကျော်ကို ပြောလည်းပြော ခဲလုံးလေးများနှင့်လည်း ဝိုင်းပေါက်ကြတော့သည်။ ထိုအခါ သာကျော်လည်း စိတ်ဆိုးသွားပြီး–

"ဟေ့ကောင်တွေ မင်းတို့ လွန်လာပြီနော် ... သွားကြတော့"

"မသွားဘူးကွာ ... မသွားဘူး ... ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ဒီကောင်တွေတော့ ... သူတော်ကောင်းကို ပြစ်မှားတဲ့ကောင်တွေ၊ ခြေကျိုး၊ လက်ကျိုးနဲ့ ဒုက္ခိတဖြစ်ပါစေကွာ"

တိုက်ဆိုင်သည်လားတော့ မသိပေ။ သာကျော်ပါးစပ်မှ ထိုသို့ ကျိန်ဆဲပြီး မကြာခင်မှာပင် ထိုကွဲကျောင်းသားများထဲက တစ်ယောက်သည် ကွဲစီးရင်း ကွဲပေါ်မှပြုတ်ကျကာ ခြေထောက်ကျိုးသွားပါလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် သာကျော်က ထုံးစံအတိုင်း ရွာထိပ်သချိုင်းနားက ဇရပ်ပေါ်တွင် တရားထိုင်နေရင်း သူ့နှာခေါင်းထဲသို့ အနံ့တစ်ခု တိုးဝင်လာသလို ခံစားလိုက်ရ၏။ ထိုအနံ့သည် သူ့အတွက်တော့ အဆိပ်ငွေ့ကို ရှူရှိုက်နေရသကဲ့သို့ ဆိုးဝါးလွန်းလှသည်။

ထိုအနံ့ကြောင့် သာကျော်က မျက်မှောင်ကုတ်ကာ မျက်လုံးဖွင့်ကြည့်လိုက်၏။

"ဟင်"

ထိုအခါ သူ့ဘေးတွင် ရွာထဲမှ အရက်သမား စံမောင်နှင့် သူ့အဖော်တစ်ယောက်က အရက်ပုလင်းထောင်ကာ အရက်ဝိုင်းဖွဲ့သောက်နေသည်ကို တွေ့ရ၏။ သာကျော်သည် သူ့လို သူတော်ကောင်းတစ်ယောက်၏ အနားတွင် ထိုသို့ မခန့်လေးစားလာပြုနေသည်ကို ကြည့်ပြီး စိတ်ထဲမှ ထောင်းခနဲ ဒေါသထွက်သွားလေ၏။

"ဟေ့လူ . . . ခင်ဗျားတို့ ဘာလို့ ကျုပ်အနားမှာ အဲဒီအရည်တွေ လာသောက်နေရတာလဲ။ သွားဗျာ သွား . . . ထွက်သွားကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီအရှူးကတော့ ... နာတော့မယ်။ နားငြီးလိုက်တာ တိတ်တိတ်နေစမ်း"

"လာပါဗျာ ... ကိုစံမောင်ရာ ... ကျုပ်တို့ တခြားမှာ သွားသောက်ရအောင်"

စံမောင်၏ အဖော်က စိတ်မသိုးမသန့်ဖြစ်သွားဟန်နှင့် ပြောလိုက်သည်။

"ဟာ ... စကားမရှည်နဲ့။ သောက်မှာ သောက်စမ်းပါကွာ။ ဒီအရှူးကိုများ စောက်ဂရုစိုက်လို့"

အရက်သမားစံမောင်က ပြောလည်း ပြော၊ လက်ကျန်အရက်ခွက်ကိုလည်း မော့ချလိုက်၏။ ထို့နောက် ဖရုပ်တိုင်ကို မှီကာ မျက်လုံးမှိတ်ပြီး ငြိမ်နေသည်။ ကိုသာကျော်လည်း စံမောင်၏ပုံစံကိုကြည့်ကာ ဒေါသထွက်လာပြီး–

"တောက် ... ဒီလိုကောင်မျိုးတွေ လောကကြီးမှာ မရှိသင့်ဘူး။ မြွေကိုက်ပြီး အသေဆိုးနဲ့ သေသွားရင်ကောင်းမယ်"

သာကျော် ပြောသည့်အတိုင်းပင် မနက်ရောက်သောအခါ စံမောင်တစ်ယောက် အိပ်ရာထဲတွင် မြွေကိုက်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ကြရလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ 'သာကျော်၏ပါးစပ်က စီးသည်' ဟု လူအများက ယုံကြည်လာကြသည်။ တချို့ကလည်း အရူးစကားက မှန်တတ်သည်ဟုဆိုကာ ရွာထဲရှိ နွားပျောက်၊ ကျွဲပျောက် မေးလာကြသည်။

တစ်နေ့တွင် ကိုဆောင်ဟုခေါ်သည့် ကျီစုရွာသားတစ်ယောက်သည် နွားပျောက်ရှာရင်းနှင့် သာကျော်၏ဇရပ်သို့ ရောက်လာလေ၏။ လူက မောကလည်း မော၊ စိတ်ကလည်း ရှုပ်ရှုပ်နှင့် ဇရပ်ကြမ်းပြင်တွင် ပက်လက်လှန်ချလိုက်သည်။ ထို့နောက် ဘာရယ်မဟုတ် အပျော်တမ်း ပါးစပ်ဆော့သည့်အနေနှင့်–

"သာကျော်ရေ ... ငါ့နွားလေး ဘယ်ရောက်နေလဲဆိုတာ သိသလားကွာ။ သိရင် ငါ့ကို ပြောပြပါဦးကွာ"

သာကျော်က မျက်လုံးစုံမှိတ်ထားရင်း–

"ရွာတောင်ပိုင်းက ကိုဖိုးချက်တို့ ထန်းတဲနောက်ကို သွားကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဆောင်လည်း သာကျော်၏အပြောကြောင့် ဟုတ်လိုဟုတ်ငြား ဆိုပြီး အမောပင် မဖြေအားတော့ဘဲ သွားကြည့်လိုက်သောအခါ သာကျော်ပြောသည့်အတိုင်းပင် နွားကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။

ကိုဖိုးချက်ကို အကျိုးအကြောင်း မေးမြန်းကြည့်ရာတွင်

"အေးကွ . . . ငါတော့ ဒီနွားမှာ တစ်နေ့လုံး ထန်းလျက်ချက်နေတာပဲ။ မင်းနွားကို စောစောက မတွေ့မိတာတော့ အတော်ထူးဆန်းသားကွ"

ဟု အံ့သြဟန်နှင့် ပြောသည်။

ထိုအကြောင်းအရာများကြောင့်ပင် 'သာကျော် ထွက်ရပ်ပေါက်သွားပြီ'ဟု သတင်းလွှင့်သူက လွှင့်၊ ဆိုင်ရာပိုင်ရာက နှုတ်စီးပြီး ဟောတာဟု ယုံကြည်သူက ယုံကြည်နှင့် ရွာထဲတွင် အုတ်အော်သောင်းတင်း ဖြစ်သွားကြသည်။

"ဟဲ့ . . . သာကျော် . . . သတင်းကြားပြီးပြီးလား။ ကိုဆောင့်ကို နွားပျောက်ဟောတာ တကယ်မှန်တယ်ဆိုပဲ"

"မဟုတ်မှလွဲရော . . သာကျော်တစ်ယောက် တကယ်ပဲ ထွက်ရပ်ပေါက်သွားပြီလား မသိဘူး"

"ဟာ . . . မဟုတ်ပါဘူး။ အရူးစကား ဆယ်ခွန်းပြော တစ်ခွန်းမှန်တာနေမှာပါ"

"ဘာပဲဖြစ်ဖြစ် အခုဆိုရင် သာကျော့်သတင်းက နာမည်ကြီးနေတာတော့ အမှန်ပဲဗျို့"

စသဖြင့် တစ်ယောက်တစ်ခွန်းပြောကြရင်း သာကျော့်ကို ယုံကြည်သူများ ပိုများလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲမွဲတေလွန်းသော ရွာသားတစ်ယောက်ကိုလည်း သာကျော်က သနားပြီး–

"အိမ်ရဲ့ ဥရှုတိုင်အောက်မှာ တူး၊ ရွှေအိုးတွေ့လိမ့်မယ်"

ဟု ပြောလိုက်ရာ ထိုရွာသားက မယုံမရဲနှင့် တူးကြည့်လိုက်သည်။ ထိုအခါ ရွှေများထည့်ထားသည့် လက်သီးဆုပ်သာသာ စဉ့်အိုးငယ်လေးတစ်လုံးကို တွေ့ရလေသည်။ တစ်ခါကလည်း သာကျော် တရားအားထုတ်နေစဉ် တစ်ဖက်ရွာက လူတစ်ယောက် အရက်မူးပြီးရောက်လာကာ သာကျော်ကို နှောက်ယှက်ပြောင်သောကြောင့်–

"ဟေ့ကောင် ... ငါ့ကို လာနှောင့်ယှက်မနေနဲ့ ...။ အိမ်မြန်မြန် ပြန်။ မဟုတ်ရင် မင်းအိမ် မီးလောင်လိမ့်မယ်နော်"

ဟု သာကျော်က စိတ်ဆိုးပြီးပြောရာ ထိုလူက မယုံဘဲ စမြီစနောက်နေသည်။ သာကျော် ပြောသည့်အတိုင်းပင်။ ညဘက် ရောက်သောအခါ–

"မီးဗျို့ ... မီး"

ဟူသော အော်သံကြီးနှင့်အတူ ထိုလူ၏ အိမ်တစ်လုံးတည်းပင် ကွက်၍ မီးလောင်သွားလေသည်။ ထိုသို့ထူးဆန်းသော အဖြစ်အပျက်များကြောင့် သာကျော်၏စကားက စွမ်းသည်ဟု အားလုံးလိုလိုပင် ယုံကြည်သွားကြသည်။

ရွာထဲတွင် အပျောက်အရှပြသနာပေါ်တိုင်း သာကျော်ရှိသည့် ဇရပ်ဆီသို့လာပြီး မေးမြန်းကြလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကပ္ပိယကြီး ဦးအုံ့ကျော်၏ညီ ကိုမြဆိုသူ၏ နွားပေါက်ကလေး ပျောက်သွားသည့်ကိစ္စနှင့်ပတ်သက်ပြီး သာကျော်ထံသို့ သွားကာ မေးမြန်းကြလေသည်။

သာကျော်က–

"မင်းရဲ့ နွားပေါက်လေးက ငါတို့ ရွာဦးဘုန်းကြီးကျောင်းဝင်း ထဲမှာ ရောက်နေတယ်"

ဟု ပြောလိုက်သည်။ ထိုအခါ ကိုမြနှင့်အတူပါလာသော ကပ္ပိယကြီး ဦးအုံ့ကျော်က–

"ဟာ မဖြစ်နိုင်တာ သာကျော်ရာ။ အခုတင် ငါ ဘုန်းကြီး ကျောင်းထဲက လာခဲ့တာပါ။ မတွေ့ခဲ့ပါဘူးကွာ၊ မင်းကလဲ"

"ရှိတယ်။ သွားကြည့်"

သာကျော်က ထိုသို့ပြောပြီး မျက်စိမှိတ်ကာ ပုတီးဆက်စိပ်နေတော့၏။ ကိုမြတို့လည်း "မဖြစ်နိုင်သော်လည်း သွားကြည့်လိုက်လျှင် မမှားဘူး"ဟု ယူဆကာ ဘုန်းကြီးကျောင်းဝင်းဆီသို့ သွားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းဝင်းထဲသို့ ရောက်သောအခါ သာကျော်ပြော လိုက်သည့်အတိုင်း ကိုမြ၏ နွားပေါက်လေးကို ဘွားဘွားကြီး တွေ့လိုက် ရလေတော့၏။

ကပ္ပိယကြီးနှင့် ကိုမြတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ မယုံနိုင်သကဲ့သို့ အံ့ဩသည့်အမူအရာဖြင့် နွားပေါက်ကလေး ဆီ အပြေးသွားကာ ကိုင်ကြည့်လိုက်သည်။ ထိုအချိန်တွင် ကျောင်းထိုင် ဆရာတော် ဦးသောဘိတ ရောက်လာပြီး–

"ကပ္ပိယကြီးရေ… အဲဒီနွားပေါက်လေးက ငါ စင်္ကြံလျှောက် နေတုန်း ဒီနားမှာ ပြုန်းဆို ပေါ်လာတာကွဲ့။ အတော်တော့ ထူးဆန်းတယ်"

"ဟင်"

"ဗျာ …"

ကိုမြတို့လည်း အလွန်ထူးဆန်းလှသောအဖြစ်ကြောင့် ဘာမှ ဆက်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် အံ့ဩသွားကြတော့၏။

ထိုစဉ် ကိုမြ၏တပည့် မောင်ချစ်က အမောတကောဖြင့် ရောက်လာပြီး–

"ဆရာ့ရဲ့ နွားပေါက်လေးကို တင်လှတို့အဖွဲ့က အမဲသားပေါ် ဖို့ ခိုးသွားပြီး လှိုဏ်ထဲမှာ ချည်ထားတာ တွေ့…။ ဟင်… ဒါက …"

မောင်ချစ်က စကားပင်ဆုံးအောင် မပြောနိုင်တော့ဘဲ ခဏ ကြောင်သွားသည်။ ထို့နောက် အံ့ဩသွားဟန်လေသံနှင့်–



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ... နွား... နွားပေါက်လေးက ဘယ်လိုက ဘယ်လို ဒီမှာရောက်နေတာလဲ။ တောစပ်က လျှိုထဲမှာ ချည်ထားတာ ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ ဆရာရဲ့"

ထိုသို့ ထူးထူးခြားခြားဖြစ်သောအခါတွင်မှ သာကျော်သည် အကြားအမြင်ရခြင်းမဟုတ်ဘဲ သူ့နှုတ်မှပြောလိုက်သော အရာခပ်သိမ်း မှန်သမျှ ဗဟိဒ္ဓပြင်ပလောကတွင် တကယ်ဖြစ်ပွားစေသည့် 'စေ'တစ်လုံး ပိုင်ရှင်တစ်ယောက်ဖြစ်မှန်း ဆရာတော် ဦးသောဘိတ၊ ကပ္ပိယကြီးနှင့် ကိုမြတို့က တစ်စွန်းတစ်စ ရိပ်မိစပြုလာလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



"သာကျော်ရဲ့အကြောင်း ကျုပ်သိသလောက်တော့ ဒါ အကုန်ပဲဗျို့"

အိုင်အိုထွန်းအုပ်က စကားရှည်ကြီးပြောရသဖြင့် မောသွားဟန်ဖြင့် ရေနွေးတစ်ကျိုက် မော့သောက်လိုက်၏။

ကိုဟာသ်ာက ဝှန်ပလေးယား စီးကရက်ကို ဖွာရှိုက်ရင်း ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေလေသည်။ ရန်ချိုက–

"အိုင်အိုကြီးပြောတဲ့လူက အတော်တော့ ထူးဆန်းတယ်ဗျို့။ ကျွန်တော်တော့ သူ့ကို အခုချက်ချင်းတောင် ပြေးကြည့်ချင်လာပြီ"

"ဟုတ်တယ် ရန်ချိုရဲ့။ အဲဒီ သာကျော်ဆိုတဲ့လူဟာ ပျောက်နေတဲ့ ကီးစတုန်း ၄ စုံရဲ့ ကွင်းဆက်ဖြစ်နိုင်တယ်။ ဒီလူ အခုကြုံတွေ့နေတာတွေကလည်း သွေးရိုးသားရိုး မဖြစ်နိုင်ဘူး။ အဲဒီနောက်ကွယ်မှာ အကြောင်းတစ်စုံတစ်ရာတော့ ရှိမယ်ထင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဟာသံ့က သောက်လက်စ စီးကရက်ကို ပါးစပ်မှချွတ်ကာ တွေးတွေးဆဆနှင့် ပြောလိုက်၏။ တစ်ချိန်လုံး ငြိမ်နားထောင်နေသည့် ဦးဖေသိန်းက ...

"ကီးစတုန်းဆိုလို့ ... ဟိုတစ်ခါ ကိုဟာသံ့ပြောပြတဲ့ Hopi လူမျိုးတွေရဲ့ ကီးစတုန်း ၄ စုံကိုလည်း ကျုပ်က သိချင်နေသေးတယ်ဗျ။ အဲဒီအကြောင်းကို ပြည့်ပြည့်စုံစုံလေး ထပ်ရှင်းပြပေးပါဦးလားဗျာ"

အိုင်အို ထွန်းအုပ်ကလည်း ...

"ဟုတ်တယ် ကိုဟာသံ့ရေ။ ဟို ... ဟို ကျောက်တုံးလေးစုံကို သူတို့ဘာသာစကားနဲ့ တစ်ပို ဆိုလား ... ဘာဆိုလားဗျာ။ ကျုပ်လည်း သိချင်တယ်ဗျို့"

အိုင်အိုထွန်းအုပ်၏ အပြောကြောင့် ကိုဟာသံ့က နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး–

"Tiponi (တစ်ပိုနီ)ပါဗျာ။ ဒီမှာ နားထောင်ကြ၊ ကျုပ် ပြောပြမယ်။ ဒဏ္ဍာရီထဲမှာ ဘုရားသခင်က ကမ္ဘာကြီးကို ဖျက်ဆီးပစ်ဖို့ဆုံးဖြတ်ပြီး ရေနဲ့လွှမ်းမိုး နှစ်မြှုပ်ပစ်လိုက်တာကို ခင်ဗျားတို့လည်း ကြားဖူးကြမှာပေါ့။ အဲဒီတုန်းက ရေနစ်တဲ့ထဲမှာ မပါသွားဘဲ ကယ်တင်ခြင်းခံလိုက်ရတဲ့ လူမျိုးဟာ ဟိုပီ (Hopi) လူမျိုးစုပဲဗျ။ သူတို့ကိုးကွယ်တဲ့ မဟာဝိညာဉ်တော် (Great spirit) က ကျောက်တုံးအစုံ ၈ ခု ဖန်ဆင်းတယ်။ အဲဒီ ကျောက်တုံးတွေကို Tiponi လို့ခေါ်တယ်။ ဘုရားသခင်က သူ့ရဲ့သင်ကြားချက်၊ နောင်ဖြစ်ပေါ်ကိန်းတွေ၊ လူသားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တဲ့ သတိပေးချက်တွေမှန်သမျှကို အဲဒီကျောက်တုံး
တွေထဲမှာ ထည့်ထားတယ်"

ဦးဇေဖသိန်းက လက်ဖက်တစ်ဇွန်း စားဖို့ပြင်ရင်း မစားသေးဘဲ
"ဟင် ... ဒါဆို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ
ကမ္ဘာပျက်မယ်ဆိုတာ Hopi လူမျိုးစုတွေရဲ့ မဟာဝိညာဉ်တော်
က ဟောခဲ့တာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

"အင်း ... အဲဒီလိုလည်း ပြောလို့ရပါတယ်။ စာစာက
စကားဆက်ရမယ်ဆိုရင် အဲဒီဖန်ဆင်းထားတဲ့ ကျောက်တုံး
အစုံ ၈ ခုကို သူတို့ဘုရားသခင်က ဟိုပီ (Hopi) လူမျိုးစုရဲ့
ခေါင်းဆောင်လက်ထဲကို ပေးသနားတော်မူခဲ့တယ်တဲ့။ အဲ ..
နောက်တော့ အဲဒီခေါင်းဆောင်ဖြစ်သူက ဘုရားသခင်ရဲ့
အမိန့်တော်ကို ဖီဆန်သွားတဲ့အခါကျတော့ သူ့ရဲ့ သား
နှစ်ယောက်က Tiponi ကျောက်တုံးတွေကို တစ်ယောက်
၄ လုံးစီ ခွဲဝေယူပြီး ဆက်ခံခဲ့ကြတယ်"

"ဪ ... ဒါကြောင့် ကျောက်တုံး ၈ လုံးက ၄ လုံးစီ
နေရာကွဲနေတာကိုး"

အိုင်အိုထွန်းအုပ်က တစ်ကိုယ်တည်းပြောသလိုနှင့် ရေရွတ်
လိုက်သည်။

"အဲဒါနဲ့ အစ်ကိုဖြစ်တဲ့ နောင်တော်ကြီးဟာ ဘုရားသခင်ရဲ့
အမှုတော်ကို ထမ်းဖို့ စူးရှတဲ့ အလင်းရောင်တန်းအဖြစ်နဲ့
အရှေ့အရပ်ကထွက်လာတဲ့ နေမင်းဆီကို တစ်ဟုန်ထိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားရတယ်လို့ ဆိုစမှတ်ပြုကြတယ်။ ကျွန်ုပ်ကြည့်ရတာ ဂြိုဟ်သားတွေ ခေါ်သွားတာဖြစ်မှာပေါ့ဗျာ။ အဲဒီ နောင်တော်ကြီးဟာ အတော်စွမ်းတာဗျ"

အိုင်အိုထွန်းအုပ်က စိတ်ဝင်စားသွားဟန်နှင့် မျက်မှောင်ကုတ်ကာ ...

"ဘယ်လိုများ စွမ်းတာလဲဗျ။ ပြောပါဦး"

ကိုဟသ်ာက သောက်လက်စ စီးကရက်တိုကို အပြီးသတ် ဆတ်ကာဆတ်ကာ ဖွာရှိုက်လိုက်ပြီး ...

"သူ့ကို Hopi ဘာသာစကားနဲ့ ပဟာန (Pahana) လို့ ခေါ်တယ်။ သူဟာ သူ့ရဲ့ အသားအရောင်ကို အမျိုးမျိုးဖြစ်အောင် ဖန်ဆင်းနိုင်တယ်။ ဒါပေမဲ့ ဆံပင်အရောင်ကတော့ အမြဲတမ်း အနက်ရောင်ပဲတဲ့။ အဲဒီနောင်တော်ကြီး ဘယ်လို အဝတ်အစားမျိုး ဝတ်ဆင်တတ်တယ်ဆိုတာရော ခင်ဗျားတို့ သိချင်ကြသေးလား"

"ဘယ်လို ဝတ်တာတုန်းဗျ"

"နောင်တော်ကြီးက အနီရောင်ဝတ်စုံကို အမြဲတမ်းဝတ်ပြီး ခေါင်းမှာလည်း အနီရောင်ဦးထုပ်တစ်လုံးကို ဆောင်းထားလေ့ ရှိတယ်။ ဦးထုပ်ပုံစံက ဦးချွန်ပါတဲ့ ဖားတစ်ကောင်ရဲ့ ကျောကုန်းပုံစံမျိုးဗျ"

ကိုဟသ်ာ၏ စကားအဆုံးတွင် ရန်ချိုက ဆတ်ခနဲ ခေါင်းထောင်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ဒါဆို သာကျော် တွေ့ခဲ့တဲ့လူဟာ ဖော်ကို့မဟုတ်ဘဲ အဲဒီနောင်တော်ကြီးများ ဖြစ်နေမလား ဆရာ"

ဟု မေးလိုက်သည်။

ကိုဟာသ်က စဉ်းစားပြီးဟန်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

"ဖြစ်နိုင်တာပေါ့ ရန်ချို့ရဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီ နောင်တော်ကြီးက သူ့ရဲ့ နောက်ဆုံးတာဝန်ကို ထမ်းဆောင်ဖို့ စကြဝဠာကနေ ကမ္ဘာမြေပေါ်ကို ပြန်ရောက်နေပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကမ္ဘာမြေပေါ်မှာ ကျန်ရစ်ခဲ့တဲ့ သူ့ရဲ့ ညီတော်နဲ့ ပြန်ပေါင်းဆုံမိကြတဲ့အခါ သူတို့ လက်ထဲမှာရှိကြတဲ့ Tiponi ကျောက်တုံးတွေကလည်း နဂိုမူလ ၈ စုံအပြည့် ပြန်စုစည်းမိကြပြီး ကမ္ဘာကြီးကို လုံးဝ အပြီးအပျက် သန့်စင်ပစ်လိုက်ကြလိမ့်မယ်။ အဲဒီနေ့ကို Purification Day လို့ ခေါ်တယ်"

"ဟင် . . . ဒါဆိုရင် အဲဒီနောင်တော်ကြီးက ကမ္ဘာမြေကြီးကို ဖျက်ဆီးပစ်မယ့်တန်ခိုးရှင်ပေါ့နော် . . . ဟုတ်လား . . ကိုဟာသ်"

ဦးဖေသိန်းက လက်ဖက်တစ်ဇွန်း မြို့ရင်း မေးလိုက်၏။

"အကြမ်းဖျဉ်းအားဖြင့်တော့ အဲဒီလို ပြောလို့ရတာပေါ့။ ဟိုပီ (Hopi) တွေကတော့ အဲဒီ နောင်တော်ကြီးကို တလေးတစားနဲ့ စစ်မှန်သော အဖြူရောင်ကိုယ်တော်ကြီး (True White Brother) လို့ ခေါ်တယ်။ ကမ္ဘာမြေကြီးရဲ့ နောက်ဆုံးနေ့ကို



www.burmeseclassic.com

www.burmeseclassic.com



စီရင်တဲ့အခါမှာလည်း နောင်တော်ကြီးဟာ အရှေ့အရပ်ကသာ လာခဲ့မယ်ဆိုရင် နည်းနည်းသက်သာမယ်။ အဲ ... အနောက်အရပ်ကသာ လာခဲ့မယ်ဆိုလို့ကတော့ အားလုံး ထောင်းလမောင်းကြေသွားလိမ့်မယ်လို့ ဗျာဒိတ်ကျမ်းမှာ ဆိုထားတယ်ဗျ"

"ဟာ ... နောင်တော်ကြီးက တော်တော်ဆိုးရွားပါလား"

အိုင်အိုထွန်းအုပ်က နေပြောက်ထိုးလာသော ပက်လက်ကုလားထိုင်ကို အနည်းငယ်နေရာရွှေ့ရင်း ပြောလိုက်သည်။

ကိုဟာသ်ာက ရေနွေးကြမ်း သောက်လက်စခွက်ကိုချကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ...

"ဟိုပီ (Hopi) တွေကတော့ ခင်ဗျားပြောသလို မယူဆကြဘူး ဗျ။ သူတို့က နောင်တော်ကြီးဟာ ကမ္ဘာမြေကို ဖျက်ဆီးသန့်စင်ပြီးတဲ့အခါကျရင် ကျန်ရစ်ခဲ့တဲ့ စစ်မှန်သော ကိုးကွယ်သူတွေကို ဘယ်တော့မှ မသေဆုံးနိုင်တဲ့ ထာဝရအသက်တာနဲ့ ပိုမိုကောင်းမွန်လှပတဲ့ ကမ္ဘာကြီးအဖြစ် ဖန်ဆင်းပေးမယ်ဆိုပဲဗျို့"

"ဟင်း ... ပိုပြီး သာယာလှပတဲ့ ကမ္ဘာမြေကြီး ဖြစ်မတဲ့လားဗျာ"

ဦးဖေသိန်းက တစ်ကိုယ်တည်း ညည်းညူသလို ပြောလိုက်၏။

"ဟုတ်တယ်ဗျ။ အဲဒါကြောင့်လား မသိဘူး။ ဟိုပီ (Hopi) တွေရဲ့ အတွေးအခေါ်ကို ဆက်ခံတဲ့ ဒီနေ့ခေတ်လူတွေဟာ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်တဲ့လူတွေ ဖြစ်လာကြပြီ။ သဘာဝတရားကြီးရဲ့ စွမ်းအင် ဟန်ချက်ညီမှုကို အဲဒီလူ



www.burmeseclassic.com

www.burmeseclassic.com



တွေက တန်ဖိုးထားလာကြတယ်။ ပြီးတော့ သူတို့က ကမ္ဘာမြေကြီးကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ လူတွေကို တအားမုန်းတာဗျ။ သယံဇာတ ထုတ်ယူသုံးစွဲတာတွေ၊ သစ်ပင်ခုတ်လှဲတာတွေ၊ လောင်စာလောင်ကျွမ်းမှုတွေ၊ ကာဗွန်ထုတ်လုပ်မှုတွေဟာ ကျုပ်တို့ ကမ္ဘာမြေကြီးကို အဆိပ်တုံး အဆိပ်ခဲကြီးဖြစ်အောင် လုပ်နေတာလို့ ယူဆကြတာကလား''

''ကမ္ဘာကြီးက အဲဒီလို အဆိပ်တုံးကြီးဖြစ်သွားရင် နောက်ဆက်တွဲ ဘာတွေ ထပ်ဖြစ်လာမှာလဲ။ ကမ္ဘာပျက်စီးသွားမှာလား''

အိုင်အိုထွန်းအုပ်က စိုးရိမ်ဟန်ဖြင့် မေးလိုက်သည်။

''အင်း ... ကမ္ဘာကြီးဟာ အဆိပ်တုံး အဆိပ်ခဲကြီး ဖြစ်လာတဲ့ တစ်နေ့ကျရင် စကြဝဠာ၊ နေ၊ လနဲ့ တခြားဂြိုဟ်တွေကိုပါ အန္တရာယ်ပေးလိမ့်မယ်လို့ သူတို့က ယူဆထားကြတာဗျ။ ဒါကြောင့် Hopi တွေက ကမ္ဘာမြေကြီးကို သန့်ရှင်းပေးမယ့်နေ့ ရောက်ဖို့ မျှော်လင့်နေကြတာဗျ''

''အဲဒီနေ့ကရော တကယ် ရောက်လာမှာတဲ့လားဗျာ''

''အင်း ... အဲဒီ ကမ္ဘာပျက်နေ့ ရောက်ခါနီးတဲ့အခါကျရင် နောင်တော်ကြီးနဲ့ သူ့ရဲ့ အပေါင်းအပါ တန်ခိုးရှင်တွေဟာ ကမ္ဘာမြေကြီးကို ကိုင်လှုပ်ပြီး အချက်ပေးလိမ့်မယ်တဲ့ဗျ။ လူတွေ ပြင်ဆင်ချိန်ရအောင်လို့ပေါ့ဗျာ။ အဲဒီလိုမျိုး လှေျင်အကြီးစား သုံးကြိမ်တိတိ လှုပ်ပြီးတဲ့အခါမှာတော့ ကမ္ဘာမြေကြီးကို လုံးဝ ဖျက်သိမ်းသန့်စင်ပစ်လိုက်လိမ့်မယ်လို့ ယုံကြည်ထားကြတယ်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



(**မှတ်ချက်** ။ ။ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် ချီလီတွင် လှုပ်လိုက်သော ငလျင်သည် ကမ္ဘာကြီး၏ဝင်ရိုးကို သုံးလက်မခန့် တိမ်းစောင်းသွားစေသည်ဟု နာဆာ (NASA)မှ သတင်းထုတ်ပြန်ခဲ့သည်။ ယင်းကို Hopi ရိုးရာ ဆက်ခံသူ ပွေဘလို လူမျိုးတို့က နောင်တော်ကြီးနှင့်တကွ နတ်ဘုရားတို့၏ ပထမအကြိမ် သတိပေးချက်ဟု ယူဆကြ၏)

"ဟင်. . . ဒါဆို ၂၀၁၂ ခုနှစ်နီးရင် ငလျင်တွေ လှုပ်မှာပေါ့နော်"

ဟု ဦးဖေသိန်းက အံ့ဩတကြီး မေးလိုက်၏။ ကိုဟသံ့က–

"ဒဏ္ဍာရီလာစကားတွေ မှန်တာ၊ မှားတာ အသာထား။ သံလိုက်စက်ကွင်း အပြောင်းအလဲဖြစ်တာကတော့ ငလျင်နဲ့ မိုးလေဝသပေါ်မှာ သက်ရောက်မှုရှိလိမ့်မယ်ဗျ။ တာကယ်တော့ ရာသီဥတုအတွက်တင် မကပါဘူးဗျာ။ သံလိုက်စက်ကွင်းတွေရဲ့ ဆွဲငင်အားက လူတွေရဲ့ ယုံကြည်မှုအပေါ်မှာပါ သက်ရောက်တယ်ဗျ"

"ဟင် . . . ဘယ်လို . . . ဘယ်လို ရှင်းပြစမ်းပါဦး"

ဟု အိုင်အိုထွန်းအုပ်က နားရှုပ်ထွေးသွားဟန်နှင့် မေးလိုက်လေသည်။ ကိုဟသံ့က ဝှန်ပလေးယားစီးကရက်ကို မီးညှိကာ တစ်ချက်ဖွာရှိုက်လိုက်၏။ ထို့နောက်က ခေါင်းညိတ်လိုက်ရင်း–

"အင်း . . . ဒီလိုဗျ။ ကမ္ဘာမြေကြီးရဲ့ သံလိုက်ဆွဲငင်အားရှိတဲ့ နယ်မြေတွေမှာ ဆွဲငင်အား ကြီးမားပြင်းထန်လေလေ . . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဒေသမှာရှိတဲ့ အစဉ်အလာတွေ၊ ယုံကြည်မှုတွေ၊ ရိုးရာဓလေ့တွေဟာ အစွဲပြင်းထန်လေလေပဲ။ တစ်ယူသန်ဆန်ပြီးတော့ ဖျောင်းဖျပြောင်းလဲရခက်လေလေပဲဗျ။ အသေသဘောဒါမှမဟုတ် အငြိမ်သဘောဆောင်တယ်ပေါ့ဗျာ။ အပြန်အလှန်အားဖြင့် သံလိုက်စက်ကွင်းပြင်းအား လျော့နည်းတဲ့ဒေသမှာနေထိုင်သူတွေဟာ အသစ်တီထွင် ဖန်တီးနိုင်စွမ်းအားရှိတယ်။ အပြောင်းအလဲတွေကို စိန်ခေါ်တယ်။ ညင်သာတဲ့ပြောင်းလဲမှုဖြစ်နိုင်သလို ရုန်းကန်လှုပ်ရှားတဲ့သဘော၊ တိုက်ပွဲဝင်တဲ့ သဘောကိုလည်း ဆောင်တယ်''

ကိုဟသံ့က ပြာများသီးလာသော စီးကရက်မီးကို လက်ညှိုးနှင့် တောက်ချလိုက်သည်။ စီးကရက်ပြာများ အောက်သို့ လွင့်စင်ကျသွား၏။ ဦးဖေသိန်းတို့ကတော့ ကိုဟသံ့၏အပြောကို အာရုံစိုက်ပြီးနားထောင်နေလေသည်။

ကိုဟသံ့က စီးကရက်ကို တစ်ရှိုက် ရှိုက်လိုက်ပြီးနောက်. . .

''စောစောက စကားကို ဆက်ပြောရမယ်ဆိုရင် ကမ္ဘာကြီးပေါ်မှာ သံလိုက်စက်ကွင်း မရှိသလောက်နည်းပါးတဲ့ သုည ကွန်တိုမျဉ်းကြောင်းဟာ စူးအက်တူးမြောင်း အောက်တည့်တည့်ကနေ ဖြတ်သွားတယ်။ (အစ္စရေးနိုင်ငံ ပေါ်ပေါက်လာမည့် နေရာဒေသအထိပင် ဖြစ်သည်) နောက်ထပ် သုည သံလိုက်စက်ကွင်း ကွန်တိုမျဉ်းက အမေရိက အနောက်ဘက်ကမ်းခြေဒေသကို ဖြတ်သန်းသွားပြန်တယ်။ ကမ္ဘာပေါ်မှာ ဆွဲငင်အား



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံး သံလိုက်စက်ကွင်းက ရုရှားအင်ပါယာရဲ့ အလယ်ပိုင်းမှာရှိတယ်ဗျ''

ရန်ချိုက ရေနွေးငွဲ့ရန် ပြင်လိုက်သောအခါ ရေနွေးအိုးထဲမှ ရေနွေးတစ်စက်မှကျမလာတော့ပေ။ ထို့ကြောင့် ရန်ချိုက ရေနွေးအိုးကိုယူကာ ရေနွေးပြန်ဖြည့်ရန် အိမ်ဘက်သို့ ထထွက်သွားသည်။

ကိုဟသ်ာက ခဏနားပြီး ဆက်ပြောသည်။

''အဲဒီ သံလိုက်စက်ကွင်းတွေက ၁၉၈၀ ခုနှစ် နောက်ပိုင်းက စပြီး ပြောင်းလဲ ရွေ့လျားကုန်လိမ့်မယ်ဗျ။ ၂၀၀၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာ သူရိယမုန်တိုင်းရဲ့ ဇီဝစက်ဝိုင်းက ကုန်ဆုံးချုပ်ငြိမ်းပြီး စက်ဝိုင်းအသစ် ဖြစ်ပေါ်လိမ့်မယ်တဲ့ဗျ။ ပြီးတော့ ဝင်ရိုးစွန်းပြန်လှန်မှု (Polar reversal) ရဲ့ဖြစ်စဉ်အစောပိုင်းမှာ ကမ္ဘာ့သံလိုက်စက်ကွင်းပြင်းအားတွေက အလွန်လျင်မြန်စွာ လျော့နည်းသွားမယ်တဲ့ဗျို့။ အဲ ... ဒါပေမဲ့ ကမ္ဘာကြီးရဲ့ သက်တမ်းတစ်လျှောက်မှာ အဲဒီစက်ကွင်းပြန်လှန်မှုက အကြိမ်ကြိမ် ကြုံခဲ့ရပြီးသားပါဗျာ''

''ဟင် ... ဟုတ်လား။ ဘယ်လိုမျိုး ကြုံခဲ့တာလဲဗျ''

''ပြီးခဲ့တဲ့ နှစ်သန်းပေါင်း (၇၆)သန်း ကာလအတွင်းမှာ ၁၇၁ ကြိမ်ဖြစ်ခဲ့ပြီးနေပြီ။ သိပ်မဝေးလှသေးတဲ့ နှစ် (၄ ၊ ၅)သန်း ကာလအတွင်းမှာပဲ (၁၄)ကြိမ် ဖြစ်ခဲ့ပြီးနေပြီလေဗျာ၊ အဲဒီလို ဖြစ်မယ်ဆိုရင် မိုးလေဝသ ရာသီဥတု ရုတ်တရက် ပြောင်းလဲတာတွေ၊ သံလိုက်စက်ကွင်း ဆွဲငင်အားက မြန်းခနဲ ကျဆင်းယုတ်လျော့သွားတာတို့လည်း ဖြစ်တတ်တာပေါ့ဗျာ



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလိုဆိုတော့လည်း ကျုပ်တို့နေထိုင်နေတဲ့ ကမ္ဘာကြီးဟာ အတော်ကို ထူးခြားဆန်းကြယ်တာပဲဗျို့"

ဦးဖေသိန်းက အံ့ဩထူးဆန်းသည့် လေသံနှင့် ပြောလည်း ပြောရင်း သူ၏ ဗိုလ်လသာ ဆေးပြင်းလိပ်ကြီးကိုလည်း မီးညှိလိုက်၏။ ထိုစဉ် ရေနွေးအိုးကိုကိုင်ကာ ရန်ချို ပြန်ရောက်လာသည်။ အိုင်အို ထွန်းအုပ်က ...

"ကိုဟာသ်ရေ ... ဒါဆိုရင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက် နေ့မှာလည်း အဲဒီလို သံလိုက်စက်ကွင်း ဆွဲငင်အား အပြောင်း အလဲဖြစ်မှာပေါ့နော်"

ဟု မေးလိုက်သည်။

"ဒါပေါ့ဗျာ ... ဒါပေါ့။ အဲဒီလို သံလိုက်စက်ကွင်း အပြောင်း အလဲဖြစ်နေတဲ့အချိန်မှာ ကမ္ဘာကြီးကို ဖျက်ဆီးချင်နေတဲ့ စေတန်ဂိုဏ်းသားတွေအတွက်တော့ ကီးစတုန်း ၈ စုံစလုံးသာ ရှိရင် အလွယ်လေးပေါ့ဗျာ"

ထိုစဉ် တစ်ချိန်လုံး ငြိမ်သက်နေသော ရန်ချိုက ...

"ဆရာရေ ... ကျွန်တော့်အတွက်တော့ သံလိုက်စက်ကွင်း ထက်ပိုပြီး ဆွဲဆောင်အားကောင်းနေတာက အိုင်အိုကြီးပြောပြ တဲ့ ကိုသာကျော်ဆိုတဲ့ လူအကြောင်းပဲ။ ဒီလူဟာ ကျွန်တော် တို့ရှာရမယ့် သားကောင်များ ဖြစ်နေမလား မသိဘူးနော်"

"သားကောင်လား၊ မုဆိုးလားတော့ ငါလည်း မသိဘူးဟေ့။ ဒါပေမဲ့ အဲဒီလူကို တွေ့အောင်ရှာဖို့ လိုအပ်နေပြီဆိုတာတော့ သေချာတယ်။ အဲဒီတော့ သာကျော်ရှိတဲ့ရွာကို ခရီးထွက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တာမှန်သမျှ မင်းပဲ စီစဉ်ပေတော့ ရန်ချိုရေ...။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ။ နောက်သုံးရက်အတွင်း ခရီးထွက်ဖို့ အဆင်သင့်ဖြစ်စေရပါမယ်"

ခရီးထွက်ရတော့မည်ဟူသော ကိုဟာသ်ာ၏စကားက တိုက်ပွဲဝင်ရန် အသင့်ပြင်ဖို့ နှိုးဆော်လိုက်သကဲ့သို့ပင်။ အပြန်လမ်းတွင် ဦးဖေသိန်းနေထိုင်ရာ ဘရုတ်ကင်းလမ်းအထိ အိုင်အိုကြီးက သူ၏ စတန်းဒတ်ကားကလေးဖြင့် လိုက်ပို့၏။

လမ်းတစ်လျှောက်လုံး စကားတစ်ခွန်းမှ မပြောဖြစ်ကြဘဲ အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်နေမိကြလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၅)

နောက် ၂ ရက်အကြာတွင် ကိုဟာသ်၊ ရန်ချို၊ ဦးဖေသိန်းနှင့် အိုင်အို့ ထွန်းအုပ်တို့သည် သာကျော်ရှိရာ ပုံတောင်ပုံညာဘက်သို့ ကားဖြင့် ထွက်လာခဲ့ကြလေသည်။

တောင်ငူသို့အရောက်တွင် ညနေ စောင်းနေပြီမို့ ‘ဒီညီနောင်’ အမည်ရှိ ထမင်းဆိုင်လေးတွင် ညစာ စားသောက်ဖို့ ပြင်ကြ၏။

ညနေစောင်း နေလုံးကြီးက မိုးကုပ်စက်ဝိုင်း အနားသတ်ဆီသို့ လျှောဆင်းကျနေလေပြီ၊ သစ်ရွက်ကလေးများကလည်း ညနေခင်း၏ လေပြည်ထဲတွင် ယိမ်းနွဲ့ပျော်ပါးနေသည်။ ပုစွန်ဆီရောင် တိမ်တောက်နေသော ကောင်းကင်သည် ပန်းချီဆရာတစ်ယောက်၏ လက်ရာမွန် ပန်းချီကားတစ်ချပ်ကဲ့သို့ လက်ရာမြောက်လွန်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင် မဟူရာအမှောင်ထုက တစ်စစ တိုးဝင်လာတော့သည်။ ထိုစဉ် ရန်ချိုက စားလက်စ ထမင်းကို လက်စသတ်ကာ–

"ဆရာရေ ...၊ ကျွန်တော်တို့ ဒီညတော့ ဒီဆိုင်မှာပဲ တည်းခိုရလိမ့်မယ် ထင်တယ်ဗျ။ မှောင်နေရင် ခရီးဆက်ထွက်ဖို့ အဆင်ပြေမှာ မဟုတ်တော့ဘူး"

"အေး ... ကောင်းသားပဲ။ ဆိုင်ရှင်ကို အကျိုးအကြောင်း ပြောပြီး မင်း စီစဉ်လိုက်လေကွာ"

"ဟုတ်ကဲ့ပါ ဆရာ ..."

ရန်ချိုက ပြောပြောဆိုဆို ထမင်းဆိုင်ရှင် ကုလားဆီသို့ ထထွက်သွား၏။

ဦးဖေသိန်းက ထမင်းစားပြီး၍ သွားကြားထိုးနေရင်း–

"ဟုတ်တယ်ဗျို့၊ ဒီမှာပဲ နားမှဖြစ်မယ်။ မှောင်လာလို့တင် မကဘူး၊ ကျုပ်က ထမင်းစားပြီးတော့ ဗိုက်အင့်သွားလို့ လုံပဲလုံအိပ်ပစ်လိုက်ချင်တော့တယ်ဗျာ"

ဟု ရန်ချို့စကားကို ထောက်ခံပြောဆိုလိုက်၏။

မကြာခင် ရန်ချိုပြန်ရောက်လာပြီး–

"အားလုံး အဆင်ပြေတယ် ဆရာ။ ထမင်းဆိုင်ရဲ့ အပေါ်ထပ်မှာ တည်းခိုလို့ရတယ်တဲ့"

ဟု ပြောလိုက်သည်။ ထို့နောက် ရန်ချိုက ပြောပြောဆိုဆိုဖြင့် သူ့ဆရာ ကိုဟသ်္ာ၏ ဝန်စည်စလယ်များနှင့် သူ၏ မျက်လှည့်ပြသော ထန်းခေါက်ဖာကြီးကို ထမ်းကာ အပေါ်ထပ်သို့ တက်သွားလေသည်။ ဦးဖေသိန်းနှင့် အိုင်အိုကြီးတို့လည်း–



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ကိုဟသ်ာရေ . . . နားလို့ရပြီဆို၊ ကျုပ်တို့လည်း အပေါ်တက်တော့မယ်ဗျို့"

"သွားပါ . . . သွားပါ။ ကျုပ် နောက်က လိုက်ခဲ့ပါ့မယ်"

ထို့နောက် ဦးဖေသိန်းတို့လည်း ကိုယ့်အဝတ်အိတ်ကိုယ်ဆွဲကာ ထမင်းဆိုင်လေး၏ အပေါ်ထပ်သို့ တက်ခဲ့ကြ၏။ ကိုဟသ်ာက သောက်လက်စ ဂျွန်ပလေးယား စီးကရက်ကို ဖွာရှိုက်ရင်း ဆိုင်အပြင်ဘက်ဆီသို့ ထွက်သွားသည်။ ပတ်ဝန်းကျင်အခြေအနေကို တစ်ချက်စူးစမ်းအကဲခတ်လိုက်၏။ နောက်ဆုံး စီးကရက်လက်ကျန်ကို တစ်ဖွာရှိုက်ပြီး အစီခံကို နင်းခြေကာ ဆိုင်ထဲသို့ ပြန်ဝင်လာသည်။

ညသည် တဖြည်းဖြည်း နက်သည်ထက် နက်လာပြီး ပတ်ဝန်းကျင်တစ်ခွင်လုံး မည်သည့်အရာမှ မမြင်ရအောင် အမှောင်ထုက ဖုံးလွှမ်းထားလိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းရောင်ခြည်၏ စူးရှလွန်းသော အလင်းတန်းများကြောင့် ဦးဖေသိန်းတို့ နိုးလာကြသည်။ နာရီကြည့်လိုက်သောအခါ (၇)နာရီခွဲခန့်ပင် ရှိနေလေပြီ။ ထို့ကြောင့် ဦးဖေသိန်းက အနီးတွင် အိပ်နေသော အိုင်အိုထွန်းအုပ်ကို လှုပ်နှိုးလိုက်သည်။ နေအတော်မြင့်နေပြီမို့ သူတို့လည်း ကပျာကယာ ကိုယ်လက်သန့်စင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့ကြ၏။

အောက်ထပ် ထမင်းဆိုင်လေးထဲတွင်တော့ ရန်ချိုက လက်ဖက်ရည်တစ်ခွက်သောက်ကာ သူ၏ ထန်းခေါက်ဖာကြီးကို ဘေးနားတွင်ချပြီး ထိုင်နေသည်ကို တွေ့ရ၏။ ထမင်းဆိုင်၏ မီးဖိုချောင်အတွင်းမှ ဟင်းအိုးနံ့များက လေတိုက်နေ၍ ဆိုင်ထဲတွင် မွှေးပျံ့ကြိုင်လှိုင်နေသည်။

ရန်ချိုက ဦးဖေသိန်းတို့ ဆင်းလာသည်ကို မြင်သောအခါ . . .

"ဦးဖေသိန်းနဲ့ အိုင်အိုကြီး . . လာဗျို့၊ ဒီမှာ လာထိုင်။ လက်ဖက်ရည်သောက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ရန်ချို့က ဆိုင်ရှင်ဘက်သို့ လှည့်ပြီး လက်ဖက်ရည်နှစ်ခွက် ပေးပါဦးဟု မှာလိုက်၏။

ဦးဖေသိန်းက သူ၏ထုံးစံအတိုင်း ဗိုလ်လသာဆေးပြင်းလိပ်ကြီးကိုခဲကာ လာထိုင်၏။ အိုင်အိုထွန်းအုပ်ကတော့ အိပ်ရေးမဝဟန်နှင့် တစ်ချက်သမ်းဝေကာ သူ့ရဲ့ ဗိုက်ဖောင်းဖောင်းကြီးကို ပွတ်ရင်း ဝင်ထိုင်သည်။

ရန်ချို့က ရေနွေးကရားထဲမှ ရေနွေးငှဲ့ထည့်ရင်း . . .

"ဘယ်လိုလဲဗျ။ ညက အိပ်လို့ပျော်ရဲ့လား"

"ပျော်ပါရဲ့ဗျာ။ ခရီးပန်းထားလို့ အိပ်လိုက်တာမှ တုံးခနဲပဲ။ နေမြင့်မှ နိုးလာတာပဲကြည့်တော့"

အိုင်အိုကြီးက . . .

"ကျုပ်ကတော့ အိပ်ရာပြောင်းအိပ်လို့လား မသိဘူးဗျို့။ တစ်ညလုံး ဟိုလူး ဒီလိမ့်နဲ့ အိပ်လို့ကို မပျော်နိုင်ပါဘူးဗျာ။ ဝါး . . ."

ဟုပြောရင်း ပါးစပ်ကြီး အားကုန်ဟကာ တစ်ချက် သမ်းဝေလိုက်၏။

ထိုသို့ စကားပြောနေကြရင်း ဦးဖေသိန်းက ဟိုကြည့် ဒီကြည့်နှင့် . . .

"ဟင် . . . ရန်ချို့ . . . မင်းဆရာ ကိုဟသ်ာတစ်ယောက် မတွေ့ပါလား။ အိပ်ရာမနိုးသေးဘူးလား"

ဟု အံ့ဩစွာဖြင့် မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်သားပဲ။ ကိုဟာသ်ာ ဘယ်သွားလဲ။ အပေါ်မှာလည်း မရှိပါဘူး"

အိုင်အိုထွန်းအုပ်ကပါ ဇဝေဇဝါဖြင့် ဝင်ပြောလိုက်သည်။

ရန်ချိုက သောက်လက်စ ရေနွေးကြမ်းကို တစ်ငုံသောက်ပြီးတော့ . .

"အင်း . . . ကျွန်တော်လည်း နိုးကတည်းက ဆရာ့ကို မတွေ့တာပဲဗျို့။ ကျွန်တော့်အထင် ဆရာကတော့ ခုချိန်လောက်ဆို မြတ်စောညီနောင်ဘုရားပေါ်မှာ သစ္စာပြုအဓိဋ္ဌာန်ဝင်တဲ့ အစီအရင် လုပ်နေပြီနဲ့ တူတယ်။ ဆရာက တစ်ယောက်ယောက်ကို ဆေးကုပေးခါနီးတိုင်း အခုလို သစ္စာပြုလေ့ရှိတယ်ဗျ"

"နေစမ်းပါဦး . . . ဆရာကိုဟာသ်ာက ဘယ်သူ့ကို ဆေးကုမှာမို့လို့လဲ"

"အိုင်အိုကြီးကလည်းဗျာ။ ဘယ်သူရှိရမှာလဲ။ ကျုပ်တို့ အခုသွားရှာမယ့် သာကျော့်ကိုပေါ့ဗျ။ သာကျော် ရူးရတာ ခေါင်းကို အရိုက်ခံရလို့ မဟုတ်ဘူးဗျို့။ အနီးကပ် လုံးထွေးတိုက်ခိုက်နေရင်း အဆိပ်ခိုး။ အဆိပ်ငွေ့တစ်ခုခုနဲ့ အမှုတ်ခံလိုက်ရတာမှန်း အိုင်အိုကြီးပြောတဲ့ဇာတ်လမ်းကို နားထောင်ရုံနဲ့ ဆရာကိုဟာသ်ာ မပြောနဲ့၊ ကျွန်တော်တောင်မှ ရိပ်မိတယ်"

"ဪ . . . ဪ"

"မင်းတို့ ဆရာတပည့်နှစ်ယောက်ရဲ့ ပညာတွေကတော့ နက်ရှိုင်းပါပေ့ကွာ။ ငါတို့တော့ ဘယ်လိုမှ လိုက်လို့ မမီနိုင်ပါဘူး။ ဟား . . . ဟား . . . ဟား"

www.burmeseclassic.com



ဦးဖေသိန်းက ရယ်သံစွက်ကာ ချီးကျူးဂုဏ်ပြုလိုက်သည်။ ထို့နောက် ဆေးပြင်းလိပ်ကို မီးညှိကာ ဖွာရှိုက်နေလေ၏။

ကိုဟသ်ာကား တစ်မနက်လုံး ပေါ်မလာချေ။

နေ့လယ် ဆယ့်တစ်နာရီခန့်တွင် ဦးဖေသိန်းတို့သုံးဦးသား ကိုဟသ်ာကို မစောင့်နိုင်တော့သောကြောင့် ထမင်းစားဖို့ ပြင်ဆင်ကြသည်။

ထိုစဉ် တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသော ဖိုးသူတော်ကြီးတစ်ပါး ထမင်းဆိုင်အဝတွင် လာရပ်ကာ ဆွမ်းခံသည်ကို မြင်လိုက်သည်။ ဖိုးသူတော်ကြီးက ညာဘက်လက်ထဲတွင် တောင်ဝှေး ကိုင်ထားပြီး ဘယ်ဘက်လက်ထဲတွင် ကြေးစည်တစ်ခုကို ကိုင်ထား၏။ ထူးခြားသည်ကား သူ၏ဦးခေါင်းအနောက်ဘက်တွင် ရှည်လျားဖြောင့်စင်းသော ဘုတစ်ခုထွက်နေပြီး ထိုဘု၏ဘေးဘက်တွင် ခပ်တိမ်တိမ် ချိုင့်ခွက် နှစ်ခွက် ရှိနေလေသည်။

ဦးဖေသိန်းက နာရီကို တစ်ချက်လှမ်းကြည့်လိုက်ရင်း. .

"ကိုထွန်းအုပ်ရေ. . ဖိုးသူတော်ကြီးကို ဆွမ်းကပ်လိုက်ရအောင်ဗျာ"

"အင်း. . ကောင်းသားပဲ။ ကျုပ် သွားပင့်လိုက်မယ်"

ကိုထွန်းအုပ်က ပြောပြီးပြီးချင်း ဖိုးသူတော်ကြီး အနားသို့ သွားကာ လက်အုပ်ချီရင်း ဆွမ်းစားကြွရန် ပင့်ဖိတ်လိုက်၏။ ဖိုးသူတော်ကြီးက ကျွန်ရေရွှာဖြင့် တစ်လှမ်းချင်း ထမင်းဆိုင်ထဲသို့ လှမ်းဝင်လာသည်။ ထို့နောက် ဦးဖေသိန်းတို့က ဟင်းသုံးမျိုးမှာကာ ဖိုးသူတော်ကြီးကို ဆွမ်းကပ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်ချိုကတော့ မည်သည့်စကားမှ ဝင်မပြောဘဲ ဦးဖေသိန်းတို့ လုပ်နေသမျှကိုသာ ဘေးက ထိုင်ကြည့်နေသည်။ မနက် ၁၁ နာရီ ကျော်ကျော်ခန့် ရှိနေပြီဖြစ်သော်လည်း ထမင်းဆိုင်ထဲတွင် လူအဝင် အထွက်က မရှိသလောက် နည်းပါးလှ၏။ ဆိုင်ထဲတွင် ဦးဖေသိန်းတို့ တစ်ဝိုင်းတည်းပင် ရှိနေလေသည်။

ဖိုးသူတော်ကြီး ဆွမ်းသုံးဆောင်ပြီးသောအခါတွင် ရေတစ်ခွက် သောက်ချလိုက်ရင်း ...

"ကဲ ... ခင်ဗျားတို့ကိုလည်း ကျုပ်က ပြန်ပြီးပေးရဦးမယ်"

ဖိုးသူတော်ကြီးက ပြောပြောဆိုဆိုနှင့် ရေချိုင့်ထဲမှ ရေကို စောစောက သူသောက်နေသော ဖန်ခွက်ထဲသို့ ရေတစ်ဝက်ခန့် ငှဲ့ချလိုက်၏။ ထို့နောက် သူက ရေခွက်ကို ပါးစပ်နားသို့တေ့ကာ မျက်လုံးမှိတ်ပြီး နှုတ်မှ တစ်စုံတစ်ရာကို မန်းမှုတ်ရွတ်ဆိုလိုက်သည်။ ထို့နောက် ...

"ကဲ... ရော့ ... ရော့ ... ဒီရေမန်းလေး သောက်လိုက်ကြဦး"

ဟု ပြောပြောဆိုဆို ရေခွက်ကို အိုင်အိုထွန်းအုပ်ဆီသို့ ကမ်းပေးလိုက်၏။

အိုင်အိုထွန်းအုပ်က ယူဖို့ လက်လှမ်းလိုက်သည်။ ထိုစဉ် ...

"အာဘာရာဒါကာဘရာ"

ထမင်းဆိုင်အဝဆီမှ ကိုဟာသ်ာရွတ်ဆိုလိုက်သည့် ပြင်းထန် လှသော အသံမန္တာန်၏လှိုင်းကြောင့် ရေဖန်ခွက်က ဖိုးသူတော်ကြီး၏ လက်ထဲမှာပင် ထူးဆန်းစွာ အက်ကွဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂွမ်း ..."

"ဟင် .."

ဖန်ခွက်အကွဲထဲမှ ရေမန်းသည် အဆိပ်ရှိသလိုမျိုး အစိမ်းရောင် သမ်းပြီး ပွလောင်သည့် အခိုးများ ထောင်းထောင်းထနေသည်။

"ဟာ"

"အလို"

ဆိုင်အဝင်ဝတွင် ရပ်နေဆဲရှိသော ကိုဟသ်ာက

"ရန်ချို ... စ"

ဟု အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရန်ချိုသည် လျင်မြန်သောအရှိန်နှင့် ဖိုးသူတော်ကြီး၏ လည်ပင်းကို တံတောင်ဆစ်ကွေးဖြင့် နောက်မှ သိုင်းဖက်လိုက်၏။

ရန်ချို၏ တံတောင်ဆစ်ကွေးကို ဖိုးသူတော်က လက်ဖျံဖြင့် ပင့်ကာပြီး ရိုက်လိုက်ရာ ရန်ချို နောက်လန်သွားသည်။ ဖိုးသူတော်ကြီးက ကိုယ်ကို အနည်းငယ်စောင်းပြီး ရန်ချို၏ ညာဘက်ပခုံးနှင့် ဘယ်ဘက်ခါးကို ကိုင်မြှောက်ကာ မြေပြင်ပေါ်သို့ အားကုန် ပစ်ပေါက်ချလိုက်၏။

ရန်ချိုက လေထဲတွင် လုပစွာ တစ်ပတ်လည်သွားပြီး ကြောင်တစ်ကောင်၏ ညင်သာမှုမျိုးနှင့် ခြေစုံကျလေသည်။ ရန်ချိုက ကိုယ်ကို ပြန်မတ်လိုက်သည့်အချိန်မှာပင် ဖိုးသူတော်ကြီးက ပြတင်းပေါက်မှ နောက်ကျွမ်းပစ် ခုန်ထွက်ပြီး ကိုယ်ရောင်ဖျောက်လိုက်သကဲ့သို့ လျင်မြန်စွာ ပျောက်ကွယ်သွားလေတော့သည်။ သူ၏ ကြေးစည်လေးကတော့ ခုံပေါ်တွင် တင်လျက်သားကျန်နေရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့လည်း ရုတ်တရက် ကြုံတွေ့လိုက်ရသော အဖြစ်အပျက်ကြောင့် ပါးစပ်အဟောင်းသားနှင့် အံ့သြနေကြလေသည်။ ထိုစဉ် ကိုဟာသ်ာက ခုံတွင် ဝင်ထိုင်လိုက်ရင်း . . .

"ဒုက္ခများကုန်ကြတော့မလို့ဗျို့ ကံကောင်းလို့။ ကျုပ်က သူ့ရဲ့ နောက်စေ့ကြီးကို မြင်လိုက်ကတည်းက ဖိုးသူတော်ယောင်ဆောင်ထားတဲ့ နဂါးမှော် မောင်သိုင်းမှန်း သိလိုက်ရလို့ပဲဗျို့"

ထိုအခါ အံ့သြစိတ်ပြေသွားဟန်ရှိသော အိုင်အိုထွန်းအုပ်က . . .

"နဂါးမှော် မောင်သိုင်း ဟုတ်လား။ သူက ဘယ်သူလဲဗျ" ဟု မေးလိုက်သည်။

"ဗမာပြည်မှာမွေးပြီး သီရိလင်္ကာမှာ ပညာသွားသင်ခဲ့တဲ့ ထိပ်သီးလောကီပညာရှင်တစ်ယောက်ပေါ့ဗျာ။ သူ အနေများတာကတော့ အီဂျစ်မှာပဲ"

"ဟုတ်တယ် ဆရာရဲ့။ လူကသာ ဖိုးသူတော်ယောင်ဆောင်ထားတာ။ သူကိုင်တဲ့ ကြေးစည်ရဲ့ မျက်နှာပြင် နှစ်ဖက်စလုံးမှာတော့ အီဂျစ်စာတွေချည်းပဲ"

ရန်ချိုက ခုံပေါ်တွင် ကျန်ရစ်ခဲ့သော ကြေးစည်လေးကို ဟိုဘက် ဒီဘက် လှန်ကြည့်ရင်း ပြောလိုက်၏။ ထိုအခါ ကိုဟာသ်ာက ယူကြည့်ပြီး ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

"ကိုဟာသ်ာ . . . အဲဒီ ကြေးစည်ပေါ်မှာ ရေးထားတာ အီဂျစ်စာတွေ ဟုတ်လား။ ဒါဆိုရင် အဲဒီစာတွေက ဘာအဓိပ္ပာယ်လဲဆိုတာ ကျုပ်တို့လည်း ဗဟုသုတတိုးအောင် ပြောပြပေးပါလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. ဟုတ်တယ်။ ကျုပ်လည်း စိတ်ဝင်စားတယ် ဗျို့"

ဦးဖေသိန်း၏အမေးကို အိုင်အိုထွန်းအုပ်ကပါ ထောက်ခံလိုက်၏။ ကိုဟသံ့ာက ဘေးဘီဝဲယာကို ကြည့်လိုက်သောအခါ ထမင်းဆိုင်ပိုင်ရှင်ကုလားက ကြောက်ရွံ့စိတ် မပြေသေးဟန်နှင့် မျက်လုံးအပြူးသားဖြစ်နေသည်ကို မြင်ရ၏။ ကိုဟသံ့ာက သဘောကျစွာ တစ်ချက်ပြုံးလိုက်ရင်း . . .

"အနဲရေ . . . ကျုပ်တို့အတွက် ထမင်းတစ်ပွဲစီ ပြင်ပေးဗျာ။ ကျသလောက်အားလုံး မှတ်ထားပါ။ ပြီးရင် အကုန်ရှင်းပေးခဲ့ပါ့မယ်"

ဟုပြောရင်း တစ်ဆက်တည်း . . .

"ကျုပ်တို့ ထမင်းအရင် စားကြရအောင်ဗျာ။ စားပြီးတော့မှပဲ စောစောက အီဂျစ်စာတွေအကြောင်း သေသေချာချာ ပုံဆွဲပြီး ရှင်းပြမယ်။ ဟုတ်ပြီလား"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

* * *



www.burmeseclassic.com

www.burmeseclassic.com



(၆)

"ဒီမှာကြည့် . . . စာတွေရဲ့အဓိပ္ပာယ်က ဒီလိုဗျ"

ကိုဟာသာက ကြေးစည်၏ မျက်နှာပြင်တစ်ဖက်ကို ကြည့်ရင်း ပြောလိုက်၏။



"ဒီစာရဲ့ အဓိပ္ပာယ်က 'ကျွန်ုပ်တို့ နှလုံးသားအတွင်း၌ နိုးထ တော်မူသော အိုက်စစ်မယ်တော်ကြီး' တဲ့"



"ဟောဒီအောက်က စာကြောင်းရဲ့အဓိပ္ပာယ်က 'ကျွန်ုပ်တို့ အား ဟိုးရပ်စ်အဖြစ်သို့ ပြောင်းလဲပို့ဆောင်ပေးမည့် ကြယ် တို့၏ ခန်းဆောင်ကို ဖွင့်လှစ်တော်မူပါလော့' တဲ့"

www.burmeseclassic.com


ဦးဖေသိန်းက စိတ်ဝင်စားဟန်နှင့် မျက်မှောင်ကုတ်ကာ . . .

"ဟင် . . . အဲဒါ ဘာအဓိပ္ပာယ်လဲဗျ။ ဘာကို ရည်ညွှန်းချင်တာလဲ"

ဟု မေးလိုက်သည်။ ကိုဟသ်ာကႉ . .

"အီဂျစ်တွေရဲ့ အယူအဆကတော့ ဒီလိုဗျာ။ နဂါးငွေ့ ကြယ်စုတန်းကြီးရဲ့ အလယ်ဗဟိုချက်ဟာ လျှို့ဝှက် သူရိယနေတစ်စင်းပဲ။ အခု ကျုပ်တို့မြင်နေရတဲ့ နေမင်းရဲ့ နောက်ကွယ်မှာရှိတယ်။ ပုန်းအောင်းနေတဲ့ သူရဇ္ဈဂြိုဟ်လို့ ခေါ်ချင်ခေါ်ပေါ့လေ။ မျက်စိနဲ့ပဲဖြစ်ဖြစ်၊ နက္ခတ်တာရာကြည့် မှန်ပြောင်းနဲ့ပဲ ဖြစ်ဖြစ် ကြည့်လို့ မြင်နိုင်တဲ့အရာတော့ မဟုတ်ဘူးဗျို့။ အဲဒီ သူရဇ္ဈဂြိုဟ်ဟာ မိခင်ဓာတ်သဘောကို ဆောင်တဲ့ Isis မယ်တော်ကြီးပဲ"

"ဩော် . . . ဒီလိုကိုး"

"အဲဒီအကြောင်းကို အီဂျစ်က Isis မယ်တော် ဝတ်ပြုကျောင်းတော်မှာ ရေးထားတယ်ဗျ။ အီဂျစ်ဘာသာစကားနဲ့ Sais လို့ အသံထွက်တဲ့စကားကနေ Sun ဆိုတဲ့စကားလုံး ဖြစ်လာတာ။ အဓိပ္ပာယ်က အဝါရောင်ရှိသောကြယ်၊ အနွေးဓာတ်ပေးသောကြယ် . . . တဲ့"

"ဒါနဲ့ နေပါဦးဗျ။ စောစောက ကိုဟသ်ာပြောတဲ့ ဟိုးရပ်စ်ဆိုတာကရော၊ ဘယ်သူလဲ"

အိုင်အိုထွန်းအုပ်က ဝင်မေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒဏ္ဍာရီအရဆိုရင် Isis ဆိုတဲ့ မြင့်မြတ်တဲ့ မယ်တော်ကြီးနဲ့ Osiris ဆိုတဲ့ နတ်ဘုရားတို့ရဲ့ သားဟာ Horus ဆိုတဲ့ နတ်ဘုရားပဲ။ Horus ဟာ ခင်ဗျားတို့၊ ကျုပ်တို့ရဲ့ ခေါင်းပေါ်မှာ အချမြင်နေရတဲ့ နေမင်းပေါ့"

"ဩော်.. ဟုတ်လား။ ဒါဆိုရင် နေမင်းရဲ့အနောက်မှာ ပုန်းအောင်းနေတဲ့ နောက်ထပ် နေတစ်စင်း သူ့ရဲ့ဗွီပြဟ်က နေမင်းကြီးရဲ့မိခင် Isis မယ်တော်ကြီးပေါ့"

"ဒါပေါ့ဗျာ။ ဒီမယ်တော်နဲ့သား ဒဏ္ဍာရီဟာ ခရစ်ယာန်ကိုးကွယ်ယုံကြည်မှုထဲက အပျိုစင် မယ်တော်မေရီနဲ့ ယေရှု ခရစ်တော်တို့ရဲ့ အဖြစ်နဲ့ ရောထွေးနေတယ်ဗျ။ အီဂျစ်တွေရဲ့ အလိုအရတော့ Isis ဟာ အရာအားလုံးရဲ့ ဖန်ဆင်းရှင်ပဲ။ ဒီမှာကြည့်..."



ကြေးစည်၏ နောက်ထပ် မျက်နှာပြင်တစ်ဖက်ရှိ စာများကို ကြည့်ကာ အထက်ပါအတိုင်း ရေးဆွဲလိုက်ပြီး ..

"အဓိပ္ပာယ်က 'အမှောင်ကို ပယ်ရှားအံ့သောငှာ... ငါ နိုးထသတည်း' တဲ့။ ဒီလိုဗျာ၊ လက ကမ္ဘာကိုပတ်၊ ကမ္ဘာက နေကိုပတ်...နဲ့ အဲဒီ လနဲ့ ကမ္ဘာမြေကို အငွေ့ဓာတ် အလင်းဓာတ်ပေးနေတာ စောစောကပြောတဲ့ Isis ပဲဗျို့။

www.burmeseclassic.com

www.burmeseclassic.com



လနဲ့ ကမ္ဘာကြားမှာ လကြတ်တာ၊ လဆွဲအားကြောင့် ကမ္ဘာပေါ်က ရေမျက်နှာပြင် မြင့်တက်တာ၊ အဲဒီလို ဖြစ်ရပ်တွေအားလုံးရဲ့ နောက်ကွယ်က ဖန်ဆင်းရှင်ဟာ Isis ပါပဲ။ တစ်နည်းအားဖြင့် ပြောရရင် နဂါးငွေ့တန်း ဗဟိုချက်က ထုတ်လွှတ်နေတဲ့ အလင်းနဲ့ စွမ်းအင်ဓာတ်ဆိုတဲ့ လှိုင်း(Wave)တွေကြောင့်ပဲ"

"ဟင် . . . ခဏနေပါဦး။ ခင်ဗျား စောစောကပြောတော့ အဲဒီလိုဖြစ်တာတွေက Isis မယ်တော်ကြီးက ဖန်ဆင်းတာဆို။ ဘယ်လို ဘယ်လို လှိုင်းတွေကြောင့် ဖြစ်သွားရတာလဲ။ ကျုပ်များ နားထွေးသွားလို့များလား"

ဦးဖေသိန်းက ဆေးပြင်းလိပ်ကို ပါးစပ်နှင့် ကိုက်ထားရာမှ ချွတ်ကာ မေးလိုက်၏။ ဟိုဟာသံက တစ်ချက်ပြုံးလိုက်ရင်း . .

"ကျုပ်ပြောတာ ဆက်ပြီး နားထောင်ပါဦးဗျာ။ ဦးဖေသိန်းက တယ်ပြီး လောသကိုးဗျ"

ဟု ပြောရင်း ရေနွေးကြမ်းခွက်ကိုယူကာ တစ်ငုံသောက်လိုက်သည်။ ထို့နောက် . . .

"အင်း . . . စောစောကပြောတာ ဘယ်ရောက်သွားပြီလဲ။ ဩော် . . . သိပြီ။ အဲဒီလိုဗျ။ အဲဒီလှိုင်းတွေရဲ့ Frequency ဟာ နှစ်ပေါင်း ၂၆,၀၀၀ နှစ်မှာတစ်ကြိမ် ရိုက်ခတ်တယ်။ ဒါကြောင့် လှိုင်းခရီးတစ်ဝက် ၁၃,၀၀၀ နှစ်ကိုရောက်တိုင်း ယဉ်စွန်းတန်းအမှတ်ပေါ်မှာ နဂါးငွေ့တန်း ဗဟိုချက်ရယ်၊ သူရိယနေမင်းရယ်၊ ကမ္ဘာမြေရယ် တစ်ထပ်တည်းကျတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို နှစ်ပေါင်း ၂၆,၀၀၀ မှာတစ်ကြိမ် နဂါးငွေ့တန်းရဲ့ ဗဟိုကလာတဲ့ Frequency ကို Isis မယ်တော်ကြီးရဲ့ နှလုံးခုန်သံလို့ ခေါ်တယ်ဗျာ။ ကဲ ... ရှင်းပြီလား"

"သြော် ... ဒါကြောင့်ကိုး"

ဦးဖေသိန်းက ပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလိုက်၏။ ကိုဟာသံက ဆက်ပြီး ...

"နောက်ထပ် အံ့သြစရာကောင်းတဲ့အချက်တွေ ရှိသေးတယ်ဗျို့"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီ စောစောကပြောတဲ့ ၂၆,၀၀၀ ဆိုတဲ့ ဂဏန်းဟာလည်း ဆန်းတယ်ဗျ။ ရက်ပေါင်း ၂၆၀ မှာ လူ့သန္ဓေသားဟာ အရွယ်ရောက်တယ်။ မာယာပြက္ခဒိန်မှာ ရက်ပေါင်း ၂၆၀ ပါတယ်။ နဂါးငွေ့တန်းနဲ့ ကမ္ဘာမြေဟာ အလင်းနှစ်ပေါင်း ၂၆,၀၀၀ နှစ် ကွာဝေးတယ်။ ပြီးတော့ လူရဲ့ ပျမ်းမျှ သက်တမ်းဟာ ရက်ပေါင်း ၂၆,၀၀၀ ရက်ရှိတယ်။ ကဲ ... အံ့သြစရာ မကောင်းဘူးလား"

ထိုစဉ် ထမင်းဆိုင်ပိုင်ရှင်ကုလားက စားပြီးသား ပန်းကန်များကို လာသိမ်းသည်။ အိုင်အိုထွန်းအုပ်က ထမင်းပန်းကန်ထဲတွင် ကျန်နေသေးသည့် ကြက်အသည်းတစ်ဖတ်ကို ကပျာကယာ ယူဝါးလိုက်ရင်း ...

"ကိုဟာသံ ... ဆက်ပြောဦးလေဗျာ။ အဲဒီတော့ ဘာဆက်ဖြစ်ကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ အိုက်စစ် မယ်တော်ကြီးကို ယုံကြည်ကိုးကွယ်သူတွေက သူတို့မယ်တော်ကြီးရဲ့ နှလုံးခုန်သံမှန်ဖို့ မြင့်မြတ်တဲ့သားတော် ဟိုးရပ်စ်ကို ၂၀၁၂ ဒီဇင်ဘာ ၂၁ မှာ ပူဇော်ဖို့ Hopi တွေရဲ့ နောင်တော်ကြီးကို ဆန့်ကျင်တိုက်ခိုက်ကြလိမ့်မယ်။ သဘောကတော့ ကမ္ဘာပျက်ကိန်းမဖြစ်အောင် ကာကွယ်ကြလိမ့်မယ်ပေါ့ဗျာ။ ဒါကြောင့်မို့ Tiponi ကီးစတုန်းလေးတွေရဲ့ လမ်းစခြေရာပျောက်သွားအောင် နဂါးမှော်ပညာနဲ့ သာကျော်ကို ရှူးအောင် လုပ်သွားတာပဲဗျို့။ သာကျော်ဟာ ခေါင်းကို အရိုက်ခံရလို့ရူးတာ မဟုတ်ဘူး"

ကိုဟသ်္ာ၏အပြောကြောင့် ဦးဖေသိန်းက ရုတ်တရက် တစ်စုံတစ်ခုကို တွေးမိသွားရင်း . . .

"ဟင် . . . ဒါ . . . ဒါဆို သာကျော်အိမ်ကို တက်ပြီးခိုးတဲ့ မျက်နှာနှစ်ဖက်နဲ့ သူခိုးဆိုတာ . . ."

"အဲဒါ . . . နဂါးမှော် မောင်သိုင်းပဲပေါ့ဗျာ။ ခင်ဗျား သူ့ရဲ့ နောက်စေ့ကို တွေ့လိုက်တယ်မဟုတ်လား။ အဖုအထစ်တွေ အချိုင့်အဝှမ်းတွေက မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်အနေအထားတွေနဲ့ ဘယ်လောက်တူသလဲ။ အဲဒီ အဖုအချိုင့်ရာတွေအတိုင်း မျက်လုံးပုံ၊ ပါးစပ်ပုံ ဆေးခြယ်လိုက်လို့ကတော့ ညအမှောင်မှာ မျက်နှာနှစ်ဖက်နဲ့လူ ဖြစ်သွားတော့တာပေါ့။ အီဂျစ်နတ်ဘုရားကိုးကွယ်မှုရဲ့ အစီအရင်တစ်မျိုးပေါ့ဗျာ"

"နေစမ်းပါဦးဗျာ။ အဲဒီ နဂါးမှော် မောင်သိုင်းရဲ့ ရည်ရွယ်ချက်ကလည်း Tiponi ကျောက်တုံးလေးတွေကို Hopi တွေ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ မရောက်အောင် တားဆီးဖို့ပဲ မဟုတ်လား။ ကိုဟသ်ာ နဲ့ ရည်ရွယ်ချက်ချင်း တူတယ်လို့တောင် ဆိုနိုင်သမင့်ဟာ။ ဘာဖြစ်လို့ . . . ကျုပ်တို့ကို ရန်ရှာချင်ရတာလဲ''

ကိုဟသ်ာက ပြုံးသည်ဆိုရုံလေး တစ်ချက်ပြုံးလိုက်ရင်း . . .

''ဘာဖြစ်လို့လဲဆိုတော့ နဂါးမှော် မောင်သိုင်းဆိုတာ ကျုပ် လက်ချက်နဲ့သေသွားတဲ့ သီရိလက်ာက ဂိုဏ်းခွဲမှူးရဲ့ မွေးစား သား ဖြစ်နေလို့ပေါ့ဗျာ''

''ဗျာ''

* * *



www.burmeseclassic.com

www.burmeseclassic.com


(၇)

ကိုဟသ်ာတို့လည်း ခရီးဆက်ထွက်ခဲ့ရာ နောက်တစ်နေ့ မွန်းတည့်ခါနီးအချိန်တွင် ပခုက္ကူမြို့အဝင် ထမင်းဆိုင်သို့ ရောက်လာကြသည်။

တစ်နေ့လုံး တစ်ညလုံး ခရီးနှင်ခဲ့ရသည်ဆိုသော်လည်း ကားကို တစ်လှည့်စီ မောင်းခဲ့ကြသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း မရှိလှပေ။

ထမင်းစားပြီးကြသောအခါ ဆိုင်မှ တည်ခင်းညှော်ခံသည့် ထန်းလျက်နှင့် ရေနွေးကြမ်းကိုမြို့ရင်း ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့က ထွေရာလေးပါး ပြောနေကြသည်။

အိုင်အိုထွန်းအုပ်က…


www.burmeseclassic.com

www.burmeseclassic.com



"ဦးဖေသိန်းရေ … ပုံတောင်ပုံညာဘက်က ချောင်းတွေရဲ့ အမည်က အဆန်းပဲဗျနော်။ ကျောချောင်းတဲ့၊ ယောချောင်းတဲ့၊ ဒေသနာမည်တွေကြည့်တော့လည်း ယောတဲ့၊ ဆောတဲ့၊ ကာရန်လိုက်အောင်များ တမင်မှည့်ထားကြသလား မသိဘူး ဗျို့"

ဟု ပြောလိုက်၏။ ကိုဟာသ်ာကတော့ မြေပုံတစ်ချပ်ကိုင်ကာ လမ်းလျှောက်ရင်း ဒလက်ကုန်းကျေးရွာသို့ သွားရမည့်လမ်းကြောင်းကို တွက်ဆကြည့်နေသည်။

ဦးဖေသိန်းက ရန်ချိုကို လှမ်း၍ …

"ဟေ့ကောင်ရန်ချို၊ ဒလက်ကုန်းရွာကို ဒီကနေ ဘယ်လို သွားမလဲ။ မြိုင်အထိသွားပြီး ကျောချောင်းအတိုင်း ဆန်တက်ရင် မကောင်းဘူးလား"

ရန်ချိုက ခေါင်းခါလိုက်ရင်း …

"ဆရာ ကိုဟာသ်ာရဲ့ သေနင်္ဂဗျူဟာက ရန်သူရှိနေတဲ့အချိန်မှာ ဘယ်တော့မှ ရေကြောင်းလမ်းအတိုင်းသွားဖို့ ရွေးလေ့မရှိဘူးဗျ။ ဘာကြောင့်လဲဆိုတော့ ကမ်းနှစ်ဖက်ကနေညှပ်ပြီး တိုက်ခိုက်ရင် ကိုယ်က ရေလယ်ခေါင်မှာ လည်စင်းပေးရသလို ဖြစ်နေမှာမို့လို့ပဲ"

ထိုစဉ် ကိုဟာသ်ာက သူတို့ထိုင်နေရာဆီသို့ လျှောက်လာပြီး မြေပုံကို စားပွဲပေါ်သို့ ပစ်ချလိုက်ရင်း

"မင်းပြောတာ မှန်တယ် ရန်ချို။ ငါ စိတ်ကူးထားတာက ဒီလိုကွ။ ငါတို့ ဒီကနေ ပေါက်ကို သွားမယ်။ ပေါက်ကနေမှ



www.burmeseclassic.com

www.burmeseclassic.com



ထီးလင်းကို တစ်ဆင့်ကူးမယ်။ ထီးလင်းကနေပြီးတော့မှ သာကျော်ရှိတဲ့ ဒလက်ကုန်းရွာကို သွားကြတာပေါ့။ အားလုံး ကုန်းလမ်းခရီးချည်းပဲ။ အဲဒီတော့ လမ်းမှာ စေတန်ကောင်တွေနဲ့ တွေ့ရင်လည်း အသေအကျေ တိုက်ခိုက်ကြရုံပေါ့''

အိုင်အိုထွန်းအုပ်က...

''စေတန်ကောင်တွေနဲ့ ရင်ဆိုင်ရမှာဆိုရင်တော့ လက်နက်အဆင်သင့် ဆောင်ထားမှပဲဗျို့။ ကျုပ်မှာတော့ ဌာနကပေးထားတဲ့ ဆားမစ်ရီဗော်ဗာ ပါလာပါရဲ့။ ဒါပေမဲ့ အားလုံးအတွက် လိုလိုမည်မည် ခြောက်လုံးပြူး ၃ လက်လောက် ပခုက္ကူဂါတ်တဲက ဌာနအုပ်ဆီမှာ သွားငှားမှနဲ့တူတယ်။ အဲဒီက ဌာနအုပ်က ကျုပ်နဲ့ ဆပ်ကျောင်း အတူတက်လာခဲ့တဲ့ ကျောင်းနေဖက်ဗျ။ သူ့ကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်းရင် ရနိုင်ပါလိမ့်မယ်''

ထိုအခါ ကိုဟသ်ာက မခိုးမခန့်ပြုံးလျက်...

''ကျုပ်အတွက် မလိုပါဘူးဗျာ။ ကျုပ်မှာပါတဲ့ ယိမ်နွဲ့ပါးမားက ခြောက်လုံးပြူး လေး ငါး ဆယ်လက်ထက်မက အစွမ်းထက်ပါတယ်။ ခင်ဗျားတို့အတွက်သာ ဆောင်ထားကြပါ''

ထိုအခါ အိုင်အိုထွန်းအုပ်က...

''ကိုဟသ်ာအတွက် မလိုပေမဲ့ ကျုပ်တို့အတွက်တော့ လိုတယ်ဗျို့။ ကဲ... အချိန်ရှိတုန်း ပခုက္ကူဂါတ်တဲကို ကြွလှမ်းလိုက်ဦးမှပဲ''





ဟုဆိုကာ သူ၏ အဆမတန် ဆူဖြိုးလှသော ဝမ်းဗိုက်ကြီးကို မနိုင်မနင်း ပင့်မလျက် မြင်းလှည်းတစ်စီးကိုငှားပြီး ထွက်သွားလေတော့သည်။

ထိုသို့ထွက်သွားပြီး နာရီဝက်ခန့် အကြာမှာပင် ဖုန်တထောင်းထောင်းထအောင် အသော့မောင်းနှင်လာသော မြင်းလှည်းတစ်စီးနှင့်အတူ အိုင်အိုထွန်းအုပ် ပြန်ရောက်လာ၏။ မည်မျှ အရေးကြီးနေသည်မသိ။ မြင်းလှည်းမှ ဖက်မသတ်ရသေးခင် သူ၏ ဆူဖြိုးလှသော ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်လှစွာ မြင်းလှည်းနောက်မြီးကို လက်တစ်ဖက်ထောက် အားပြုလျက် လွှားခနဲ ခုန်ချလိုက်၏။ ထို့နောက် ဆိုင်ထဲသို့ သုတ်သီးသုတ်ပျာ ဝင်လာလေသည်။

ဦးဖေသိန်းက ဆီး၍...

''ဘယ်နှယ့်လဲဗျ။ အိုင်အိုကြီး မြန်လှချည်လား။ ခြောက်လုံးပြူးငှားလို့ မရခဲ့ဘူးထင်တယ်''

အိုင်အိုထွန်းအုပ်က နဖူးအစပ်မှ ချွေးများကို လက်ခုံနှင့်ပွတ်သုတ်ရင်း...

''ခြောက်လုံးပြူးက ရလာပါတယ်ဗျာ။ ဒီထက် ပိုအရေးကြီးတဲ့ သတင်းတစ်ခု ပခုက္ကူဂါတ်တဲကနေ ကြားခဲ့ရလို့ဗျ''

''ဘာသတင်းလဲဗျ''

''သာကျော်လေ... သာကျော်''

''ဟင်... သာကျော် ဘာဖြစ်လို့လဲ''

ရန်ချီက စိတ်ဝင်တစား အလောတကြီး မေးလိုက်၏။ အိုင်အိုထွန်းအုပ်က...



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူ၏ အသမတန် ဆူဖြိုးလှသော ဝမ်းဗိုက်ကြီးကို မနိုင်မနင်း ပင့်မလျက် မြင်းလှည်းတစ်စီးကိုငှားပြီး ထွက်သွားလေတော့သည်။

ထိုသို့ထွက်သွားပြီး နာရီဝက်ခန့် အကြာမှာပင် ဖုန်တထောင်းထောင်းထအောင် အသော့မောင်းနှင်လာသော မြင်းလှည်းတစ်စီးနှင့် အတူ အိုင်အိုထွန်းအုပ် ပြန်ရောက်လာ၏။ မည်မျှ အရေးကြီးနေသည် မသိ။ မြင်းလှည်းမှ ဇက်မသတ်ရသေးခင် သူ၏ ဆူဖြိုးလှသော ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်လှစွာ မြင်းလှည်းနောက်မြီးကို လက်တစ်ဖက်ထောက် အားပြုလျက် လွှားခနဲ ခုန်ချလိုက်၏။ ထို့နောက် ဆိုင်ထဲသို့ သုတ်သီးသုတ်ပျာ ဝင်လာလေသည်။

ဦးဖေသိန်းက ဆီး၍ . . .

"ဘယ်နှယ့်လဲဗျ။ အိုင်အိုကြီး မြန်လှချည်လား။ ခြောက်လုံးပြူး ငှားလို့ မရခဲ့ဘူးထင်တယ်"

အိုင်အိုထွန်းအုပ်က နဖူးအစပ်မှ ချွေးများကို လက်ခုံနှင့်ပွတ်သုတ်ရင်း . .

"ခြောက်လုံးပြူးက ရလာပါတယ်ဗျာ။ ဒီထက် ပိုအရေးကြီးတဲ့ သတင်းတစ်ခု ပခုက္ကူဂါတ်တဲကနေ ကြားခဲ့ရလို့ဗျ"

"ဘာသတင်းလဲဗျ"

"သာကျော်လေ . . . သာကျော်"

"ဟင် . . . သာကျော် ဘာဖြစ်လို့လဲ"

ရန်ချိုက စိတ်ဝင်တစား အလောတကြီး မေးလိုက်၏။ အိုင်အိုထွန်းအုပ်က . . .



www.burmeseclassic.com

www.burmeseclassic.com



"သာကျော်သတင်းကတော့ ထူးတယ်ဗျို့။ အခုဆိုရင် ထီးလင်း–ဂန့်ဂေါ နယ်တစ်ဝိုက်မှာ ဟိုးဟိုးကျော်နေတာပဲ။ ပခုက္ကူဂါတ်တဲက ဌာနအုပ်နဲ့ အရေးပိုင်မင်းတို့ကလည်း ဒီကိစ္စကို လူသိပ်မသိအောင် ဖုံးဖုံးဖိဖိ လုပ်နေကြလေရဲ့"

"အလို... ဟုတ်သလား"

"ဟုတ်တယ်ဗျို့။ ကျုပ်ကြားလာခဲ့ရတဲ့ သာကျော့်အကြောင်းက ဒီလိုဗျ..."

* * *



www.burmeseclassic.com

www.burmeseclassic.com



## (၈)

နတ်တော်လပြည့်နေ့တွင် ဒလက်ကုန်းရွာတွင် ရှင်ပြုရဟန်းခံ အလှူမင်္ဂလာရှိသဖြင့် ရွာထဲတွင် လူများ စည်ကားနေကြသည်။ အလှူ ဒါယိကာမသည် စံပယ်ချောင်ရွာသူကြီး၏ ညီမဖြစ်သောကြောင့် ဒလက် ကုန်းရွာတွင် စံပယ်ချောင်မှ ရွာသားများပါ ရောက်နေကြ၏။

ထီးလင်းမြို့ပေါ်မှ ဆွေမျိုးတစ်သိုက်ပါ အားဖြည့်ထားသဖြင့် အလှူပွဲကြီးသည် ခြိမ့်ခြိမ့်သဲသဲ စည်ကားနေလေသည်။

အလှူ့ဒါယိကာက သပိတ်ကိုလွယ်၊ ဒါယိကာမက သင်္ကန်း ပရိက္ခရာ ၈ ပါးကို ခေါင်းပေါ်ရွက်ပြီး ရွာရှိ အပျိုချောများက ကွမ်းတောင် ကိုင်ကာ အိုးစည်ဒိုးပတ်များနှင့် လှည့်လည်လာကြ၏။ မောင်ရင်လောင်း စီးသည့် မြင်းကိုဆွဲသည့်သူက ရွာရှိ ကာလသားခေါင်း ကိုခင်ထွန်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကို တစ်ပတ်ပတ်ကာ ကခုန်တီးမှုတ် လှည့်လည်ပြီး နောက်တွင် ထုံးစံအတိုင်း ရွာထိပ်ရှိစေတီကို ဦးတိုက်လေ့ရှိကြ၏။ ဘုရားပေါ်မှ ဆင်းပြီးသောအခါမှ ဘုန်းကြီးကျောင်းထဲဝင်ပြီး ဆံချကြခြင်းသည် ဒလက်ကုန်းရွာ၏ ဓလေ့တစ်ခုပင်။ ထို့ကြောင့် အလှူပွဲလှည့်သူများက ရွာဦးစေတီဆီသို့ သွားကြသည်။ ထိုသို့အသွားတွင် ရွာပြင်က ဇရပ်နားသို့ ရောက်သောအခါ ဇရပ်မှာနေသည့် သာကျော်နှင့် တိုးကြလေသည်။ သာကျော်က လူစုလူဝေးကို မြင်သောအခါ ဇရပ်ပေါ်မှ ဆင်းလာပြီးနောက် ကိုခင်ထွန်းကို . . .

"ခင်ထွန်းရာ . . . မင်းဆွဲတဲ့မြင်းကြီးက တယ်လှပါလား။ ငါ့ကို တစ်ခေါက်လောက် ပေးစီးပါလားကွာ"

ကိုခင်ထွန်းက မျက်နှာပျက်သွားပြီး

"နည်းခံပါ သာကျော်ရယ် . . . အဲ . . ဆရာသာကျော်ရယ်။ နောက်မှ စီးနော်၊ အခု ကျုပ်တို့ သွားစရာလေးရှိသေးလို့"

"ဩော် . . . မင်းတို့ကောင်တွေက တော်တော်ဟုတ်တယ်။ လိုချင်တာရှိရင် ငါ့ဆီ ပြေးလာကြပြီး ငါ့ကိုကျတော့ မြင်းပေးမစီးချင်ကြဘူးပေါ့၊ ဟုတ်လား။ ကိုင်း . . . ဆိုစမ်းပါဦး။ မင်းတို့က ဘယ်သွားကြမလို့တုန်း"

သာကျော်က ဝေါက်လိုက်သောကြောင့် အားလုံး လန့်ဖျပ်သွားပြီး ဒိုးပတ်ဝိုင်းပင် အသံတိတ်သွားသည်။ ကိုခင်ထွန်းက . . .

"ဟို . . . ဟို ရွာဦးစေတီကို သွားမလို့ပါ ဆရာသာကျော်ရယ်"

"ထွီ . . . သွား . . . သွား . . . ရွာထိပ်မှာ ဘာစေတီမှလည်း မရှိဘဲနဲ့။ သွားကြ . . သွားကြ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ကိုခင်ထွန်းလည်း မြင်းကိုဆွဲကာ ကပျာကယာ သုတ်ခြေတင်လေတော့၏။ အားလုံးကလည်း ခြေလှမ်းကျဲကျဲနှင့် ခပ်သုတ်သုတ် နောက်မှလိုက်သွားလေသည်။ ရွာအပျိုချော ကွမ်းတောင်ကိုင်များပင်လျှင် ခြေတစ်လှမ်း ကုဋေတစ်သန်း မလုပ်နိုင်တော့ဘဲ အပြေးတစ်ပိုင်း အသော့နှင်ကြရတော့၏။

ဇရပ်ရှိသည့် ကွင်းကို လွန်သောအခါမှ အိုးစည်ဒိုးပတ်သံ မြိုင်မြိုင်ဆိုင်ဆိုင် ပြန်လည်ထွက်ပေါ်လာတော့သည်။ ဒိုးပတ်ဝိုင်းမှ ကိုမြ၏ သျှိုးလိုက်သံကလည်း လယ်ကွင်းအထပ်ထပ်ကို ဖြတ်ကျော်ကာ ဟိန်းနေလေ၏။

ထိုအခါမှ အလှူ့ဒါယိကာနှင့် ဒါယိကာမတို့၏ အပြုံးများလည်း ပြန်လည်တောက်ပ သက်ဝင်လာတော့သည်။ သို့သော် သူတို့၏ အပျော်များ၊ ဒိုးပတ်သံများသည် ရွာထိပ် စေတီရင်ပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ဗြုန်းခနဲ အထိတ်တလန့် ချုပ်ငြိမ်းသွားလေတော့သည်။

"ဟင်"

"ဟာ"

"ဟယ်"

"အလို"

"ဘယ်လိုဖြစ်တာလဲ"

ရွာထိပ်ရှိ ကုန်းမြင့်ပေါ်တွင်ကား မည်သည့်စေတီမှ ရှိမနေတော့ဘဲ ဟာလာဟင်းလင်းကြီး ဖြစ်နေလေသည်။ ရွာထဲမှ အသက်အကြီးဆုံး ဘိုးလေးစံမြပင်လျှင်။ ။

"ဒါ. . . ဒါ မဖြစ်နိုင်ဘူး။ ဒီနေ့မနက်ကတင် ပေအဒီ စေတီ



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်မှာ ကျူပ်‌. ကျူပ် တံမြက်စည်းလှည်းခဲ့သေးတယ်''

ဟု အသံများ တုန်တုန်ယင်ယင်နှင့် တစ်ဦးတည်း ရေရွတ်ပြောဆိုနေလေ၏။ ဘိုးလေးစံမြသည် မနက်တိုင်း စေတီတော်ရင်ပြင်ကို တံမြက်စည်းလှည်းပြီး ကုသိုလ်ယူနေကျဆိုသည်ကို တစ်ရွာလုံးအသိပင် ဖြစ်သည်။ ယခုတော့ စေတီတော်ကြီးတစ်ဆူလုံး ဘယ်လိုလုပ်ပြီး လေထဲမှာ အငွေ့ပျံပြီး ပျောက်ကွယ်သွားရတာပါလိမ့်..

အားလုံးက တုန်လှုပ်ချောက်ချားခြင်းများနှင့်အတူ ကြက်သေသေနေမိကြသည်။

"ထွီ... သွား... သွား.. ရှာထိပ်မှာ ဘာစေတီမှ မရှိဘူး" ဟု ပြောလွှတ်လိုက်သော သာကျော်၏စကားသံကို အားလုံးက ပြန်ကြားယောင်မိရင်း ကြက်သီးဖြန်းဖြန်း ထသွားမိလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကျုပ် ကြားလာခဲ့တဲ့ သာကျော်ရဲ့သတင်းက မဆန်းဘူးလား"

အိုင်အိုထွန်းအုပ်က ရေနွေးကြမ်းခွက်ကို မော့သောက်ရင်း ပြောလိုက်သည်။ ပြီးနောက် အိုင်အိုကြီးက ဆက်ပြီး. . .

"နောက်ဆုံး သိခဲ့ရသလောက်ကတော့ ဒလက်ကုန်း ရွာဦးကျောင်း ဆရာတော်ကြီးက သာကျော်ကို သူ့ကျောင်းမှာ ခေါ်ထားတယ်။ ပြီးတော့ စကားမပြောအောင်လို့ ဝစီပိတ် အဓိဋ္ဌာန်ဝင်ပြီး တရားအားထုတ်ခိုင်းထားသတဲ့"

ကိုဟသ်ာက အိုင်အိုထွန်းအုပ်၏စကားကို ခေါင်းတဆတ်ဆတ် ညိတ်ပြီး နားထောင်နေရာမှ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သလို အမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ရန်ချိုရေ... ဒီလိုဆိုရင်တော့ သာကျော်ဟာ အန္တရာယ် ရှိနေပြီ။ အဲဒီတော့ မင်း သူ့ကိုသွားရှာပြီး ငါ့ဆီခေါ်လာခဲ့၊ ဟုတ်ပြီလား။ ငါတို့က ကင်းပန်းရွာရဲ့မြောက်ဘက် ကုန်းမြင့် ပေါ်ကစေတီမှာ မင်းကို စောင့်နေမယ်။ သာကျော်ကိုခေါ်ပြီး အဲဒီကိုသာ လိုက်ခဲ့ပေတော့"

"ကင်းပန်းရွာရဲ့မြောက်ဘက် ကုန်းမြင့်ပေါ်က စေတီဆိုတာ ဟို ခြသေ့်ရုပ်အကြီးကြီး ယောချောင်းကို မျက်နှာမူနေတဲ့ စေတီ မဟုတ်လား ဆရာ"

"အေး... ဟုတ်တယ်။ အဲဒီမှာ ငါတို့ စောင့်နေမယ်။ ကဲ အချိန်မရှိဘူး။ မင်းအခုပဲ သွားလိုက်တော့"

ကိုဟသ်ာ၏ စကားအဆုံးတွင် ရန်ချိုက သူ၏ ထန်းခေါက်ဖာ ကြီးကို ထမ်းကာ ခပ်သွက်သွက် ထွက်သွားလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



(၉)

ကင်းပန်းရွာသည် ထီးလင်းနယ်အတွင်း၌ တည်ရှိသော ရွာငယ်လေးတစ်ရွာဖြစ်သည်။ မြောက်ကုန်းက ထိုရွာလေး၏ မြောက်ဘက်တွင်ရှိပြီး စေတီပုထိုးများ တည်ထားကိုးကွယ်ရာ ဘုရားပရဝဏ် ပင်ဖြစ်၏။

ထူးခြားသည်ကား ထိုမြောက်ကုန်းသည် ယောချောင်းကို မျက်နှာမူလျက် ရှိနေခြင်းပင်။ ကိုဟာသ်ာသည် ဘုရားတောင်ကုန်းပေါ်သို့ ရောက်ရောက်ချင်း အေးမြလတ်ဆတ်သော လေပြည်ရနံ့များကို ရှူရှိုက်မိ၏။ ဘုရားကုန်းတော်ပေါ်၌ လူသူကင်းရှင်းနေသည်။

ယောချောင်းမှ ချောင်းရေစီးသံများ၊ လေတိုက်ခတ်သံများကို လည်း ငြိမ့်ညောင်းညင်သာစွာ ကြားနေရ၏။ ယောချောင်းအသွင်း ဝေ့ဝိုက်နေသော ကြီးမားသည့် ဝဲဂယက်များကိုလည်း တွေ့ရှေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဟာသ်ာက ဘုရားရင်ပြင်တွင် ထီးခြင်းငါးပါးဖြင့် ထိုင်ကာ ဘုရားဝတ်ပြုနေလေသည်။

ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့က ဘုရားရင်ပြင်ကို ပတ်ကြည့်ရင်း စကားစမြည်ပြောဆိုနေကြ၏။ ဦးဖေသိန်းက . . .

"ကိုထွန်းအုပ်ရေ . . . ကြည့်စမ်းပါဦးဗျာ။ ခြသေ့်ကြီးက ဘယ်လောက် အသက်ဝင်လိုက်သလဲလို့။ ယောချောင်းကို မျက်နှာမူပြီး မာန်ဖီနေလိုက်ပုံများကတော့ အခုခေတ်လက်ရာတွေနဲ့ တခြားစီပဲဗျို့။ ပြီးတော့ ချောင်းရေပြင်ကျယ်နဲ့ ဘုရားနဲ့ကလည်း လိုက်ဖက်သပ္ပာယ်ပြီး ပနံရပါဘိတော့ဗျာ။ ကိုဟာသ်ာ ရွေးချယ်တဲ့ နေရာက တော်တော်သာယာတာပဲဗျို့"

အိုင်အိုကြီးက ချောင်းရေပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော လေအေးများကို ဗိုက်ဖောင်းဖောင်းကြီးထဲသို့ အားရပါးရ ရှူသွင်းရင်း . . .

"သာယာတာကလည်း တစ်ကြောင်းပေါ့ဗျာ။ ဒါပေမဲ့ ကျွန်ုပ်အထင်ပြောရရင် ဒီနေရာကို ကိုဟာသ်ာ ရွေးချယ်ရတဲ့ အကြောင်းမှာ ခံစစ်ဆင်လို့ကောင်းတဲ့ လုံခြုံမှုရှိတာကြောင့်လည်း ပါတယ်ဗျ။ ကြည့်လေဗျာ . . .။ ဒီဘက်မှာက ချောင်းရေပြင်ဆိုတော့ ရန်သူလာရင် လွယ်လင့်တကူ မြင်နိုင်တယ်။ ဟောဒီဘက်မှာကလည်း ကုန်းအမြင့်ကြီးဆိုတော့ ရန်သူက လာတိုက်ရင်တောင် ကျုပ်တို့က အပေါ်စီးက တစ်ပန်းသာနေတယ် . . . မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အိုင်အိုကြီးရဲ့သဘောက ဒီနေရာမှာ ကျုပ်တို့က ရန်သူနဲ့ တစ်ပွဲတစ်လမ်း ကြုံရနိုင်တယ်လို့ ထင်တယ်ပေါ့။ ဟုတ်လား"

ထိုအမေးကြောင့် အိုင်အိုထွန်းအုပ်က ခေါင်းညိတ်ပြလိုက်၏။ ဦးဖေသိန်းက လွယ်အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို အသာအယာ ပွတ်စမ်းရင်း...

"ဖြစ်နိုင်ရင် ဘုရားရင်ပြင်တော်တစ်ဝိုက်မှာတော့ သတ်တာ၊ ဖြတ်တာ မလုပ်ချင်ဘူးဗျာ။ နောက်ပြီး မတော်တဆ စေတီ တွေကို ထိခိုက်မိမှဖြင့်...."

"ဟုတ်ပါရဲ့၊ ဒီစေတီတွေက ရှေးဟောင်းစေတီတွေလား မသိဘူး"

"ဟော... ဟိုမှာ ကိုဟာသ်ာတောင် ဘုရားဝတ်ပြုပြီး ကျုပ်တို့ ဘက်လာနေပြီ။ သိချင်ရင် သူ့ကိုသာ မေးကြည့်ပေတော့"

ကိုဟာသ်ာက ဦးဖေသိန်း ပြောသောစကားကို ကြားသွားသော ကြောင့်...

"ရှေးဟောင်းစေတီတော့ မဟုတ်ဘူးဗျ။ ဒါပေမဲ့ စေတီထဲမှာ တော့ ပုဂံခေတ် ရှေးဟောင်းလက်ရာဘုရားတွေ အများကြီး ရှိတယ်"

"ဪ... ဪ"

ထို့နောက် စကားစ ပြတ်သွားပြီး ဘာမှ မပြောဖြစ်ကြဘဲ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြလေသည်။ ဦးဖေသိန်းက သူ၏ ဗိုလ်လသာဆေးပြင်းလိပ်ကြီးကို မီးညှိရာ ချောင်းဆိုးမှ လေတိုက်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ညှို့မရဘဲ ဖြစ်နေ၏။ ကိုဟာသ်ာက သူ၏အိတ်ထဲမှ ဇစ်ပိုမီးခြစ်ထုတ်ကာ ဦးဖေသိန်းဆီသို့ ကမ်းလိုက်သည်။

ဦးဖေသိန်းက ဆေးပြင်းလိပ်ကြီးကို မီးညှိပြီးနောက် တစ်ချက်နှစ်ချက် ဆက်ခါဆက်ခါ ဖွာရှိုက်ပြီးနောက်. . .

"အင်း. . . ပြောစမ်းပါဦး ကိုဟာသ်ာရဲ့။ ဟိုတစ်ခါပြောတဲ့ မာယာလူမျိုးတွေအကြောင်းပြောတာ မကုန်သေးဘူး မဟုတ်လား"

ကိုဟာသ်ာက ဦးဖေသိန်း၏အမေးကြောင့် နှုတ်ခမ်းတွန့်ရုံ အသံထွက်အောင် ပြုံးလိုက်ရင်း. . .

"ဟင်း. . . ဟင်း ပြောရရင်တော့ ဘယ်ကုန်ပါ့မလဲဗျာ။ အင်းလေ. . . ခင်ဗျား နားထောင်ချင်သေးတယ်ဆိုရင်တော့ ကျုပ် ပြောပြပါ့မယ်"

အိုင်အိုထွန်းအုပ်က. . .

"ဟုတ်တယ်ဗျို့ ကိုဟာသ်ာ။ ရန်ချိုကိုစောင့်ရင်း ကျုပ်လည်း နားထောင်ချင်တယ်"

"ကဲ. . . ကဲ. . . ဒါဆိုရင် မတ်တတ်ကြီးပြောရတာ မကောင်းဘူး။ ဒီမှာပဲ ထိုင်လိုက်ကြတာပေါ့"

ပြောပြောဆိုဆိုနှင့် ကိုဟာသ်ာက စေတီရင်ပြင် တစ်နေရာတွင် တင်ပလ္လင်ခွေ ထိုင်ချလိုက်၏။ ဦးဖေသိန်းတို့လည်း တစ်နေရာစီ ထိုင်လိုက်သည်။ ကိုဟာသ်ာက. . .

"ဒီလိုဗျ။ မာယာ ယဉ်ကျေးမှုက လွန်ခဲ့တဲ့ ထောင်စုနှစ်တစ်ခု နဲ့ တစ်ဝက်သာသာလောက်မှာ ကမ္ဘာမြေပြင်ပေါ်မှ ရုတ်ချည်း



www.burmeseclassic.com

www.burmeseclassic.com



ဘွားခနဲ ပေါ်ပေါက်လာတာပဲဗျို့။ ပြောရရင်ဗျာ . . . မက္ကဆီကို မှာရှိတဲ့ ယူကာတန်ကျွန်းဆွယ်၊ ဂွါတီမာလာနဲ့ ဟွန်ဒူးရပ်စ် ဒေသတွေမှာပေါ့"

"ဟင် . . . ဘယ်လို . . . ဘယ်လို ရုတ်ချည်းပေါ်လာတာ၊ ဟုတ်လား"

အိုင်အိုထွန်းအုပ်က နားထွေးသွားဟန်နှင့် အလျင်စလို ပြန်မေးလိုက်၏။

"ဟုတ်တယ်၊ အဲဒီလို ပေါ်ပေါက်လာတာကလည်း သာမန်ကာ လျှံကာပေါ်လာတာမျိုး မဟုတ်ဘူး။ အလွန် အဆင့်အတန်း မြင့်မားတဲ့ နည်းပညာတွေကို ပိုင်ဆိုင်ထားပြီးသား ယဉ်ကျေး ပြည့်စုံတဲ့ လူ့အဖွဲ့အစည်းအဖြစ် ပေါ်ပေါက်လာခဲ့တာပဲဗျို့။ အဲ . . . ဒါပေမဲ့ နောက် အေဒီ ၉ ရာစုလောက်အရောက်မှာ တော့ ဘာအကြောင်းရယ်လို့ မည်မည်ရရမသိရဘဲ သူတို့ရဲ့ ကြီးကျယ်ခမ်းနားလှတဲ့ မြို့ကြီးပြကြီးတွေကို ရုတ်တရက် စွန့်ခွာ သွားကြပြီး တိမ်မြုပ်ပျောက်ကွယ်သွားကြတော့တာပဲဗျ"

"အလို . . . အံ့ဩစရာ တယ်ကောင်းသဗျို့။ ပေါ်လာတော့ လည်း ရုတ်တရက်၊ ပြန်ပျောက်သွားတော့လည်း ရုတ်တရက် ချည်းပါပဲလား"

ဦးဖေသိန်းက အံ့ဩသွားဟန်နှင့် ရေရွတ်ပြောဆိုလိုက်သည်။ ကိုဟာသ်ာက ဆက်ပြီး . . .

"ဟုတ်တယ်၊ ဒါပေမဲ့ မာယာလူမျိုးတွေရဲ့ ရှေ့ဟောင်းပြေး ယဉ်ကျေးမှုအဖွဲ့အစည်းဆိုတာလည်း ပေါ်ခဲ့သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို olmec ယဉ်ကျေးမှုလို့ ခေါ်တယ်။ သူတို့က စကြဝဠာ ဂြိုဟ် အဖွဲ့အစည်းရဲ့ ဗဟိုချက်က ရှုပ်ကြယ်လို့ ယူဆခဲ့ကြ တယ်။ ဟော ... ဒီစာအုပ်ထဲက ပုံမှာကြည့် ...”

ဝင်ရိုးစွန်းဗဟိုချက်




“ဒါက မာယာလူမျိုးတွေရဲ့ အစီအရင် အခမ်းအနားကျင်းပတဲ့ Izapa မှာတွေ့ရတဲ့ ရှိဆက်တာ ကျောက်တိုးပေါ်က ပုံပဲ။ သစ်ပင်ရဲ့ ညာဘက်အထက်မှာ နားနေတဲ့ ငှက်ဟာ ခုနစ်စဉ် ကြယ်ကို ကိုယ်စားပြုထားတာဗျ။ အောက်ကနေ မော့ကြည့် နေတဲ့ သူရဲကြောင်းကတော့ နေနတ်ဘုရားရဲ့ ပုံပေါ့ဗျာ။ ပုံရဲ့ လက်ဝဲဘက်အောက်မှာ မိချောင်းတစ်ကောင်ရဲ့ ပါးစပ်ကို တွေ့ရလိမ့်မယ်ဗျ။ သစ်ပင်ပေါ်မှာ နားနေတဲ့ ကြယ်တူရွေး ငှက်က သူရဲကောင်းရဲ့လက်ချက်နဲ့ ခေါင်းဖောက်ထိုးပြုတ်ကျ

www.burmeseclassic.com



လာရင် မိကျောင်းပါးစပ်နဲ့ တည့်တည့်ပဲ၊ တွေ့လား။ အဲဒီ မိကျောင်းပါးစပ်ကို မာယာဘာသာစကားနဲ့ ပြောရရင် Xibalba be လို့ ခေါ်တယ်"

"Xibalba... be ဟုတ်လား။ အဲဒါက ဘာအဓိပ္ပာယ်လဲဗျ"

" '**တခြား ကမ္ဘာလောကသို့ သွားရာလမ်း**' လို့ အဓိပ္ပာယ် ရတာပေါ့ဗျာ။ နက္ခတ္တပညာရှင်တွေကတော့ '**ကြယ်စင်စုပဟို ချက်က အမှောင်အက်ကွဲကြောင်း**' လို့ပဲ လွယ်လွယ်ခေါ်ကြ တယ်။ တချို့ပုံတွေမှာကတော့ အဲဒီလမ်းကြောင်းကို ဖားရဲ့ ပါးစပ်နဲ့ သရုပ်ဖော်ကြတယ်။ ဟောဒီပုံမှာကြည့်. . ."



"ဟောဒီမှာ လက်နှစ်ဖက်ကို ဆန့်တန်းထားတာက ဧနမင်း သခင်ပဲ။ ဖားရဲ့ပါးစပ်အပေါ်ကို ဟထားတဲ့အဓိပ္ပာယ်က




www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားလာပြီလို့ အဓိပ္ပာယ်ရတယ်။ ဆိုလိုချင်တာက ဒီဇင်ဘာ ဆောင်းယဉ်စွန်း သူရိယနေမင်းဟာ နဂါးငွေ့တန်းထဲမှာရှိတဲ့ ကြယ်စင်စု ဗဟိုချက်ကိုဖြတ်ပြီး အမှောင်အက်ကွဲကြောင်းက နေ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ မှာ မွေးဖွားလာလိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဗျာ။ ပိုပြီးရှင်းအောင် ဆွဲပြရရင်တော့ ဟောဒီအတိုင်းပဲဗျ"





ဦးဖေသိန်းကတော့ စာအုပ်၏ နောက်စာမျက်နှာတွင် ပါရှိသည့် ဆောင်းယဉ်စွန်းတန်း နေနတ်ဘုရားက ကန္နားလှေငယ်ကိုစီးကာ မြေအောက်ကမ္ဘာမှ ပြန်လည်မွေးဖွား လွတ်မြောက်လာပုံကို သရုပ်ဖော်ထားသည့် မာယာရှေးဟောင်း ပန်းချီလက်ရာကို ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





"အဲဒီတော့ အဓိပ္ပာယ်က ဘာလဲဗျ"

ဟု အိုင်အိုထွန်းအုပ်က မေးလိုက်သည်။

"ခုနစ်စဉ်ကြယ် နတ်ဘုရားခေတ် ကုန်ဆုံးတော့မယ်။ ကြယ်စင်စုအတွက် နတ်ဘုရားအသစ် မွေးဖွားလာတော့မယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဗျာ။ အဲဒီ နတ်ဘုရားသစ်ဟာ ဆောင်းယဉ်စွန်းတန်း သူရိယနေမင်းပဲတဲ့။ အဲဒီဖြစ်စဉ်မှာ ကမ္ဘာမြေကြီးဟာ သူ့ရဲ့ ဝင်ရိုးပေါ်မှာ အင်မတန်ဖြည်းညင်းစွာနဲ့ ဘေးတိုက်ရွေ့လျားသွားပြီးတော့ ကျုပ်တို့ လက်ရှိရပ်တည်နေတဲ့နေရာကို ပိုပြီး ကြီးမားကျယ်ပြန့်တဲ့ ကြယ်စင်ရပ်ဝန်းထဲကို ပို့လိုက်မှာ။ နဂါးငွေ့တန်းကြီးတစ်ခုလုံး ရွေ့မှာဗျ"

"ဟင်. . . အဲဒီလို ရွေ့သွားတော့ ဘာဆက်ဖြစ်မှာလဲ"

"အဲဒီလို ရွေ့ပြီဆိုတော့ နေ့၊ ည မျှခြေအမှတ် (Equinox) တွေလည်း ရွေ့မယ်။ ဆောင်းယဉ်စွန်း နေမင်းရဲ့ ရပ်တည်ရာ ဆုံမှတ်လည်း ရွေ့လျားသွားမယ်။ ဒါဟာ နှစ်ပေါင်း ၂၆၀၀၀ မှာတစ်ကြိမ်ပဲ ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com


"ဆောင်းယဉ်စွန်း သူရိယနေမင်းဆိုတာ ဘာလဲဗျ"

"ယဉ်စွန်းတန်း သူရိယနေမင်း (Solstice sun) ဆိုတာက နှစ်တစ်နှစ်ပတ်လုံးမှာမှ နှစ်ကြိမ်ပဲ ကျရောက်တယ်။ တစ်ကြိမ်က နွေရာသီမှာ၊ နောက်တစ်ကြိမ်ကတော့ ဆောင်းရာသီ။ ဆောင်းရာသီမှာကျရောက်တဲ့ ယဉ်စွန်းတန်းကို ဒီဇင်ဘာ ယဉ်စွန်းတန်း (December solstice sun) လို့လည်း ခေါ်သေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ များသောအားဖြင့် ဒီဇင်ဘာ ၂၁ ရက်မှာ ကျရောက်တာကို။

အမှတ်အသားပြုတာကတော့ မွန်းတည့်အချိန် နေမင်းဟာ ကောင်းကင်ရဲ့ အမြင့်ဆုံးအမှတ်ကို ကျရောက်တဲ့အခါ Summer Solstice Sun ဖြစ်ပြီး ကောင်းကင်ရဲ့ အနိမ့်ဆုံးအမှတ်ကို နေမင်း ရောက်ရှိနေတဲ့အချိန်ဟာ Winter Solstice Sun ပဲ။

အမြင့်ဆုံးအမှတ်ကို သူရိယနေမင်း ရောက်တဲ့နေ့ဟာ နှစ်တစ်နှစ်လုံးအတွက် နေ့တာ အရှည်ဆုံးနေ့ဖြစ်ပြီးတော့ အနိမ့်ဆုံးအမှတ်ကိုရောက်ရှိတဲ့နေ့ကတော့ နေ့တာအတိုဆုံးနေ့ ဖြစ်တယ်ဗျ။ ပြီးတော့ နေ့၊ ည မျှခြေ (EQUINOX) ဆိုတာလည်း ရှိသေးတယ်"

ကိုဟသံက စကားရှည်ကြီးပြောရသဖြင့် ခဏနားလိုက်သည်။ ဦးဖေသိန်းက တင်မလွင်ခွေထိုင်နေရာမှ ညောင်းလာဟန်နှင့် ခြေထောက်ကို ဟိုပြောင်း၊ ဒီပြောင်း လှုပ်ရှားလိုက်ရင်း . .

"နေ့၊ ည မျှခြေ (EQUINOX) ဆိုတာကရော ဘာလဲဗျ"


www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါကလည်း စောစောကပြောတဲ့ ယဉ်စွန်းတန်း အချိန်ကာလနှစ်ခုရဲ့ ကြားအလယ် ၃ လခြားစီ ပိုင်းလိုက်တဲ့ အခါမှာ ကျရောက်တဲ့ အချိန်အခါတွေပါပဲဗျာ။ များသော အားဖြင့်တော့ မတ်လ ၂၀ ရက်နဲ့ စက်တင်ဘာလ ၂၂ ရက် ဖြစ်တတ်ကြတယ်ဗျ။ အဲဒီနေ့တွေမှာ သူရိယနေမင်းဟာ ကမ္ဘာ့ အီကွေတာမျဉ်းရဲ့ အပေါ်တည့်တည့်မှာ ကျရောက်တယ်။ ဒါကြောင့်မို့ အဲဒီနေ့တွေမှာ နေ့တာ၊ ညတာ တိုခြင်း၊ ရှည်ခြင်း မရှိဘဲ နေ့နဲ့ညဟာ ၁၂ နာရီ အတိအကျစီ မျှမျှတတ ပိုင်ဆိုင် ကြတယ်"

ထိုအခါ တစ်ချိန်လုံးငြိမ်နေသော အိုင်အိုထွန်းအုစ်က ...

"ကြော် ... ဒါဆို နေမင်းက ယဉ်စွန်းတန်းပုံကိုရောက်လိုက်၊ နောက် ၃ လကြာရင် အီကွေတာ နေ့ ည မျှခြေအမှတ်ပေါ် ကို ရောက်လိုက်နဲ့ ပတ်ချာလည်နေတာပေါ့ မှုတ်လား"

"ဟုတ်တယ်။ နှစ်ကာလ တစ်နှစ်စာကို ၃ လစီ လေးပိုင်းပိုင်း ထားတာ။ ဒီလိုဗျာ ဥပမာပေးရရင် ခင်ဗျားရဲ့ ညာဘက်လက် ဖျားနဲ့ ဘယ်ဘက်လက်ဖျားကို Summer Solstice နဲ့ Winter Solstice လို့ အမှတ်အသားလုပ်ထားလိုက်ဗျာ။ ဒါဆိုရင် ခင်ဗျားရဲ့ ရင်ညွန့်တည့်တည့်ဟာ စက်တင်ဘာ ၂၂ ရက်နေ့ (EQUINOX) ဖြစ်ပြီးတော့ ခင်ဗျားရဲ့ ကျောဆစ်ရိုးတည့်တည့် ဟာ မတ်လ ၂၀ ရက်နေ့ (EQUINOX) ဆိုတဲ့ သဘောပဲ။ ရှင်းပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြီ‌‌‌. . . ရှင်းပြီ။ ဒါဆိုရင် ကျုပ်က ဟောဒီလို လက်နှစ်ဖက်ကို ဆန့်တန်း၊ တစ်ကိုယ်လုံး ပတ်ချာလှည့်လည်ရင်း တဖြည်းဖြည်း ရွေ့ရွေ့သွားပြီး ဟောဟို ခေါင်းလောင်းကြီးကို ပတ်နေရင် ကမ္ဘာကြီးက နေကို ပတ်ချာလှည့်နေတဲ့သဘောနဲ့ တူသွားပြီပေါ့"

အိုင်အိုထွန်းအုပ်က ပြောပြောဆိုဆို သူ၏ ခန္ဓာကိုယ်ဝဝကြီးနှင့်မှ မလိုက်၊ သွက်လက်စွာ မတ်တတ်ရပ်ပြီး လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်းလိုက်၏။ ကိုဟသံ့က ဆက်ပြီး. . .

"ဟုတ်တာပေါ့. . . ကဲ လုပ်လက်စနဲ့ ခင်ဗျားကိုယ် ခင်ဗျား ကမ္ဘာလုံးကြီးလို့ သဘောထား။ အဲဒီ ခေါင်းလောင်းကြီးကို တော့ နေမင်းကြီးလို့ သဘောထားပြီး ပတ်ချာလှည့်ကြည့်စမ်းပါဦး။ အဲ. . . အဲ. . ဟုတ်ပြီ၊ ဒီနားမှာ ခဏရပ်ပြီး ခေါင်းလောင်းကြီးကို လှမ်းကြည့်စမ်း။ ခေါင်းလောင်းကြီးရဲ့ နောက်ခံမြင်ကွင်းမှာ ဘာရှိသလဲ"

ကိုဟသံ့၏အပြောကြောင့် အိုင်အိုကြီးက ခန္ဓာကိုယ်ကို တစ်ပတ်ပတ်ပြီး ခေါင်းလောင်းကြီး၏ အနောက်ဘက်သို့ ကြည့်လိုက်ရင်း

"ဟိုးနောက်မှာ ခြသေ့်ရုပ်ကြီး ရှိတယ်လေဗျာ"

"ကောင်းပြီ ခင်ဗျား ဒီဘက်ကို ဘေးတိုက်ရွှေ့လာခဲ့လိုက်စမ်းပါ။ ဟုတ်ပြီ. . . ဟုတ်ပြီ. . . ရွှေ့. . . ရွှေ့၊ ဟော. . . ဒါဆို ခင်ဗျားကြည့်ရမယ့်ရှုထောင့် ပြောင်းသွားပြီ မဟုတ်လား။ ကဲ. . . ထပ်ပြီး ကြည့်လိုက်စမ်းပါဦး။ ခေါင်းလောင်းကြီးရဲ့ နောက်ခံမှာ ဘာရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာက ကြည့်ရင်တော့ ခေါင်းလောင်းကြီးရဲ့ နောက်ခံမြင်ကွင်းမှာ ယောချောင်းရေပြင်ကျယ်ကြီးကိုပဲ မြင်ရတော့သဗျို့"

"အဲဒီ့ သဘောပဲဗျ။ ကမ္ဘာကြီး ဘေးတိုက်ယိမ်းယိုင်သွားတော့ သူ့ရဲ့ EQUINOX အမှတ်တွေ ရွှေ့လျားမယ်။ ဒီတော့ ဆောင်းယဉ့်စွန်းအမှတ်ဟာလည်း တဖြည်းဖြည်းချင်း ရွှေ့လျားပြီး နဂါးငွေ့တန်းထဲက ကြယ်စင်စုဗဟိုချက်နဲ့ သွားဆုံစည်းမယ်"

"ဩော်.. ဒီလိုကိုး"

ဟု အိုင်အိုထွန်းအုပ်က ပြောရင်း မတ်တတ်ရပ်နေရာ ပြန်ထိုင်လိုက်၏။ ကိုဟသ်ာက..

"Zodiac လို့ခေါ်တဲ့ ရာသီခွင်စက်ဝန်းကို ဖြတ်သွားတဲ့ ရွှေ့လျားမှုဟာ ရ၁.၅ နှစ်ကြာတိုင်း (၁)ဒီဂရီ သက်ရောက်တယ်ဗျ။ စောစောက အိုင်အိုကြီး ပထမရွှေ့လျားပတ်နေတဲ့ အနေအထားက ခေါင်းလောင်းကြီးရဲ့ နောက်ခံမြင်ကွင်းကို ကြည့်လိုက်တော့ ခြသေ့ရုပ်ကြီးကို မြင်တယ်မဟုတ်လား။ အင်း... အဲဒီ့ သဘောပဲဗျို့။

လက်ရှိ ကျွန်တော်တို့ပတ်နေတဲ့ ကမ္ဘာရဲ့လမ်းကြောင်းမှာ နွေဦးရာသီ EQUINOX ကိုရောက်တိုင်း သူရိယနေမင်းကြီးကို လှမ်းကြည့်လိုက်ရင် နောက်ခံမြင်ကွင်းမှာ မိန်ရာသီ(Pisces)ကို မြင်ရတယ်ဗျ။ ဒီလိုအနေအထားအတိုင်း တည်ရှိနေတာ နှစ်ပေါင်း ၂ ထောင်လောက် ရှိနေပြီ။ အခု ကျုပ်တို့ နေထိုင်



www.burmeseclassic.com

www.burmeseclassic.com


ရှင်သန်နေတဲ့ ခေတ်ပဲပေါ့ဗျာ။ မိန်ရာသီ (Pisces) ခေတ် လို့ပဲ ဆိုကြပါစို့"


ကိုဟာသ်ာက သူ၏လက်စွဲ ဆင်စွယ်စွပ်တံနှင့် ဂျုန်ပလေးယား စီးကရက်ကို အိတ်ထဲမှထုတ်ကာ မီးညှိပြီး ဖွာရှိုက်လိုက်သည်။ မီးခိုး ငွေ့များသည် လေပြည်နှင့်အတူ မျောလွင့်ပျောက်ကွယ်သွား၏။ ဦးဖေသိန်းကတော့ ကိုဟာသ်ာ၏ စကားများကို ခေါင်းတဆတ်ဆတ်ညိတ် ကာ တွေးဆ ဆင်ခြင်နေသည်။ ကိုဟာသ်ာက စီးကရက်ကို လက် တစ်ဆစ်ခန့် တိုသွားအောင် ဖွာရှိုက်ပြီးနောက်. . .

"စောစောက အိုင်အိုကြီးကို ရှုထောင့်နေရာပြောင်းပြီး ကြည့် ခိုင်းတော့ ခြသေ့ရုပ်ကို မမြင်ရတော့ဘဲ ရေပြင်ကျယ်ကိုပဲ မြင်ရတယ် မဟုတ်လား။ အင်း. . . ကမ္ဘာမြေကြီးကလည်း အဲဒီလိုပဲ နေရာရွှေ့သွားမှာဗျ။ အဲဒီအခါ နွေဦးရာသီ EQUINOX ရဲ့ သူရိယနေမင်းကြီးနောက်ခံမှာ ကုမ်ရာသီ (Aquarian) ကို မြင်ရလိမ့်မယ်။ ခေတ်ပြောင်းတာပေါ့ဗျာ။ ကျုပ်တို့ မြေကမ္ဘာလူသားတွေက မိန်ရာသီ (PISCES) ခေတ်ကနေ ကုမ်ရာသီ (AQUARIUS) ခေတ်ကို ပြောင်းလိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com






"အဲဒီလို ခေတ်ပြောင်းတော့ ဘာတွေဆက်ဖြစ်ကြဦးမှာလဲ"

ကိုဟာသ်က ဦးဖေသိန်း၏ အမေးစကားကို မဖြေနိုင်ခင်မှာပင် အိုင်အိုထွန်းအုပ်က ဘုရားအောက်သို့ လှည့်ပင်းဆန့်ကြည့်လိုက်ရင်း . .

"အလို. . ရန်ချိုတောင် ပြန်လာပါပကောလား"

အိုင်အိုထွန်းအုပ်၏ စကားကြောင့် အားလုံးက ထပြီး ကြည့်လိုက်သည်။ ဘုရားကုန်းတောင်ပေါ်သို့ ခြေလှမ်းကျဲကြီးများနှင့် လွှားခနဲ လွှားခနဲ လာနေသည့် ရန်ချိုကို တွေ့လိုက်ရ၏။ သူ၏ ပခုံးပေါ်မှာလည်း ထန်းခေါက်ဖာကြီးက ခြေလှမ်းလိုက်တိုင်း သိမ့်ခနဲ၊ သိမ့်ခနဲ လှုပ်ယမ်းကာ ပါလာသည်။

ကိုဟာသ်က အားလုံးကို ဘုရားအရှေ့ဘက် တန်ဆောင်းဆီသို့ ခေါ်သွား၏။ တန်ဆောင်းထဲတွင် တင်ပလ္လင်ခွေ ရုပ်ပွားတော်ကြီးများ ရှိနေလေသည်။ တန်ဆောင်းအတွင်းသို့ ရောက်သောအခါ ရန်ချိုက သူ၏ ပခုံးပေါ်မှ ထန်းခေါက်ဖာကို ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


ထန်းခေါက်ဖာထဲတွင် ကွေးကွေးလေးပါလာသည့် လူတစ်ယောက်ကို တွေ့လိုက်ကြရသည်။ ထိုသူ၏ လက်နှစ်ဖက်ကို ကြိုးဖြင့်တုပ်ထားပြီး ပါးစပ်ကို အဝတ်ဖြင့် စည်းနှောင်ကာ ပိတ်ထားသည်။ ရန်ချိုက . . .

"သာကျော်ဆိုတာ သူပါပဲ ဆရာကိုဟသ်ာ"

ကိုဟသ်ာက ကြည့်သည်ဆိုရုံ တစ်ချက်ကြည့်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

ဦးဖေသိန်းကတော့ လူတစ်ယောက်ကို အများသူငါမသိအောင် ခိုးယူပြီး ကြက်ကလေး၊ ငှက်ကလေးကဲ့သို့ ကြိုးဖြင့် တုပ်ကာ ထန်းခေါက်ဖာထဲ ထည့်ယူလာနိုင်သည့် ရန်ချို၏အစွမ်းကို အံ့သြတကြီး ဖြစ်နေမိသည်။ အိုင်အိုကြီးက သာကျော်ကို ထန်းခေါက်ဖာထဲမှ ပွေ့ယူထုတ်လိုက်ပြီး စုံထောက်ပီပီ စေ့စေ့စပ်စပ်ကြည့်နေ၏။

သာကျော်ကို ကြည့်ရသည်မှာ အရပ်ပုပု၊ ဂင်တိုတိုနှင့် မျက်နှာတွင် ကျောက်ပေါက်မာ အနည်းငယ်ရှိနေသော သူလို ငါလို မထင်မရှားပုံပန်းသဏ္ဌာန်မျိုးပင် ဖြစ်၏။ ကိုဟသ်ာက စူးရှတောက်ပနေသော သူ၏မျက်လုံးအစုံတို့ဖြင့် သာကျော်မျက်နှာကို မေးစေ့မှကိုင်ကာ မျက်လုံးချင်း တည့်တည့်ဆိုင်ကြည့်လိုက်သည်။

သာကျော် တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွား၏။ ကိုဟသ်ာ၏ အကြည့်ဒဏ်ကို သာကျော်တစ်ယောက် မခံနိုင်ပါချေ။ ကိုဟသ်ာက သာကျော်ကို တုပ်နှောင်ထားသောကြိုးများနှင့် ပါးစပ်တွင် စည်းထားသည့် အဝတ်ကို ဖြေခိုင်းလိုက်ပြီး သူ၏ သံလိုက်ဓာတ်ပါသော အသံဖြင့် စကားကို လေးလေးနှင့်မှန်မှန် တစ်လုံးချင်း ဖြည်းဖြည်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သာကျော် ... ငါတို့ အခုရောက်လာတာက မင်းကို ကူညီဖို့ ဖြစ်တယ်။ မင်းရဲ့ လွင့်စင်ပျောက်ဆုံးနေတဲ့ စိတ်တွေကို ပြန်ပြီး စုစည်းကုသပေးဖို့ပဲ။ ငါတို့ကို မကြောက်နဲ့။ ပြီးတော့ ရှန်းကန်ထွက်ပြေးဖို့လည်း မင်း မကြိုးစားနဲ့။ အကောင်းဆုံးကတော့ မင်းစကားတစ်ခွန်းမှမပြောဘဲ ငြိမ်ငြိမ်လေးနေဖို့ပဲ။ နားလည်လား သာကျော်"

သာကျော်က ခေါင်းညိတ်ပြသလို အနည်းငယ် လှုပ်ရှားသွား၏။ ကိုဟာသ်ာက သူ၏ လက်ချောင်းများကို သာကျော်၏ မျက်စိရှေ့တွင် ညင်သာစွာ ရွှေ့လျားရင်း ...

"ကဲ ... သာကျော်၊ အခုချိန်ကစပြီး မင်းရဲ့ တစ်ကိုယ်လုံးမှာရှိတဲ့ အာရုံကြောတွေကို လျှော့ချထားလိုက်တော့၊ ဟုတ်ပြီ၊ လျှော့လိုက်တော့၊ လျှော့လိုက်တော့"

ဦးဖေသိန်းက အလိုက်သင့်ပွေ့ပြီး နောက်မှ ဖေးကိုင်ထားပေး၏။ ထိုအချိန်မှာပင် တန်ဆောင်းအတွင်း အစွန်ဆုံးထောင့်တွင်ရှိသော ရုပ်တုတစ်ခုက အနည်းငယ် လှုပ်ရှားသွားလေသည်။ ရုပ်တုက အသက်ဝင်လာသလား ဟူသည့် အတွေးဖြင့် ဦးဖေသိန်းနှင့် အိုင်အိုကြီးတို့ အလန့်တကြား ဖြစ်သွားကြချိန်တွင် ကိုဟာသ်ာက သူ၏ ယိမ်းနွဲ့ပါးဓားရိုးပေါ် လက်တင်လိုက်၏။ ထို့နောက် သူ၏ အသံနက်ကြီးဖြင့် ...

"နည်းနည်းမှ မလှုပ်လိုက်လေနဲ့ မောင်သိုင်း။ ငါ မင်းလို လူတော်တစ်ယောက်ကို မသတ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အီဂျစ်ဂမ္ဘီရလောကမှာ တစ်ဆူတည်းရှိတဲ့ ရှေးဟောင်းပုရပိုက်ကို ရဖို့လမ်းစဟာ မင်းသာသေသွားရင် သုံးဝ အစ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားမှာမို့လို့ပဲ။ အဲ . . ဒါပေမဲ့ မင်းဘက်ကလည်း ကိုယ့်စည်းနဲ့ကိုယ် နေသင့်တယ်။ ငါ့ကိစ္စထဲကို စည်းကျော်ပြီး မဝင်လာသင့်ဘူး''

အနက်ရောင်ဝတ်စုံရှည်ကို ခေါင်းအထိလုံအောင် ခြုံထားသည့် နဂါးမှော် မောင်သိုင်းက ပမာမခန့်ပြုံးလိုက်ရင်း . .

''စည်းကျော်တာ၊ မကျော်တာတွေ ကျုပ် စိတ်မဝင်စားဘူး။ ကျုပ်ရဲ့ ရည်ရွယ်ချက်က သာကျော်ကနေတစ်ဆင့် Tiponi ကျောက်တုံးတွေ ရှိတဲ့နေရာကို စေတန်တွေသိမသွားစေဖို့ပဲ။ စေတန်တွေက အဲဒီကျောက်တုံးတွေကို Hopi တွေလက်ထဲ ပြန်ရောက်အောင် လုပ်ပေးပါမယ်လို့ ကျိန်ဆိုထားတာ ခင်ဗျား မသိဘူးလား။ ဒါကြောင့် Tiponi ကျောက်တုံးတွေ ဘယ်မှာ ထားသလဲဆိုတာ သိနိုင်တဲ့ သာကျော်ကို လက်စဖျောက်ပစ် ရမယ်။ အစကတော့ သတ်မပစ်ချင်လို့ ရူးရုံလောက်ပဲ လုပ်ထားတာ။ ဒါပေမဲ့ ခင်ဗျားတို့က သာကျော့်ကို အရူးပျောက် အောင် ဆေးကုပေးမယ့်လူတွေဆိုတော့ ခင်ဗျားတို့ကိုလည်း ရှင်း၊ သာကျော့်ကိုလည်း ရှင်းပစ်ရမှာပေါ့ဗျာ''

မောင်သိုင်း၏စကားကြောင့် ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ် တို့က ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်ကြသည်။ နဂါးမှော် မောင်သိုင်း က ဟက်ခနဲ တစ်ချက်ရယ်လိုက်၏။ ကိုဟသ်ာက ဦးဖေသိန်းတို့ကို လက်ကာပြပြီး . . .

''မောင်သိုင်းက ခင်ဗျားတို့ ကျည်ဆန်လောက်ကို ကြောက်တဲ့ မဟုတ်ဘူးဗျ။ ဒီပွဲက ကျုပ်နဲ့မောင်သိုင်း နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရမယ့် ပွဲပါ။ ခင်ဗျားတို့ ဖယ်လိုက်ကြ"

ပြောပြောဆိုဆိုနှင့် ကိုဟာသ်ာက သူ၏ ယိမ်းနွဲ့ပါးဓားကြီးကို အဝတ်ပတ်ထားသည့် ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်၏။ ဓားကို မြင်လိုက်ရသောအခါ စောစောက ထီမထင်ဟန်နှင့် တစ်ချိန်လုံး မဲ့ပြုံးပြုံးနေသည့် နဂါးမှော် မောင်သိုင်း၏ မျက်နှာက တည်သွားပြီး

"ခင်ဗျားက ခရီးထွက်လာတာတောင် ဒီယိမ်းနွဲ့ပါးဓားကြီးကို ကိုယ်နဲ့မကွာ ဆောင်လာသေးသကိုး"

"ဟုတ်တယ် မောင်သိုင်း။ ဒီဓားရဲ့ အကြောင်းကိုတော့ မင်း သိပြီးသားဖြစ်မှာပါ။ မင်း ဘယ်လောက်စွမ်းစွမ်း၊ ဒီဓားကိုတော့ မခံနိုင်ပါဘူး။ ကဲ... ဘုရားဝတ္တက မြေပေါ်မှာတော့ သွေးထွက်သံယို မဖြစ်သင့်ဘူးထင်တယ်။ ဒီတော့ မင်း ကြိုက်တဲ့နေရာရွေး။ ငါ လိုက်ခဲ့မယ်"

ကိုဟာသ်ာက ဓားကို လက်ထဲမှာ ကိုင်ဆရင်း ပြောလိုက်သည်။ နဂါးမှော် မောင်သိုင်းက တန်ဆောင်းအပြင်ဘက်သို့ ခုန်ထွက်ရင်း

"ကောင်းပြီလေ"

နဂါးမှော် မောင်သိုင်းက ခြသေ့်ကြီးနှစ်ကောင်ရှိရာဘက်ဆီသို့ ကျောပေးရင်း နောက်ဆုတ် နောက်ဆုတ်နှင့် ရွှေ့ရွှေ့သွားသည်။ ကိုဟာသ်ာကလည်း သူ့ခြေတစ်လှမ်းဆုတ်တိုင်း သတိကြီးစွာထား၍ လက်ထဲမှ ဓားကို ဂျူန်တောင်ဟန်ကိုင်ရင်း တစ်လှမ်းချင်း လိုက်တက်သည်။

ရုတ်တရက် နဂါးမှော် မောင်သိုင်းက ခြသေ့်ရုပ်ကြီးထက်သို့ လွှားခနဲ ခုန်တက်လိုက်၏။ ထို့နောက် နဂါးမှော် မောင်သိုင်းက ကားကားဟားဟား ရယ်မောလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"စွမ်းရင် လိုက်ခဲ့ပေတော့ဗျို့"

ဟု ကြုံးဝါးအော်ဟစ်လိုက်ရာ ပါးစပ်ထဲမှ မီးတောက်မီးလျှံကဲ့သို့ အခိုးအလျှံများ ဟုန်းခနဲ ပေါ်ထွက်လာပြီး သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွား၏။ ထို့နောက် ယောချောင်း ရေပြင်ထဲဆီသို့ နဂါးတစ်ကောင်အလား ဂုန်းခနဲ ထိုးဆင်းသွားလေတော့သည်။

ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့က ကိုဟသံ်ာအတွက် စိုးရိမ်သွားကြပြီး လှမ်းကြည့်မိလိုက်စဉ်မှာပင် ကိုဟသံ်ာက ဓားကို တစ်ချက်ဝင့်လိုက်ကာ..

"ဟိတ်"

အောင်မြင်ခန့်ညားလှသော ဝမ်းခေါင်းသံကြီးဖြင့် မာန်သွင်းအော်ဟစ်လိုက်သည်။ ထို့နောက် ဂယက်ထနေသော ယောချောင်း ရေပြင်ကျယ်ကြီးဆီသို့ စွန့်စွန့်စားစား ဒိုင်ဗင်ထိုးချလိုက်သည်ကို တွေ့ရလေတော့သည်။ ထိုအခါ အိုင်အိုထွန်းအုပ်က ကိုဟသံ်ာအတွက် စိတ်ပူသွားပြီး..

"ဦးဖေသိန်းရေ.. ဒီတစ်ခါတော့ ကျုပ်တို့လူကြီး လွယ်ပါ့မလားဗျို့"

"ဟုတ်တယ်ဗျာ။ ရေထဲမှာဆိုတော့ မောင်သိုင်းဘက်က အသာစီးရသလို ဖြစ်နေမှာကို စိုးရိမ်တယ်ဗျာ"

ဟု ဦးဖေသိန်း ယောချောင်းရေပြင်ကြီးကို ကြည့်ကာ ပြောလိုက်ရာ ဘုရားရင်ပြင်တော်ကုန်းမြင့် အစွန်ဆုံးနေရာဆီသို့ ဘယ်အချိန်ကတည်းက ရောက်နေလိုက်မှန်းမသိသည့် ရန်ချိုက..



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ဆရာ ကိုဟာသ်ာအတွက် လုံးဝ မစိုးရိမ်ဘူးဗျို့။ ကျွန်တော် စိုးရိမ်တာ ခင်ဗျားတို့ နှစ်ယောက်အတွက်ပဲ"

"ဟင် ... ဘာဖြစ်လို့လဲ ရန်ချို"

ဦးဖေသိန်းနှင့် အိုင်အိုကြီးတို့က အံ့သြစွာဖြင့် ပြိုင်တူမေးလိုက်ကြရင်း ရန်ချိုရှိရာ အနားဆီသို့ အပြေးသွားလိုက်မိကြ၏။ ရန်ချိုက တောင်ကုန်းအောက်သို့ လက်ညှိုးထိုးပြရင်း ...

"ဟော ... ဟိုမှာလေ။ ကျုပ်တို့ကို သတ်ဖို့ စေတန်ကောင်တွေ ရောက်လာကြပြီ"

"ဟင်"

*



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

မယ်ခင်က အနောက်ဘက်ကွင်း လယ်တောအစပ်မှ သူမကိုယ်တိုင် ချိုးလာခဲ့သော အလေ့ကျတောပန်းလေးများကို ဘုရားကပ်ရန်အတွက် ရေစင်စင် ဆေးနေလေသည်။ သူမ၏ခင်ပွန်းဖြစ်သူ သာကျော်တစ်ယောက် အိမ်မှာမရှိကတည်းက ပန်းအိုး ၄ အိုးစလုံးကို အမြဲတမ်းဝေဆာနေအောင် ဘုရားပန်း ထိုးပေးခဲ့၏။

"ဩော်... ကိုသာကျော်ရယ်၊ ရှင် မရှိလည်း ရှင့်ဆန္ဒအတိုင်း ကျွန်မ ဖြည့်ဆည်းပေးနေပါတယ်တော်"

သူမက ခင်ပွန်းဖြစ်သူကို သတိရသွားလျက် မျက်ရည်စို့သွားမိသည်။ ထို့နောက် သက်ပြင်းချကာ ဘုရားပန်းထိုးဖို့ပြင်ဆင်ရင်း 'ဒိဝါတပတိ အာဒိစ္စော' ဂါထာတော်ကို တတွတ်တွတ် ရွတ်နေလေ၏။ ဘုရားပန်းများအားလုံး ရေဆေးပြီးသောအခါတွင် ပန်းအိုးထဲသို့ ထိုးစိုက်ရန် အိုးတစ်လုံးကို လှမ်းယူလိုက်စဉ် ဘေးတွင်ရှိသော အိုးနှင့် တိုက်မိပြီး ရေကပြင်ပေါ်သို့ ပြုတ်ကျကွဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း"

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဟင် ... ဘာလေးပါလိမ့်"

ကွဲသွားသော ပန်းအိုးလေး၏ အောက်ခြေထဲတွင် မြှုပ်နှံထည့်သွင်းထားပုံရသည့် ကျောက်နက်တုံးလေးတစ်လုံးက ရေကပြင်ပေါ်ကျကာ တစ်ပတ်နှစ်ပတ် လိမ့်သွားပြီးမှ မြေကြီးပေါ်သို့ ဘုတ်ခနဲ ကျသွား၏။ မယ်ခင်လည်း အံ့သြသွားပြီး မြေကြီးပေါ်မှ ထိုကျောက်တုံးလေးကို ကောက်ယူကြည့်လိုက်သည်။ ကျောက်တုံးလေးသည် လေးထောင့်စပ်စပ်ဖြစ်ပြီး မျက်နှာစာနှင့် ကျောဘက်နှစ်ဖက်စလုံးတွင် လူသဏ္ဍာန်လိုလို ဘာလိုလို ရုပ်ပုံများ ရေးထိုးထားသည်ကို တွေ့ရ၏။

ဘာအဓိပ္ပာယ်မှန်းလည်း မသိသဖြင့် မယ်ခင်တစ်ယောက် စိုးရိမ်ကြောင့်ကြစိတ်များ ပိုဖြစ်လာသည်။

"ဟင် ... ဘုရား ... ဘုရား ... ဒါ စုန်းတိုက်၊ နတ်တိုက် လုပ်ထားတာများလား။ အောက်လမ်းတွေ ဘာတွေဆိုရင်တော့ ဒုက္ခပါပဲ။ ဒါမှမဟုတ် အင်းအစီအရင်တစ်ခုများလား"

ဟု ပူပန်သောကကြီးစွာ နှုတ်မှ လွတ်ခနဲ ရေရွတ်လိုက်မိသည်။ ထိုခဏမှာပင် ...

"အောက်လမ်းလည်း မဟုတ်ဘူး၊ အထက်လမ်းလည်း မဟုတ်ဘူး။ မင်းတို့ သိထားတဲ့ မြန်မာ့လောကီပညာနဲ့ ဘာမှ မပတ်သက်တဲ့ သီးခြားလမ်းတစ်ခုပဲ ကလေးမရေ ..."

ဟူသော အသံက ခြံဝင်းတိုင်နားမှ ပေါ်ထွက်လာသောကြောင့် မယ်ခင်က အလန့်တကြား လှည့်ကြည့်လိုက်သည်။ အသက် ရှုပ် ကျော်



www.burmeseclassic.com

www.burmeseclassic.com



ခန့် ရှိပုံရသည့် တရုတ်အဘိုးကြီးတစ်ယောက်ကို တွေ့ရ၏။ ဘောင်းဘီအဖြူရှည်ပွပွနှင့် အင်္ကျီက အဝါရောင်ဖားဖားကြီး ဝတ်ဆင်ထားသည်။ ဆံပင်များသာမက မျက်ခုံးမွေး၊ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများပါ ဆွတ်ဆွတ်ဖြူနေကြသည်။

သို့သော် ခါးက သိသိသာသာ မကိုင်းသေးချေ။ တစ်လံခန့် ရှည်လျားသော ကြိမ်တုတ်ကြီးတစ်ချောင်းကို အားပြုပြီး ရပ်နေသော်လည်း မြေပေါ်တွင် ခြေထောက်နှစ်ချောင်းကို စိုက်ထူထားပုံက မတ်မတ်နိုင်မာလွန်းလှ၏။ အဝါရောင် လွယ်အိတ်တစ်လုံးကိုလည်း ပခုံးတွင် လွယ်ထားသေးသည်။ မယ်ခင်က အသံတုန်တုန်ယင်ယင်ဖြင့် ...

"အဘ ... အဘက ဘယ်သူလဲဟင်"

တရုတ်အဘိုးကြီးက ခြံဝင်းထဲသို့ ဖြည်းဖြည်းချင်း လှမ်းလျှောက်ဝင်လာရင်း မယ်ခင်ရှေ့မှ ပန်းအိုးလေး နောက်တစ်လုံးကို ကောက်ယူပြီး ခပ်ဆတ်ဆတ် ရိုက်ခွဲလိုက်၏။

"ခွမ်း"

"ဒေါက် ... ဒေါက် ... ဒေါက် ..."

ထိုအခါ နောက်ထပ် ကျောက်တုံးလေးတစ်တုံး ထွက်ကျလာပြန်သည်။ တရုတ်အဘိုးကြီးက မြေပြင်ပေါ်တွင်ကျနေသော ကျောက်တုံးနက်လေးကို ကောက်ယူလိုက်ပြီး ...

"အဘက ဒီလိုထူးခြားတဲ့ ပစ္စည်းလေးတွေကို သူ့နေရာသူ ပြန်ရောက်အောင် လိုက်ပို့ပေးနေတဲ့သူပဲ ကလေးမရဲ့"

မယ်ခင်သည် အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေရာမှ သတိပြန်ဝင်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ဘယ်လို. . ဘယ်လို ဒီကျောက်တုံးလေးတွေက ထူးခြားတဲ့ပစ္စည်း ဟုတ်လား"

ဟု ကတုန်ကယင်ဖြင့် မေးလိုက်သည်။

"အိမ်း. . . ထူးခြားတာထက် မင်းတို့ကို ဒုက္ခပေးမယ့်ပစ္စည်း လို့ ပြောရင် ပိုမှန်လိမ့်မယ်။ ဒီလို ကျောက်တုံးမျိုး မင်းတို့ ဆီမှာ ၄ တုံးရောက်နေတယ်။ ဟော. . . ဒီမှာကြည့်"

ဟုဆိုကာ တခြားကျန်သော ပန်းအိုး ၂ အိုးကိုပါ ရိုက်ခွဲလိုက်ရာ နောက်ထပ် ကျောက်တုံးလေးများ ပေါ်ထွက်လာလေတော့သည်။ မယ်ခင်မှာ ထူးဆန်းလွန်းသော အဖြစ်များကြောင့် ထိတ်လန့်တုန်လှုပ်နေ၏။

"ကဲ. . . မြင်ပြီမဟုတ်လား။ ဒါတွေက မင်းတို့နဲ့ ဘာမှလည်း ပတ်သက်ခြင်းမရှိဘူး။ ပိုင်ဆိုင်သင့်တဲ့ပစ္စည်းလည်း မဟုတ်ဘူး။ ဒီတော့ အဘ ယူသွားမယ်။ သူ့မူရင်း ပိုင်ရှင်တွေဆီ ရောက်အောင် အဘကပဲ ပို့ပေးလိုက်ပါ့မယ်"

တရုတ်အဘိုးကြီးက ပြောပြီးပြီးချင်း ထွက်သွားဖို့ပြင်လိုက်၏။ မယ်ခင်က. . .

"အဘ. . . အဘနာမည်က ဘယ်သူလဲဟင်"

"အေး. . . အေး မှတ်ထားဦး။ အဘနာမည်က 'ကောက်ပို့' တဲ့"

ဟုပြောကာ လေ၏အလျင်အလား ရုတ်တရက် ချက်ချင်းပင် မယ်ခင်၏ရှေ့မှ ပျောက်ကွယ်သွားလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

စေတနာ့ဂိုဏ်းသား ၁၅ ယောက်ခန့်သည် သစ်ပင်များ၊ ကျောက်တုံးများ၊ ဟောင်းနွမ်းပြိုလဲနေသော ရုပ်တုအပိုင်းအစများကို အကာအကွယ်ယူပြီး စေတီများရှိရာ တောင်ကုန်းဆီသို့ တရွေ့ရွေ့ တက်လာနေကြသည်ကို မြင်ရ၏။

အိုင်အိုထွန်းအုပ်က သူ၏ခြောက်လုံးပြူးကို 'ကလစ်'ခနဲ မောင်းတင်လိုက်ပြီး တောင်ဆုပ်သာသာခန့်မြင့်သော ကျောက်တုံးတစ်တုံးနောက်တွင် ကုန်းကုန်းကွကွလုပ်နေသည့် စေတနာ့ဂိုဏ်းသားတစ်ယောက်ကို သေချာကျနစွာ ချိန်ရွယ်ကာ ပစ်လိုက်လေသည်။

"ဒိုင်း . . ."

"အား!"

ဦးဖေသိန်းကလည်း ထနောင်းပင်နောက်တွင် ကပ်နေသူဆီကို လှမ်းပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း . . . ဒိုင်း . ."

နှစ်ချက်ဆင့်၍ ပစ်လိုက်ရာ သစ်ပင်အခေါက်များ ဖွာထွက်သွားသည်ကို မြင်ရသည်။ စေတနိဂိုဏ်းသားများက ဆက်တက်မလာတော့ဘဲ ရောက်ရာနေရာမှာပင် ရပ်တန့်နေကြလေ၏။ သူတို့အချင်းချင်း ထူးဆန်းသော ဘာသာစကားဖြင့် အော်ဟစ်အချက်ပေးနေကြသည်ကိုလည်း ကြားရသည်။ အိုင်အိုထွန်းအုပ်နှင့် ဦးဖေသိန်းတို့က မည်သည့်အစီအစဉ်မှန်း မသိသဖြင့် ရန်ချို့ကို မေးရန် လှမ်းကြည့်လိုက်ရာ ရန်ချိုတစ်ယောက် သူ မျက်လှည့်ပြသည့် ထန်းခေါက်ဖာကြီးကို ထမ်းပြီး လာနေသည်ကို တွေ့လိုက်ရသည်။ အိုင်အိုထွန်းအုပ်က လှမ်းပြီး . .

"ဟေ့ကောင် ရန်ချို။ မင်း ထန်းခေါက်ဖာကြီးနဲ့ ဘာလုပ်မလို့လဲ"

"မျက်လှည့်ပြမလို့လေဗျာ"

"မင်းကလဲ အရေးထဲကွာ။ နောက်မနေစမ်းပါနဲ့"

"နောက်တာ မဟုတ်ဘူးဗျ။ တကယ်ပြောတာ။ ဟောဒီမှာ ကြည့်"

ရန်ချိုက ပြောပြောဆိုဆိုနှင့် ထန်းခေါက်ဖာအဖုံးကို ဖွင့်လိုက်ပြီး အထဲမှ ရှည်လျားချွန်မြနေသည့် ဓား ၁၀ လက်ကို ထုတ်ယူလိုက်၏။ ထို့နောက် သူက . .

"ကျွန်တော် ဟောဒီထန်းခေါက်ဖာထဲ ဝင်နေပြီး အဖုံးကို ဖုံးလိုက်မယ်။ အထဲကနေ ကျွန်တော်က 'ညိမ်'လို့ ရွတ်လိုက်တာနဲ့ ခင်ဗျားတို့ နှစ်ယောက်က ဟောဒီဓားတွေနဲ့ ထန်းခေါက်ဖာထဲကို နေရာအနှံ့ ထိုးစိုက်လိုက်ကြပေတော့ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ‥ ဒါ ဘာအမိပ္ပာယ်လဲကွ။ ငါတို့ကိုလည်း ပြောဦးလေ"

"ပြောနေရင် ကြာပါတယ်ဗျာ။ လက်တွေ့ပဲ ပြလိုက်မယ်။ ကဲ ‥ စလိုက်ကြရအောင်"

"ဟေ့ ‥ ဟေ့ ခဏနေဦး။ အဲဒါ ဘာလုပ်တာလဲဆိုတာ ပြောမှ ငါတို့လည်း လုပ်ရဲမှာပေါ့ကွ။ မင်းဟာကလဲ"

"အချိန်မရှိဘူး။ ဟိုကောင်တွေ ကုန်းပေါ်တက်လာနေပြီဗျ"

ပြောပြောဆိုဆိုနှင့် ရန်ချိုက ထန်းခေါက်ဖာထဲသို့ ဝင်လုံ့ခွေအိပ်ကာ ထန်းခေါက်ဖာအဖုံးကို ပြန်ပိတ်လိုက်၏။ ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့လည်း ဓားရှည်များကို ကြည့်ရင်း ငိုင်တွေနေမိကြသည်။ တောင်ကုန်းတစ်ဝက်ခန့်ရောက်နေပြီဖြစ်သော စေတန်ဂိုဏ်းသားများကလည်း အချင်းချင်း အော်ဟစ်အချက်ပေးရင်း တရွေ့ရွေ့တက်လာနေကြသည်။

ဦးဖေသိန်းက သက်ပြင်းတစ်ချက်ချပြီး 'ကိုင်း'ဟု စိတ်ဆုံးဖြတ်ဟန်ဖြင့် ရေရွတ်ကာ ဓားများကို ကောက်ယူလိုက်၏။ အိုင်အိုထွန်းအုပ်ကလည်း ကောက်ကိုင်လိုက်လေသည်။ ထိုခဏမှာပင် အထဲမှရန်ချို၏ ရင်ခေါင်းသံကြီးဖြင့် နှုတ်ခမ်းနှစ်လွှာကို လုံအောင်စေ့ကာ ရေရွတ်လိုက်သော 'ဥုမ်'ဟူသည့်အသံကြီးက ဟိန်းထွက်လာ၏။ အိုင်အိုထွန်းအုပ်နှင့် ဦးဖေသိန်းတို့ကလည်း လက်ထဲက ဓားများဖြင့် ထန်းခေါက်ဖာကို မညှာမတာထိုးစိုက်ချလိုက်သည်နှင့်တစ်ပြိုင်နက် ဘုရားတောင်ကုန်းအောက်ဘက်ဆီမှ 'အား'ဟူသော အသံများကို မသဲမကွဲ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိနစ်အနည်းငယ်ခန့် ငြိမ်သက်သွားသည်။ အိုင်အို ထွန်းအုပ်က မရဲတရဲဖြင့် ဓားတစ်ချောင်းကို ပြန်လည်ဆွဲနုတ်လိုက်လေရာ ..

"ဟင် .. အလို"

"ဟိုက် .. ဒုက္ခပါပဲ။ ဓားမှာ သွေးတွေဗျ။ သွေးတွေ"

သူတို့နှစ်ယောက်စလုံးက ရန်ချို့အတွက် စိုးရိမ်သွားကြပြီး ဓားများကို အလျင်အမြန် ဆွဲနုတ်လိုက်ကြ၏။ ဓားများအားလုံးတွင် သွေးများ စွန်းပေနေကြသည်ကို တွေ့ရသည်။

ထို့နောက် ထန်းခေါက်ဖာအဖုံးကို ဝုန်းခနဲ ဆွဲလှန်လိုက်သော အခါ အထဲမှ ရန်ချို့က ပြုံးပြုံးကြီး မတ်တတ်ရပ်လာလေတော့၏။ သူ့ခန္ဓာကိုယ်ပေါ်တွင်လည်း ဒဏ်ရာဒဏ်ချက် တစိုးတစိမှ ရှိမနေပါချေ။

"ဟော့ကောင် .. ရန်ချို့။ မင်း ဘာမှမဖြစ်ဘူးနော်"

ရန်ချို့က ပြုံးပြီး ခေါင်းညိတ်ပြသည်။ ဦးဖေသိန်းက ..

"ဒါဆို ဟောဒီဓားက သွေးတွေက ဘယ်လိုဖြစ်ရတာတုန်း"

ဟု အံ့သြဟန်နှင့် မေးလိုက်ရာ ရန်ချို့က ..

"ဒါတွေ နောက်မှပြောကြတာပေါ့ဗျာ။ အခုအရေးကြီးတာက ကျွန်တော် သာကျော့်ကို ထမ်းပြီး ဆရာကိုဟုသာဆင်းသွားတဲ့ ယောချောင်းစပ်ဘက်ကို သွားမယ်။ ခင်ဗျားတို့နှစ်ယောက်က စေတန်တွေ ကပ်မလိုက်လာနိုင်အောင်လို့ နောက်ကနေ ကာပစ်ပေးထား။ ဒါကလည်း လိုလို့မည်မည်ပြောရတာပါ။ လိုက်လာနိုင်တော့မယ် မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ဘုရားတန်ဆောင်းတွင် လဲနေသော သာကျော်ကို ထမ်းကာ ယောချောင်းအစပ်ဆီသို့ ခြေလှမ်းကျဲကြီးများနှင့် ဆင်းသွားလေတော့သည်။

ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့က ခြောက်လုံးပြူးသေနတ်များကို အသင့်ပြင်ကာ စေတန်များ တက်လာမည့်တောင်ကုန်းပတ်လည်ဆီသို့ မျက်စိကစားလိုက်သည်။ တစ်ကောင်တစ်မြီးမှ တက်လာသည်ကို မတွေ့ရသည့်အပြင် ကြောက်လန့်တကြားဖြစ်နေသော မျက်နှာအမူအရာဖြင့် တောင်အောက်သို့ ပြေးဆင်းသွားသည့် စေတန်ဂိုဏ်းသား ၃ ယောက်ကို မြင်လိုက်ရလေသည်။

ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ရင်း ..

"ဒီကောင်တွေ အခြေအနေ ထူးခြားတယ်ဗျို့။ ကျုပ်တော့ ဆင်းကြည့်မယ်ဗျာ"

ဟု ဦးဖေသိန်းက ပြောလိုက်ရာ အိုင်အိုထွန်းအုပ်ကလည်း သေနတ်နှစ်လက်ကို ဘယ်ညာကိုင်ရင်း မေးဆတ်ပြလိုက်သဖြင့် ဘုရားဝင်း တံတိုင်းကို ကျော်ကာ ထွက်ခဲ့ကြ၏။ သစ်ပင်များ ကျောက်တုံးများ၏ နောက်ကွယ်တွင်အား စေတန်ဂိုဏ်းသား (၁၀)ယောက်သည် ရင်ဘတ်တည့်တည့်၌ ဓားဒဏ်ရာ တစ်ချက်စီနှင့် အသက်ကုန်နေကြသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ကြရလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့ ရန်ချို့နောက်ကို လိုက်လာကြသောအခါ တစ်ကိုယ်လုံး ရေများ ရွဲနစ်နေသည့် ကိုဟာသ်ာပင်လျှင် ရောက်နှင့်နေသည်ကို တွေ့လိုက်ရသည်။ ဘေးတွင်ချထားသည့် ယိမ်းနွဲ့ပါး ဓားကြီးမှာလည်း သွေးစက်နှင့် ရေစက်များ ရောနှောလိမ်းကျံနေလေ၏။ ဦးဖေသိန်းက ..

"ဘယ့်နှယ်လဲ .. ကိုဟာသ်ာ။ နဂါးမော် မောင်သိုင်းရော"

"မောင်သိုင်းတစ်ယောက်တော့ ဝဲထဲမှာ နစ်သွားလေရဲ့ဗျာ။ ဒါပေမဲ့ တော်ပါသေးရဲ့။ သူ မနစ်ခင် သူ့လည်ပင်းမှာ ဆွဲထားတဲ့ ဟောဒီဆေးကြုတ်ကို အရယူလိုက်နိုင်ခဲ့ပေလို့သာပဲဗျို့"

"ဟာ .. ဒီဆေးက .."

"သာကျော်ကို ကုဖို့လေဗျာ"

အိုင်အိုထွန်းအုပ်က

"ဒါဆို နဂါးမော်မောင်သိုင်းတစ်ယောက် ခင်ဗျား လက်ချက်နဲ့ သေရှာပြီပေါ့ဟုတ်လား ကိုဟာသ်ာ"

ဟု မေးလိုက်ရာ ကိုဟာသ်ာက ဆင်ခြင်တွေးဆသကဲ့သို့ အမူအရာဖြင့် ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်သည်။ ထို့နောက် ..



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုကြီး တပ်အပ်ပြောလို့တော့ မရပေဘူး။ နဂါးမှော် မောင်သိုင်းဆိုတာကလည်း နှယ်နှယ်ရရမှ မဟုတ်တာ"

ကိုဟသ်ာက ပြောပြောဆိုဆိုနှင့် နဂါးမှော်မောင်သိုင်း၏ ကြုတ်ထဲမှ ဆေးမှုန့်လေးများကို လက်ဖဝါးပေါ်သို့ အနည်းငယ်သွန်ချလိုက်သည်။ ရွှေဝါရောင်ဆေးမှုန့်လေးများက နေရောင်အောက်တွင် လက်ခနဲဖြစ်သွား၏။ ထို့နောက် ထိုဆေးမှုန့်လေးများကို သာကျော်၏ နှာခေါင်းနားသို့ ကပ်ပြီး ဖူးခနဲ မှုတ်သွင်းလိုက်လေတော့သည်။

သာကျော်က အစမှာတော့ လူးလွန့်ရုန်းကန်နေသေးသည်။ သို့သော် နှာခေါင်းနှစ်ဖက်စလုံးအတွင်းသို့ ဆေးမှုန့်များ မှုတ်သွင်းလိုက်ပြီးသည့်အခါတွင်ကား အသက်ကို လေးလေးနှင့် မှန်မှန်ရှူလာရာမှ တဖြည်းဖြည်းနှင့် ငြိမ်ပြီး အိပ်မောကျသွားလေတော့၏။

ကိုဟသ်ာက ..

"ရန်ချို့ရေ .. ဒီကောင့်ကို တန်ဆောင်းထဲ ရောက်အောင် မင်းပဲ သယ်ခဲ့ပါကွာ။ ဒီကောင်က အနည်းဆုံး နာရီဝက်၊ လေးဆယ့်ငါးမိနစ်လောက်တော့ အိပ်ပျော်နေဦးမှာ။ ငါတို့ အေးအေးဆေးဆေး ထိုင်စောင့်ကြတာပေါ့"

ပြောပြောဆိုဆို ကိုဟသ်ာက ရှေ့မှ လျှောက်သွား၏။ ရန်ချို့က သာကျော့်ကို ထမ်းပြီး လိုက်လာသည်။ ဦးဇေသိန်းနှင့် အိုင်အိုထွန်းအုပ်တို့လည်း ကိုဟသ်ာနောက်မှ လိုက်လာခဲ့ကြ၏။ ဘုရားတန်ဆောင်းသို့ ရောက်သောအခါတွင်မှ စိတ်လက်ပေါ့ပါးသွားဟန်ရှိသော အိုင်အိုထွန်းအုပ်က ..



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုဟသ်ာရေ၊ မောတယ်၊ ပန်းတယ်လို့တော့ သဘော မထားနဲ့ဗျာ။ သာကျော် နိုးလာတာကို ဒီအတိုင်း ထိုင်စောင့် နေရမယ့်အစား ကမ္ဘာပျက်ကိန်းနဲ့ပတ်သက်တဲ့အယူအဆလေး ပြောပါဦးဗျာ"

"ဟုတ်တယ်။ ခင်ဗျားပြောတဲ့စကား မဆုံးသေးဘူး ကိုဟသ်ာ။ ကျုပ်တို့ မြေကမ္ဘာလူသားတွေဟာ ၂၀၁၂ ကျရင် မိန်ရာသီ ခေတ်ကနေ ကုမ်ရာသီခေတ်ကို ပြောင်းလိမ့်မယ်ဆိုတာလေ ဗျာ။ အဲဒီလို ပြောင်းတော့ ဘာတွေ ဖြစ်ကြဦးမှာတုန်း"

ဟု ဝင်မေးလိုက်၏။ ထိုအခါ ကိုဟသ်ာက သူ၏ ယိမ်းနွဲ့ပါး စားကြီးပေါ်က သွေးစက်ရေစက်များကို စင်ကြယ်အောင် သုတ်လိုက်ရင်း

"ဘာတွေဖြစ်မှာလဲဆိုတော့ ဒီလိုဗျ။ ကျုပ် ဆက်ပြောပြမယ်။ နားထောင်။ ကုမ်ရာသီရဲ့ သင်္ကေတက ရေသယ်နေတဲ့သူရဲ့ ပုံပဲ။ အဲဒါက ဘာနဲ့ဆက်စပ်နေသလဲဆိုတော့ ယူရေးနပ်စ် ဂြိုဟ်နဲ့ပတ်သက်နေတယ်။ လူကို စိုးမိုးတဲ့ စွမ်းအင်ရောင်ခြည် ၇ တန်းရှိတဲ့အနက်မှာ ယူရေးနပ်စ်ဂြိုဟ်ဟာ သတ္တမမြောက် ရောင်ခြည်တန်းနဲ့ ဆက်နွယ်နေပြန်တယ်"

ကိုဟသ်ာက ပြောလက်စ စကားကို ခဏရပ်ကာ သူ၏ဓားကြီး ကို ပြန်သိမ်းသည်။ ထို့နောက် သူက အိတ်ထဲမှ ဂျွန်ပလေးယား စီးကရက်ကို ထုတ်ကာ မီးညှိပြီး ဖွာရှိုက်လိုက်၏။ ဦးဖေသိန်းက ..

"ဆက်စမ်းပါဦး ကိုဟသ်ာရဲ့"

"အင်း ... အဲဒီသတ္တမမြောက် ရောင်ခြည်တန်းက ဘာတွေ ကို ဖြစ်စေသလဲဆိုတော့ လူ့လောက၊ လူ့အဖွဲ့အစည်းတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်မှု၊ တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန် အလှန်နားလည်စေနိုင်မှုတွေကို ထွန်းကားစေတယ်။ နာမ် တရားတွေ၊ စိတ်ပိုင်းဆိုင်ရာ တန်ခိုးစွမ်းအားတွေ၊ နာမ် လောက နယ်ပယ်အတော်များများမှာ ထူးခြားတဲ့တွေ့ရှိချက် တွေ ဖော်ထုတ်လာနိုင်လိမ့်မယ်ဗျာ"

"ထူးခြားတဲ့တွေ့ရှိချက်တွေ ဟုတ်လား။ ဘယ်လို ထူးခြားတာ မျိုးကို ပြောတာလဲဗျ"

အိုင်အိုကြီးက မေးလိုက်၏။

"ဥပမာဗျာ။ အနုပညာနယ်ပယ်သစ် ပုံသဏ္ဍာန်သစ်တို့၊ တစ်ခါမှ မဖော်ထုတ်၊ မတွေ့ရှိသေးတဲ့စွမ်းအင်နည်းပညာကို တီထွင်တာတို့၊ ခင်ဗျားတို့ ကျုပ်တို့ အခုသုံးစွဲနေတဲ့ ဆေးပြား ဆေးရည်တွေ၊ ဆေးထိုးအပ်တွေ၊ ခွဲတာ၊ စိတ်တာတွေမပါဘဲ ဆေးဝါးကုသတာတို့ပေါ့ဗျာ"

"ဟာ . . ဒါဆိုရင် ကမ္ဘာကြီးဟာ အခုထက်ပိုပြီးတောင် ခေတ်မီတိုးတက်လာဦးမယ်ဆိုတဲ့ သဘောများလား ကိုဟာသ်ာ ရဲ့"

"အင်း . . နက္ခပညာအလိုအရတော့ ယူရေးနပ်စ်ဂြိုဟ်ဟာ အပြောင်းအလဲကို သယ်ဆောင်လာသူ (Change-Bringer) ပဲ ဗျို့။ နဂိုရှိရင်းစွဲ ဥပဒေသတွေနဲ့ အသားကျနေတဲ့ ကမ္ဘာကို ဖြန်းခနဲ လှုပ်နှိုးလိုက်သလိုမျိုး အသွင်ပြောင်းလဲမှုအသစ်တွေ ကို သယ်ဆောင်လာမှာတဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com




"ဒါဆိုရင် မာယာတွေရဲ့ စကြဝဠာအယူအဆနဲ့ရော၊ ကိုက်ညီမှု ရှိရဲ့လား ကိုဟာသ်ာရယ်"

ဦးဖေသိန်းက ဆင်ခြင်တွေးဆပြီး ပူပန်ဟန်နှင့် မေးလိုက်၏။ ကိုဟာသ်ာက တစ်ချက်ပြုံးလိုက်ပြီးနောက် ..

"ကိုက်ညီပါတယ်ဗျ။ ခဏလေး .. ကျုပ် ခင်ဗျားတို့ကို ပုံတစ်ပုံပြမယ်။ အဲဒီပုံက ၂၀၁၂ မှာ ဘာဖြစ်မလဲဆိုတာ ကြိုတင်ဟောကိန်းထုတ်ထားတဲ့ Izapa က ကျောက်ထွင်းပန်းချီကားပဲ"

ကိုဟာသ်ာက ပြောပြောဆိုဆိုနှင့် ခရီးဆောင်အိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် စာအုပ်ထဲက ပုံတစ်ပုံကို ထောက်ကာ ပြလိုက်၏။



"ကြည့်လေ ... ဒီပုံမှာ လေးထောင့်စပ်စပ်ပလ္လင်ပုံကို တွေ့တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. အင်း .. တွေ့တယ်"

"အဲဒါက မာယာတွေရဲ့ ပလ္လင်ဆိုတာပဲ။ အဲဒီပလ္လင်က စကြဝဠာရဲ့ ဗဟိုချက်လို့ အဓိပ္ပာယ်ရတယ်။ ပလ္လင်မှာ ကားထားတဲ့ ခြေထောက်နှစ်ဖက်ကြားထဲက နတ်ဘုရားတစ်ပါးရဲ့ ဦးခေါင်း ပြူထွက်နေတဲ့ မွေးလမ်းကြောင်းကို တွေ့ရလိမ့်မယ်။ အဓိပ္ပာယ်ကတော့ နေနတ်ဘုရားအသစ်ဟာ စကြဝဠာရဲ့ဗဟို ချက်ကနေ မွေးဖွားလာပြီပေါ့ဗျာ။ 'ပြန်လည်မွေးဖွားခြင်း'ရဲ့ သင်္ကေတပဲ။ ဝဲဘက်အောက်နားလေးမှာ အလုံးလေးတစ်လုံးကို ကိုက်ချီထားတဲ့ မြွေတစ်ကောင်ရဲ့ ဦးခေါင်းကို မြင်ရတယ် မဟုတ်လား။ အဲဒါကတော့ အမှောင် အက်ကွဲကြောင်းထဲ ကျရောက်သွားတဲ့ နေမင်းကို သရုပ်ဖော်ထားတာပဲဗျို့။ ဒါက 'သေဆုံးခြင်း'ရဲ့ သင်္ကေတပဲ"

ကိုဟာသံ့က ခဏနားကာ စီးကရက်ဖွာရှိုက်လိုက်၏။ အိုင်အို ထွန်းအုပ်က ..

"အဲဒီတော့ အဓိပ္ပာယ်က ဘာလဲ"

"အဓိပ္ပာယ်က သေဆုံးခြင်း၊ ပြန်လည်မွေးဖွားခြင်း၊ အသွင်ပြောင်းလဲခြင်းနဲ့ လွတ်လပ်တဲ့ စိတ်ဆန္ဒလို့ ဆိုလိုတာဗျ။ သေဆုံးခြင်းနဲ့ အဆုံးသတ်မသွားဘူး။ ပြန်လည်မွေးဖွားခြင်းဆီကို အသွင်ပြောင်းသွားတာ။ သံခေတ် ကုန်ဆုံးသွားပြီးလို့ ရွှေခေတ် ပြန်စမှာ။ အဲဒီအစဟာ လမ်းနှစ်သွယ်ကို တစ်ပြိုင် နက်တည်း သွားရမယ့် ဂိတ်တံခါးလို့ မာယာတွေက ဆိုကြတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဂိတ်တံခါး ဟုတ်လား။ ဂိတ်တံခါးဆိုတာ ဘာကိုပြောချင်တာလဲ"

"၂၀၁၂၊ ဒီဇင်ဘာ ၂၁ ပြီးလို့ နောက်တစ်နေ့ ၂၂ ရက်နေ့ဟာ မာယာတွေရဲ့အခေါ်အဝေါ်အရတော့ ကျားသစ်ခေတ် ပဉ္စမမြောက် နောက်ဆုံး နေမင်းကျရောက်တဲ့ အခါသမယတဲ့ဗျ။ အဲဒီအချိန်မှာ ဖွင့်မယ့်ဂိတ်တံခါးဟာ **ပထမတစ်ချက်**က ပဋိပက္ခတွေ၊ တင်းမာမှုတွေ၊ ရုန်းရင်းဆန်ခတ် သွေးထွက်သံယိုဖြစ်တဲ့ အကြမ်းဖက်မှုတွေ၊ မင်းမဲ့စရိုက်တွေဆီကို သွားနိုင်သလို **ဒုတိယတစ်ချက်** အနေနဲ့ကတော့ အဆင့်မြင့်တဲ့ ယဉ်ကျေးမှု၊ မျိုးဆက်အသစ်တစ်ခု နိုးထခြင်းနဲ့ စွမ်းအင်ထွန်းကားမှု၊ တီထွင်ဖန်တီးမှု၊ ချမ်းသာကြွယ်ဝမှုတို့ဆီကိုလည်း လျှောက်လှမ်းနိုင်လိမ့်မယ်ဗျ။ ခရစ်နှစ် ၂၀၂၅ ခုနှစ်ကျရင်တော့ လူသားမျိုးနွယ်တစ်ခုလုံးအတွက် အကောင်းမွန်ဆုံး၊ အတောက်ပဆုံး ခေတ်သစ်အရုဏ်ဦးကို ရောက်ပါလိမ့်မယ်ဗျာ"

"ဩော် ... ဒီလိုလား"

"ဟုတ်တယ် .. လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၁ သန်းလောက်က စပြီး လူသားဖြစ်လာမယ့် ဗရိုင်းမိတ်တွေ ပေါ်ထွန်းခဲ့တယ်။ နှစ်ပေါင်း ၂ သန်းကွာလှမ်းတဲ့အချိန်ကာလမှာ ပထမဦးဆုံး လူသားရယ်လို့ စပေါ်ပေါက်တယ်။ ပြီးတော့ ဘီစီ ၁၀၀,၀၀၀ ဝန်းကျင်မှာ အပြောဘာသာစကား စတင်ထွန်းကားပြီး ဘီစီ ၃၁၀၀ လောက်မှာ အရေးဘာသာစကား ထွန်းကားတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီတော့ လူသားတို့ရဲ့ဖြစ်ပေါ်တိုးတက်မှုဟာ မာယာတွေရဲ့ သင်္ချာနဲ့ တွက်ချက်ကြည့်ရင် ၁၃ x $၂၀^{n}$ ဆိုတဲ့ ညီမျှခြင်းနဲ့ ကိုက်ညီနေတယ်''

''၂၀ ဂဏန်းအပေါ်မှာ တင်ထားတဲ့ (n)ဆိုတဲ့ အင်္ဂလိပ်အက္ခရာက ဘာလဲဗျ''

''ဩော် ‥ n ဆိုတာက ကြိမ်နှုန်း ဒါမှမဟုတ် အဆတိုးတဲ့ အရေအတွက်ကို ပြောတာပါဗျာ။ ဟောဒီဇယားကို ကြည့်လေ''

| UNDERWORLD | SPIRITUAL COSMIC TIME | PHYSICAL EARTH TIME | INITIATING PHENOMENA | SCIENTIFIC DATING OF INITIATING PHENOMENA |
|---|---|---|---|---|
| Universal | 13 x 20 kins | 260 days | ? | |
| Galactic | 13 x $20^{E}$ tuns | 4,680 days (12.8 years) | ? | |
| Planetary | 13 x $20^{1}$ tuns | 256 years | Industrialism | 1769 C.E. |
| National | 13 x $20^{2}$ tuns | 5,125 years | Written language | 3100 B.C.E. |
| Regional | 13 x $20^{3}$ tuns | 102,000 years | Spoken language | 100,000 B.C.E. |
| Tribal | 13 x $20^{4}$ tuns | 2 million years | First humans | 2 million years |
| Familial | 13 x $20^{5}$ tuns | 41 million years | First primates | 40 million years |
| Mammalian | 13 x $20^{7}$ tuns | 16.4 billion years | Matter; "Big Bang" | 15–16 billion years |

ကိုဟာသ်ာက ပြောပြောဆိုဆိုနှင့် သူ၏ မှတ်စုစာအုပ်ထဲတွင် ဆွဲထားသော ဇယားတစ်ခုကို ပြလိုက်၏။ ဦးဖေသိန်းနှင့် အိုင်အိုကြီး တို့လည်း စိတ်ဝင်တစားဖြင့် ကြည့်လိုက်သည်။ ဦးဖေသိန်းက

''ဒီမှာလည်း ၁၃ ကို မူတည်ပြီး မြှောက်ရတာပဲနော်''

ဟု မေးလိုက်သည်။ ကိုဟာသ်ာက ခေါင်းကို ဆတ်ခနဲ ညိတ် လိုက်ပြီး ‥


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ၁၃ ဂဏန်းဟာ သူတို့အတွက် ကောင်းကင်ဘုံ အရေအတွက်ပဲ။ မာယာလူမျိုးတွေရဲ့အယူအဆက ကမ္ဘာမြေကြီးဟာ အပြားကြီးဖြစ်ပြီး လေးထောင့်စပ်စပ်ပုံသဏ္ဍာန်ရှိတယ်၊ အရပ်မျက်နှာတွေကိုလည်း အရောင်နဲ့လိုက်ပြီး ခွဲခြားထားကြသေးတယ်။

အရှေ့အရပ်က အနီရောင်

မြောက်အရပ်က အဖြူရောင်

အနောက်အရပ်က အနက်ရောင်

တောင်အရပ်က အဝါရောင် ရှိပြီးတော့ အလယ်ဗဟိုတည့်တည့်ကတော့ အစိမ်းရောင်တဲ့။ ကောင်းကင် အထပ်ထပ်ရဲ့ ထောင့် ၄ ထောင့်မှာ နတ်ဘုရားတွေ စောင့်ကြပ်နေကြပြီး ဦးခေါင်း ၂လုံး ရှိတဲ့ မြွေကြီးတစ်ကောင်ပုံသဏ္ဍာန်မြင်ရတယ်"

"ဒါဆိုတော့ မာယာတွေရဲ့ ကောင်းကင်ဘုံက ၁၃ ထပ်ရှိတယ်လို့ ပြောချင်တာလား"

"အဟုတ်ပဲဗျို့။ မာယာတွေရဲ့ကောင်းကင်ဘုံက ၁၃ ထပ်ရှိတယ်။ Underworld ကတော့ ၉ ထပ်ရှိတယ်။ အဲဒီ ၉ ထပ်မှာအပေါ်ထပ်နဲ့ အောက်ထပ် တစ်ခုချင်းစီကို ဖန်ဆင်းသက်ဝင်စေတဲ့ သက်တမ်းစက်ဝန်းပတ်က အဆ ၂၀ စီကွာခြားတယ်။ ဒါကြောင့် ၂၀ နဲ့ . . ."

ဦးဖေသိန်းက ဗိုလ်လသာ ဆေးပြင်းလိပ်ကြီးကို ခဲဖို့ ပြင်ဆိုက်ရာမှ ခဏရပ်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ‥ Underworld ဆိုတာ ငရဲပြည်ကို ဆိုလိုတာ မဟုတ်လား"

ဟု တအံ့တသြမေးလိုက်၏။ ကိုဟာသ်ာက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြီး ‥

"အဲဒါကလည်း မဟုတ်ပြန်ဘူးဗျ။ ဘယ်လိုပြောရမလဲ။ နားလည်မှု လွဲနေကြတာပေါ့ဗျာ။ ယဉ်ကျေးမှု တစ်ခုနဲ့ တစ်ခု ကူးလူးဆက်ဆံရာကနေ ဖြစ်တတ်တဲ့အမှားမျိုးပါပဲ။ အမှန်ကတော့ နော့စ်လူမျိုးတွေရဲ့ ရိုးရာ ကမ္ဘာမြေနတ်သမီးကို ဟယ်လ် (Hel) လို့ ခေါ်တယ်ဗျ။ အဲဒါ ‥‥ ဘယ့်နှယ်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားမှာ Hell (ငရဲ)လို့ သုံးစွဲခေါ်ဝေါ်နေကြသလဲ မသိပါဘူးဗျာ"

"မသိပါဘူးဗျာ။ Underworld ကို သွားတယ်ဆိုတာ ငရဲပြည်ကို ဖောက်ထိုး ဆင်းသွားတာ ထင်လို့ဗျို့ ‥ ဟား ‥ ‥ ဟား ‥ ဟား"

အိုင်အိုထွန်းအုပ်က ပြောရင်းဖြင့် သူ့စကားကို သူ သဘောကျသွားဟန်နှင့် တဟားဟား အော်ရယ်လိုက်လေသည်။ ကိုဟာသ်ာက ‥

"မဟုတ်ဘူးဗျို့။ Underworld ကို သွားတယ်ဆိုတာဟာ ကမ္ဘာမြေနတ်သမီးရဲ့ နှလုံးသားကို နားလည်ဖို့ ကြိုးစားတာ။ ကြီးမားတဲ့ ဉာဏ်ပညာနဲ့ ချစ်ခြင်းတရားကို ကိုယ်စားပြုတာဗျ"

"ဪ ‥ ဒီလိုလား။ ကျုပ်တို့ဖြင့် အခုမှပဲ ကြားဖူးတော့တယ်ဗျို့ ‥"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဒါဟာလည်း တော်ရုံတန်ရုံလူ မသိနိုင်တဲ့ ကိစ္စမျိုးဆိုတော့ ခင်ဗျားတို့ မသိတာ အဆန်းတော့ မဟုတ်ပါဘူးဗျာ။ စောစောက စကားကို ဆက်ရရင် Underworld ၉ ထပ်ရှိတယ်ဆိုတဲ့အတိုင်းပဲ မာယာတွေက ပိရမစ်တွေကို တည်ဆောက်တဲ့အခါ Underworld ၉ လွှာကို ကိုယ်စားပြုပြီး ၉ ထပ် အဆောက်အဦတွေအဖြစ် တည်ဆောက်ကြတာ။ အသိဉာဏ်၊ စိတ်ဝိညာဉ်ဟာ Underworld ရဲ့သဘောအတိုင်း တစ်ခုပေါ် တစ်ခု အမှီပြုဆင့်ကဲပေါ်ပေါက်ထွန်းကားတဲ့ သဘောပေါ့။

ဒါဟာ မာယာလူမျိုး တစ်မျိုးတည်းရဲ့ အယူအဆမဟုတ်ဘူး။ ဟိုပီလူမျိုးစုတွေရဲ့ ကိုးနဝင်းလောက (Nine Worlds)၊ နော့စ်လူမျိုးစုတွေရဲ့ ကမ္ဘာကိုးခုအယူအဆတွေနဲ့ပါ တစ်ထပ်တည်းသွားတူနေတာဗျ။ အဲဒီကိုးနဝင်းလောကကို သိမြင် နားလည်လိုက်တာနဲ့ လူသားဟာ အရာရာကို သိမြင်နားလည်တဲ့၊ ထူးကဲတဲ့ ဉာဏ်ပညာဖန်တီးစွမ်းအား၊ အထုံပါရမီအားလုံးကို ပြည့်စုံပိုင်ဆိုင်ပြီး လူတင်မက နတ်တမျှ ဖြစ်သွားကြလိမ့်မယ်။ ခင်ဗျားတို့၊ ကျုပ်တို့အားလုံးရဲ့ ဟိုးအတွင်းဘက်အကျဆုံး စိတ်ထဲမှာ ငုပ်လျှိုးပုန်းအောင်းနေတဲ့ ဒေဝတာတန်ခိုး စွမ်းအားကို ကိုယ့်ဘာသာကိုယ် ဖော်ထုတ်တွေ့ရှိနိုင်ပြီး လူသားဟာ ဖန်ဆင်းရှင်နဲ့ တစ်သားတည်း ဖြစ်သွားလိမ့်မယ်တဲ့ဗျာ"

"ဟ ‥ လွန်လှချည်ကလား ကိုဟာသီရယ် ‥ ဟုတ်ရောဟုတ်နိုင်ပါ့မလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်း၏အပြောကြောင့် ကိုဟာသ်က အသံထွက်အောင် ပင် ပြုံးရယ်လိုက်ရင်း ‥

"ဟင်း ‥ ဟင်း။ ဖြစ်နိုင်ပါတယ်ဗျ။ ကူးပြောင်းရောက်ရှိလာမယ့် ကုမ်ရာသီရဲ့ နိမိတ်ပုံက 'ရေ'လေဗျာ။ လူသားရဲ့ မျိုးရိုးဗီဇကို ဖန်တီးတဲ့အရာ (ယခုခေတ် သိပ္ပံအခေါ်အဝေါ် အားဖြင့် DNA ကို ဆိုလိုခြင်းဖြစ်သည်)ဟာ ရေထဲမှာမှ ရှင်သန်တာလေ"

"ဟင် ‥ အဲဒီတော့ ဘာဖြစ်မှာလဲ"

"ကုမ်ရာသီရဲ့ရေဟာ လူ့မျိုးရိုးဗီဇအသစ်ကို ဖန်တီးလိမ့်မယ်ဗျို့။ ဒါကြောင့် ပီရူးဗမ္မိရပညာရှင်တွေက ဟောကိန်းထုတ်ထားကြတယ်။ ၂၀၁၂ ခုနှစ်အလွန်ကာလကျရင် လူသားမျိုးနွယ်အသစ်တစ်ရပ်ပေါ်ထွန်းလိမ့်မယ်တဲ့။ အဲဒါကို Homo Luminous လို့ နာမည်ပေးထားကြတယ်"

"ဘယ်လို ‥ ဘယ်လို ‥ Homo Luminous ဟုတ်လားကိုဟာသ်"

အိုင်အိုထွန်းအုပ်က နားထွေးသွားဟန်နှင့် မေးလိုက်၏။

"ဟုတ်တယ်လေ ‥ လူသားအဖြစ် စတင်ဖွံ့ဖြိုးလာမယ့် မတ်တတ်သွားပရိုင်းမိတ်တွေကို Homo Erectus လို့ ခေါ်တယ်။ အသိဉာဏ်ရော၊ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံရော ခင်များတို့၊ ကျုပ်တို့ ပုံစံအတိုင်း ဖြစ်လာတဲ့အဆင့်ကိုတော့ Homo Sapiens လို့ ခေါ်တယ်။ ဟော ‥‥ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ ပေါ်ပေါက်လာမယ့် လူသားတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ ကျုပ်တို့ထက် အဆမတန်သာလွန်တဲ့ ႉ ဉာဏ်ရည်က စကြဝဠာအဆင့်မီအောင် မြင့်မားတဲ့ လူသား Homo Luminous တွေတဲ့ဗျ။ ကျုပ် စိတ်ထင်ပြောရရင် ယေရှုခရစ်တို့လို၊ ကရစ်သျှနားတို့လို မဟာလူသားတွေ ပေါ်ထွန်းလာလိမ့်မယ် ထင်ပါရဲ့ဗျာ"

"တောက် ႉ ခင်ဗျား ပြောသလိုဆို အဲဒီလို မဟာလူသားတွေ ပေါ်ထွန်းလာမယ့် ၂၀၁၂ ကျော်ကျော် အချိန်အထိ ကျုပ် အသက်ရှင်နေလိုက်ချင်စမ်းပါဘိတော့ဗျာ"

ဟု ဦးဖေသိန်းက ရေရွတ်ပြောဆိုလိုက်၏။ ထိုစဉ် ရန်ချိုက ႉ

"ဟော ႉ ဟော ႉ ဆရာကိုဟာသ်ာရေ၊ သာကျော် သတိရလာပြီဗျို့"

ရန်ချို၏အသံကြောင့် ကိုဟာသ်ာတို့က သာကျော် လှဲအိပ်နေရာဆီသို့ လှည့်ကြည့်လိုက်ကြ၏။ သာကျော်က ခေါင်းကို နှိပ်ကာ မျက်မှောင်ကုတ်ရင်း လူးလွန့်နေသည်။ ရုတ်တရက် လှဲနေရာမှ ထထိုင်လိုက်ရင်း ဘေးဘီဝဲယာကို စောင်းငဲ့ကြည့်သည်။ ထို့နောက် မျက်လုံးကို ပြန်မှိတ်ပြီး ခေါင်းကို ခါယမ်းလိုက်၏။ ကိုဟာသ်ာတို့ သာကျော့်အနားသို့ ရောက်သွားသောအခါ သာကျော် ႉ

"ဟင် ႉ ကျွန်တော် ႉ ကျွန်တော် ႉ ဘယ်ရောက်နေတာလဲဗျာ"

ဟု မေးလိုက်ရာ ကိုဟာသ်ာက ႉ

"ဘာမှမကြောက်နဲ့ သာကျော်ရေ ႉ မင်းကို၊ မင်းနဲ့ဒုက္ခတွေအားလုံးကနေ ကယ်တင်ပေးမယ့်လူတွေလက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီလို့သာ သဘောထားလိုက်။ ဟုတ်ပြီလား''

"ခင်ဗျား ·· ခင်ဗျားတို့က ဘယ်သူတွေလဲ။ ကျွန်တော်ကရော အခု ဘယ်မှာ ရောက်နေတာလဲဟင်''

"အခု မင်းရောက်နေတဲ့နေရာက ယောချောင်းကို မျက်နှာမူထားတဲ့ ဘုရားတောင်ကုန်းတစ်ခုပေါ်မှာပဲ။ ငါတို့ ဘယ်သူ ဘယ်ဝါဆိုတာ အရေးမကြီးပါဘူး။ အရေးကြီးတာက မင်းကို ဝတ်စုံနီနဲ့လူကြီးပေးသွားတဲ့ အိုး ၄ လုံးက ဘယ်မှာလဲဆိုတာပဲ။ အဲဒါ ငါတို့ကို မင်း ပြောပြစမ်း''

ကိုဟသ်ာ၏ ခပ်ဆတ်ဆတ်အမေးကြောင့် သာကျော်က တုန်လှုပ်သွားပြီး ယောင်တိယောင်မှားဖြင့် ···

"အဲဒါ ဘုရားညောင်ရေအိုးတွေလေ။ အဲဒီတော့ ဘုရားစင်မှာပဲ ထားတာပေါ့ဗျ။ အဲ ·· အဲ ဒါပေမဲ့ ကျွန်တော် ဟိုလူ လက်ချက်နဲ့ ခေါင်းထဲ မိုက်ခနဲဖြစ်သွားပြီးတဲ့နောက်မှာတော့ ဘာမှ မမှတ်မိတော့ပါဘူးဗျာ''

ကိုဟသ်ာက ခေါင်းကို တစ်ချက်နှစ်ချက် ဆတ်ခါဆတ်ခါ ညိတ်လိုက်ရင်း ··

"ကဲ ·· လာ ·· သာကျော်။ မင်းအိမ်ကို သွားကြစို့''

"နေ ·· နေစမ်းပါဦး။ ခင်ဗျားတို့ ဘယ်သူတွေဆိုတာလဲ ကျွန်တော့်ကို ပြောပြဦးမှပေါ့''

ကိုဟသ်ာက သူ့အပြောကို မည်သို့မျှ ပြန်မဖြေဘဲ ဘုရားကုန်းတော်အောက်သို့ ဆင်းရန် ခြေလှမ်းပြင်လိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ကိုဟသ်ာတို့အဖွဲ့က သာကျော်တို့ အိမ်ဝင်းထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း သာကျော်၏ဇနီးဖြစ်သူ မယ်ခင်က ပြေးထွက်လာပြီး ..

"ရှင် .. ရှင် ကိုသာကျော် .. ဟို .. ဟို"

ထစ်ထစ်အအဖြစ်နေသော မယ်ခင်ကို သာကျော်က ပခုံးမှဖေးမကာ ..

"မယ်ခင် .. ဘာမှမစိုးရိမ်နဲ့တော့။ ငါ အခုနေကောင်းသွားပြီ"

"ရှင် .. ဟုတ် ... ဟုတ်ရဲ့လား ကိုသာကျော်ရယ်။ ဘယ်လိုက ဘယ်လိုဖြစ်ပြီး ပြန်ကောင်းသွားတာလဲ"

ဟုပြောရင်း သာကျော့်နောက်တွင် ပါလာသည့် ကိုဟသ်ာတို့လူသိုက်ကို လှမ်းကြည့်လိုက်၏။ သာကျော်အား ..



www.burmeseclassic.com

www.burmeseclassic.com



"ငါ နောက်မှပဲ အေးအေးဆေးဆေး ရှင်းပြပါ့မယ် မိန်းမရယ်။ ဒါနဲ့ ငါ မအူပင်က ယူလာတဲ့ပန်းအိုးလေးတွေရော"

သာကျော့်အမေးကြောင့် မယ်ခင့်မျက်နှာ ကွက်ခနဲ ပျက်သွား၏။ သူမပုံစံက လူစိမ်းများရှေ့တွင် ပြောသင့်၊ မပြောသင့် ချိန်ဆနေဟန်ရှိသည်။ သာကျော်က စိတ်မရှည်သကဲ့သို့ အလျင်စလိုလေသံနှင့် ..

"မြန်မြန်ပြောစမ်းပါ မယ်ခင်ရဲ့ .. အရေးကြီးလို့ပါ"

ဆိုသောအခါတွင်မှ မဝံ့မရဲနှင့်

"အဲ .. အဲဒီပန်းအိုးလေးတစ်လုံးက ကျကွဲသွားပြီး အထဲက ကျောက်တုံးမည်းမည်းလေး ထွက်ကျလာတယ်တော့် ..။ အဲဒီအချိန်မှာပဲ တရုတ်အဘိုးကြီးတစ်ယောက် ရောက်လာပြီး ဟို .. ဟို"

သူမ၏စကားမဆုံးခင်မှာပင် ရန်ချိုက ..

"အဲဒီအဘိုးကြီးနာမည်က ကောက်ပို့မဟုတ်လား"

ဟု မေးလိုက်သည်။ မယ်ခင်က အံ့သြသွားပြီး ..

"ရှင် ! ဟုတ် .. ဟုတ်ပါတယ်ရှင်"

ထိုအဖြေစကားကြောင့် ရန်ချိုက ..

"ဆရာကိုဟသ်ာရေ .. Tiponi ကျောက်တုံးလေးတွေတော့ ကောက်ပို့လက်ထဲ ပါသွားပြီဗျို့"

ဟု စိတ်ပျက်လက်ပျက်ဖြင့် ညည်းတွားလိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ညနေဆည်းဆာ၏ ကောင်းကင်သည် ပုစွန်ဆီရောင်တောက်ပစွာဖြင့် လှနေလေ၏။ ယောချောင်းရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော ညနေခင်း လေနုအေးလေးများကြောင့် စေတီစိန်ဖူးတော်ရှိ ခေါင်းလောင်းလေးများ၏ တချွင်ချွင်မြည်သံများသည် သာယာနာပျော်ဖွယ် ကောင်းလှပါပေသည်။

ရှင်နေမင်း၏ ရွှေဝါရောင်အလင်းစက်များကြောင့် ယောချောင်း ရေပြင်တွင် ရွှေမှုန်များ ကြဲပက်ထားသကဲ့သို့ ရွှေရောင်တလက်လက်တောက်ပနေလေ၏။ မကြာမီ ဟိုးမိုးကုပ်စက်ဝိုင်းအနားသတ်တွင် လိမ္မော်ရောင်နေလုံးကြီးက ပင်လယ်ထဲသို့ ငုပ်လျှိုးပျောက်ကွယ်ရန် တာစူနေလေပြီ။

ကိုဟ္မာသိတို့က လေတဟူးဟူးတိုက်နေသည့် ဘုရားကုန်းတော်အစပ်မှနေ၍ ယောချောင်းရေပြင်ကို ငေးကြည့်နေကြ၏။ သူတို့၏ စိတ်များသည်ကား ထိုင်းမှိုင်းနောက်ကျိနေကြလေသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း မည်သည့်စကားတစ်ခွန်းမှ မဆိုဖြစ်ကြဘဲ ချောင်းရေပြင်ကိုသာ အဓိပ္ပာယ်မဲ့ စူးစိုက်ကြည့်နေမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် အားလုံး တိတ်ဆိတ်နေရာမှ ဦးဖေသိန်းက ..

"ဒီမယ် .. ကိုဟာသံ၊ ကျုပ်အကြံတစ်ခု ပေးချင်တယ်ဗျာ။ Tiponi ကျောက်တုံးလေးတွေက ၈ စုံပြည့်မှ ကမ္ဘာမြေကြီးကို ပျက်သုဉ်းသွားအောင် လုပ်နိုင်မှာ မဟုတ်လား။ ဒီတော့ ခင်ဗျားလက်ထဲမှာ ရှိတဲ့ ကျောက်တုံး ၄ တုံးကို ဖျက်ဆီးပစ်လိုက်ဗျာ။ ဒါဆိုရင် Hopi တွေရဲ့ နောင်တော်ကြီးလည်း ကျန်တဲ့ ကျောက်တုံး ၄ စုံနဲ့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး"

"ဟုတ်တယ် .. ဟုတ်တယ် .. ကိုဟာသံ"

အိုင်အိုထွန်းအုပ်ကလည်း အားတက်သရော ထောက်ခံလိုက်၏။ ထိုအခါ ကိုဟာသံက သက်ပြင်းတစ်ချက် ခပ်လေးလေးချပြီး သူ့အိတ်ထဲမှ ကျောက်တုံး ၄ စုံကို ထုတ်ယူပြီး စိုက်ကြည့်လိုက်သည်။ ထို့နောက် သူက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်ရင်း ..

"ကျုပ် မဖျက်ဆီးပစ်ရက်ပါဘူးဗျာ။ ဒီကျောက်တုံး ၄ စုံကို ကျုပ်အနေနဲ့ ဉာဏ်မမီလို့ အပြည့်အဝ နားမလည်သေးပေမဲ့ ၂၀၁၂ ကျော်ကျော်ကာလတွေမှာ အင်မတန်မှ ဉာဏ်ကြီးတဲ့ မဟာလူသားတွေ ပေါ်ပေါက်လာတဲ့အခါကျရင် ဒီကျောက်တုံးထဲမှာ ရှိနေတဲ့ ပညာတွေဟာ လူသားတွေအတွက် အများကြီး တန်ဖိုးရှိလိမ့်မယ်လို့ ကျုပ်တော့ ယုံကြည်တယ်။ အဲဒီတော့ ဒီကျောက်တုံးတွေကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက် မတိုင်ခင် ကမ္ဘာကို ဖျက်ဆီးချင်နေတဲ့သူတွေ လက်ထဲ ရောက်မသွားအောင် ဘုရားစေတီတစ်ခုခုထဲမှာ ဌာပနာပြီး ပိတ်ထားလိုက်တော့မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရန်ချိုက ဝမ်းနည်းနာကျင်နေသည့် လေသံဖြင့် ..

"ဆရာရယ် .. မတော်တဆ မပြောကောင်းပြောကောင်း ဒီဇင်ဘာ ၂၁ ရက် မတိုင်ခင် လျှေင်တွေ၊ ဘာတွေ လှုပ်ပြီး ဥပနာတိုက် ပွင့်သွားလို့ အဲဒီကျောက်တုံးလေးတွေကို သူတို့ ရသွားကြရင်ရော .."

"အဲဒါဆိုလည်း ကမ္ဘာကြီးရဲ့ ကံကြမ္မာ၊ လူသားတွေရဲ့ ကံကြမ္မာ ပဲလို့ သဘောထားရတော့မှာပေါ့ကွာ"

ဟု ပြောလိုက်ရင်း ကိုဟာသ်ာက မိုးကုပ်စက်ဝိုင်းအစပ်ဆီသို့ တစ်ဝက်တိတိ နစ်မြုပ်သွားပြီဖြစ်သော နေလုံးကြီးကို ငေးကြည့်မြဲ ငေးကြည့်နေလေတော့သည်။

* * *

BURMESE CLASSIC

သတိုးတေဇ



www.burmeseclassic.com